# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## သံသရာ

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကိုမသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကိုမတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည် ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။

ဗာလဝဂ်(ဓမ္မပဒ-၆၀)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ သောကြာနေ့ | အတွဲ (၅၆)၊ အမှတ်(၃၀၅)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီသီယိုပီးယား သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီအား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

(သတင်းစဉ်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီအား လက်ခံတွေ့ဆုံစဉ်**

(သတင်းစဉ်)

# ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့နှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံ




**သတင်း - ရဲခေါင်ညွန့်**

**ဓာတ်ပုံ - အောင်အောင်(ချင်းမိုင်)**

**ချင်းမိုင် ဩဂုတ် ၃**

ငြိမ်းချမ်းရေးကော်မရှင်ကိုယ်စားလှယ်အဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် PPWT (ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့) ကိုယ်စားလှယ်တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရေးအတွက် လုပ်ငန်းကြိုတင်ညှိနှိုင်းသည့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ Amora Tapae Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးခင်ဇော်ဦးနှင့် PPWT


*စာမျက်နှာ ၁၀ ကော်လံ ၁* ✻


**ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အနီးနှင့် မန္တလေးမြို့ မဟာမုနိဘုရားကြီးနယ်မြေတို့တွင် ဆန့်ကျင်သပိတ်မှောက်ပွဲများ ပြုလုပ်ခဲ့မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ သံဃနာယက အဖွဲ့များက သပိတ်မှောက်မှုတွင်ပါဝင်သည့် ဦးဆောင်သံဃာတော်များအား သပိတ်စခန်းများ ဖယ်ရှားရေး ဩဝါဒပေး**


၈၁ - ၁၀


**မန္တလေးမြို့၌ မြေသားပြုပြင်ရာမှ ကျောက်စိမ်းများ တွေ့ရှိသည်ဟုဆိုကာ လာရောက်တူးဖော်နေမှုအား ရဲတပ်ဖွဲ့က လုံခြုံရေးယူကာ တားမြစ်**


၈၁ - ၁၁





မြန်မာ့အလင်း

# ရာသီတုပ်ကွေးနောက်က ကြက်ငှက်တုပ်ကွေး

ယခုနှစ်ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm 2009) စတင်ဖြစ်ပွားပြီး မရှေးမနှောင်းမှာပင် ကြက်ငှက်တုပ်ကွေး H5N1 ကျရောက်သည့်သတင်းများ ထွက်ပေါ်လာသည်။ ရာသီတုပ်ကွေး H1N1 သည် ၂၀၀၉ ခုနှစ်မတိုင်မီက ဝက်များတွင်ဖြစ်ပွားသည့် တုပ်ကွေးဖြစ်ခဲ့သည်။ ယင်းနောက်မှာမှ လူသို့ကူးစက်ခဲ့ပြီး လူသားအချင်းချင်း ကူးစက်သည့် ရာသီတုပ်ကွေးအဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကြက်ငှက်တုပ်ကွေး H5N1မှာမူ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်က စတင်ဖြစ်ပွားခဲ့ပြီး နှစ်စဉ်ကျရောက်ခဲ့ရာ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အထိ ရှစ်ကြိမ်ကျရောက်ခဲ့ပြီးဖြစ်သည်။ ကြက်ငှက်တုပ်ကွေးရောဂါတွင် A, B, C ဟူ၍ အုပ်စုသုံးစုရှိသည့်အနက် အုပ်စု A မှာ လူနှင့်တိရစ္ဆာန်တို့တွင် အများဆုံးဖြစ်ပွားနိုင်သည်။ ကြက်ငှက်တို့မှတစ်ဆင့် လူသားသို့ကူးစက်နိုင်သည်။ ကူးစက်ခံရပါက အသက်အန္တရာယ်ဖြစ်ပွားမှုနှုန်း မြင့်မားသည့် တုပ်ကွေးမျိုးလည်းဖြစ်သည်။ ကြက်ငှက်တုပ်ကွေး လူနှင့် ကြက်၊ ဘဲ၊ ငုံးစသည်တို့သို့ ကူးစက်ပြန့်ပွားခြင်း မရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရန်အချက်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အသိပေးနှိုးဆော်မှုများ ပြုလုပ်လျက်ရှိသည်ကို သတိမူကြရန်လိုသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် ကမ္ဘာအနှံ့တွင် ရာသီမရွေး ဖြစ်ပွားနေခြင်းကြောင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊ ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ အရှင်ရောင်းချသည့် ဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်းကို ပုံမှန်ပြုလုပ်ရန်၊ မွေးမြူရေးခြံအတွင်းဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများစနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များ ကိုင်တွယ်ပြီးတိုင်း၊ ခြံမှပြန်ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊ ကြက်ငှက်အသား၊ ဥတို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်၊ ကြက်ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက နှိုးဆော်တိုက်တွန်းထားသည်။

လက်ရှိအခြေအနေတွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွားရာ ဒေသများတွင် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများတွင်လည်း မျက်ခြည်မပြတ် စောင့်ကြည့်ကာ ခြံ၏ဇီဝလုံခြုံရေးအတွက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကြက်ငှက်တုပ်ကွေးရောဂါစတင်ဖြစ်ပွားခဲ့သည့် ၂၀၀၃ ခုနှစ်မှစ၍ ယခုနှစ် ဇူလိုင်လလယ်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၁၆ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှု ၈၅၉ ကြိမ်ရှိခဲ့ပြီး သေဆုံးသူ ၄၅၃ ဦးရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏မှတ်တမ်းများတွင် ဖော်ပြထားရာ လူသို့ကူးစက်မလာရန်အတွက် ဂရုစိုက်ရမည့်ရောဂါတစ်ခု ဖြစ်သည်။ တစ်ဖက်တွင်လည်း မွေးမြူရေးခြံများတွင် ကူးစက်မှုကျရောက်လာပါက စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှုများ ကြီးမားနိုင်သည့်အလျောက် ကြက်ငှက်တုပ်ကွေးရောဂါတားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသားရေးအသွင်ဖြင့် ပါဝင်ကြရန် လိုအပ်သကဲ့သို့ ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဝေနေသည့် ကောလာဟလများ၊ သတင်းအမှားများကြောင့် အထိတ်တလန့်မဖြစ်စေဘဲ လုပ်သင့်လုပ်ထိုက်သည်တို့ကို အမြော်အမြင်ရှိစွာ သတိသမ္ပဇဉ်ဖြင့် ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

## ဟိုပုံးမြို့၌ ရာသီတုပ်ကွေးရောဂါ ကာကွယ်ရေးအသိပညာပေး

**ဟိုပုံး ဩဂုတ် ၃**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ရာသီတုပ်ကွေး H1N1ရောဂါ ကူးစက်မှုမရှိစေရေးအတွက်အသိပညာပေးကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ဩဂုတ် ၂ ရက်က ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနန်းတင့်ကြီးကြပ်မှုဖြင့် မြို့နယ်ဆရာဝန်ကြီးဒေါက်တာ မောင်မောင်သိန်း ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်မိခင်နှင့် ကလေးအသင်းဝင်များက မြို့နယ်စည်ပင်သာယာရေး မြို့မဈေးလမ်းအဝင်၊ မြို့မဈေးကြီးအတွင်း သွားလာနေသောပြည်သူများ၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်မောင်းနှင်သူများကို အသိပညာပေးလက်ကမ်း စာစောင်များနှင့် နှာခေါင်းစည်း ၂၀၀၀ တို့ကိုလည်းအခမဲ့ဖြန့်ဝေ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# ဗန်ကောက်မြို့ မြန်မာသံရုံးအဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးအဆောက်အအုံသစ် တရားဝင်ဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီ ၄၅မိနစ်တွင် အဆောက်အအုံသစ်တည်ရှိရာ အမှတ် ၁၁၀ မြောက်ဆာထွန်လမ်း၌ ကျင်းပသည်။**




သံရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗီရာဆတ်ဒီဖူထရာကူးလ်၊ ထိုင်းနိုင်ငံအစိုးရမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့် အရာရှိကြီးများ၊ ဗန်ကောက်မြို့ရှိ ပြည်ပသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗီရာဆတ်ဒီဖူထရာကူးလ်နှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းတို့က မြန်မာသံရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီးနောက် သံရုံးအဆောက်အအုံသစ်၏ ဆိုင်းဘုတ်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြသည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗီရာဆတ်ဒီဖူထရာကူးလ်တို့က အဖွင့်မိန့်ခွန်းများ ပြောကြားကြသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ၁၉၄၈ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် သံတမန်အဆက်အသွယ်စတင်ထူထောင်ခဲ့ပြီး ယင်းနေ့မှာပင် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးကို တရားဝင်ဖွင့်လှစ်ခဲ့သည်။ ယခုဖွင့်လှစ်သည့် နိုင်ငံတော်ပိုင် သံရုံးအဆောက်အအုံသစ်သည် ငါးထပ်အဆောက်အအုံဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းများကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှစတင်ခဲ့ရာ ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်တွင် တည်ဆောက်မှုလုပ်ငန်းများအားလုံးပြီးစီးခဲ့သည်။ ထိုသို့ သံရုံးအဆောက်အအုံသစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် မြန်မာသံရုံးအနေဖြင့် ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၏ ကောင်စစ်ရေးရာကိစ္စရပ်များကို ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ရမည်းသင်း၌ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း BPI ဆေးဝါးအရောင်းဆိုင်ဖွင့်

**ရမည်းသင်း ဩဂုတ် ၃**



မန္တလေးတိုင်းဒေသကြီးရမည်းသင်းမြို့ ရန်ကုန်-မန္တလေးကားလမ်းမရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ရမည်းသင်းခရိုင်(ရုံးခွဲ)၌ ဩဂုတ် ၁ ရက်က BPI ဆေးဝါးအရောင်းဆိုင် (ရမည်းသင်း)ဖွင့်ပွဲအခမ်းအနားကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မင်းညိုနှင့် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးထွဋ်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲတွင်တက်ရောက်လာသော တာဝန်ရှိသူများကဆေးဆိုင်အတွင်း လှည့်လည်ကြည့်ရှုကြပြီး စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးဦးစီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းရန်ကုန်(အင်းစိန်)စက်ရုံမှ ထုတ်လုပ်သည့် BPI အိမ်သုံးဆေးဝါးအရောင်းဆိုင် (ရမည်းသင်း)ဆိုင်တွင် အိမ်သုံးဆေးဝါးအမျိုး ၂၀ ကို ပြည်သူများ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်နှင့် ဈေးနှုန်းသက်သာစွာဖြင့် မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၃-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ | ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ | ·၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၂၁ |
| တရုတ် | တစ်ယွမ် | ၂၀၂ | ·၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ·၄၈ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Eduardo E. Kapunan Jr. အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဖိလစ်ပိုင်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Eduardo E. Kapunan Jr. တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)



# တစ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများအား တစ်နိုင်ငံက သိရှိတန်ဖိုးထားနိုင်ရေးအတွက် အပြန်အလှန်သတင်းဖလှယ်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mohammad Sufiur Rahman နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံပြည်သူများအကြား နားလည်မှုပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် တစ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများအား တစ်နိုင်ငံက သိရှိတန်ဖိုးထားနိုင်ရေးအတွက် အပြန်အလှန်သတင်းဖလှယ်ရေး၊ ခရီးစဉ်ဖလှယ်ရေး အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# အာဆီယံထူထောင်မှု နှစ်(၅၀)ပြည့်အထိမ်းအမှတ် ရိုးရာအကပြိုင်ပွဲ အခမဲ့ကြည့်ရှုနိုင်

**ရန်ကုန် ဩဂုတ် ၃**

အာဆီယံထူထောင်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဩဂုတ် ၇ ရက်တွင် အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲ "ASEAN Traditional Dance Competition" ကျင်းပသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီက အမျိုးသားဇာတ်ရုံ၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

စာနယ်ဇင်းရှင်းလင်းပွဲ၌ ဩဂုတ် ၈ ရက်တွင် ကျရောက်မည့် အာဆီယံအသင်းကြီး ထူထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည့် နှစ်(၂၀) ပြည့်မြောက်သည့် အခါသမယလည်းဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ အသီးသီးတွင်လည်း နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်ကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်း အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲကို ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံမှ အနုပညာရှင်များ၏ အရည်အသွေးကို အာဆီယံနိုင်ငံများက အသိအမှတ်ပြုစေရန် ရည်ရွယ်ကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက ပြောကြားသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခ/ဌာနမှူး (ဂီတ)တေးရေး/တေးဆို ဦးမောင်မောင်ဇော်ထက်(ခ)ဓိရာမိုရ်က "အာဆီယံထူထောင်မှု နှစ်(၅၀)ပြည့်အထိမ်းအမှတ် ထူးထူးခြားခြား ဆောင်ရွက်တဲ့ပွဲဖြစ်တဲ့အတွက် ပြည်သူတွေ စိတ်ဝင်စားကြမှာပါ။ အာဆီယံနိုင်ငံတွေ အချင်းချင်း ရင်းနှီးမှု၊ နားလည်မှုကို အခြေခံတဲ့ပွဲလည်းဖြစ်ပါတယ်"ဟု ပြောသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ/ ဌာနမှူး (သဘင်)ဦးသိုက်ထွန်းက "တေးသီချင်းစိစစ်ရွေးချယ်ရေးကော်မတီက မှုန်ရွှေရည် တေးသီချင်းကို ရွေးချယ်ထားတယ်။ အဲဒီတေးသီချင်းနဲ့ ကျောင်းသူသုံးဦးက ယှဉ်ပြိုင်မယ်"ဟု ပြောသည်။

အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲအတွက် မြန်မာနိုင်ငံရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံ သံရုံးများအား ဖိတ်ကြားထားပြီး အကဲဖြတ်ပညာရှင်များကိုလည်း သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံ သံရုံးများက သတ်မှတ်ပေးသည့် ပညာရှင်များက အကဲဖြတ်သွားမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ဩဂုတ် ၇ ရက်တွင် ကျင်းပမည့် အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲကို မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်း-မင်းသစ် (MNA)**

# Mr. Emilio De Miguel Calabia အား မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် Mr. Emilio De Miguel Calabia အား ဗန်ကောက်မြို့အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော စပိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

Mr. Emilio De Miguel Calabia ကို ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဥပဒေဘာသာရပ်ဘွဲ့ကိုရရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် စပိန်နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ယင်းနောက် စပိန်နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနအပါအဝင် ကင်မရွန်းနိုင်ငံ၊ ဘိုလီဗီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံတို့ရှိ စပိန်သံရုံးများနှင့် ဖိလစ်ပိုင်နိုင်ငံရှိ စပိန်ကောင်စစ်ဝန်ချုပ်ရုံး၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် Mr. Emilio De Miguel Calabia သည် ထိုင်းနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာနေ့နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း

**နေပြည်တော် ဩဂုတ် ၃**

မြန်မာ့ကျောက်မျက်ရတနာနေ့နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်က မြန်မာနိုင်ငံသည် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာအစရှိသည့် ကျောက်မျက်ရတနာများ ပေါများစွာထွက်ရှိသည့်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ယခင်က ကျောက်မျက်ရတနာနေ့ဟူ၍ သတ်သတ်မှတ်မှတ် ကျင်းပခဲ့ဖူးခြင်း မရှိသေးပါကြောင်း၊ ကျောက်မျက်ရတနာများ မထွက်ရှိသော်လည်း ကျောက်မျက်ဈေးကွက်ရှိသည့်နိုင်ငံများတွင် ကျောက်မျက်ရတနာနေ့ဆိုသည်ကို စည်ကားစွာ ကျင်းပလျက် ရှိနေကြကြောင်း၊ ကျောက်မျက်ရတနာများကို ဂုဏ်ပြုသည့်အနေဖြင့် ကျောက်မျက်ရတနာများထွက်ရှိသည့် မြန်မာနိုင်ငံ၌ ယနေ့ ဩဂုတ် ၃ ရက်ကို ကျောက်မျက်ရတနာနေ့အဖြစ် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း စတင်တည်ထောင်သည့် ဩဂုတ် ၃ ရက်ကို အစွဲပြု၍ သတ်မှတ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်၊ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးသာထွန်းနှင့် ဦးမောင်မောင်ဆန်း၊ တွဲဖက်အတွင်းရေးမှူး ဦးလှစိုးဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**



# မိုးပိုလာမည်

**နေပြည်တော် ဩဂုတ် ၃-** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# မြန်မာ - ဂျပန် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်နိုင်ငံ NPO Asia Environmental Technology Promotion Institute မှ Executive Director, Mr. Akio Kawakami အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် NPO Asia Environmental Technology Promotion Institute ၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ၌ ပြုလုပ်မည့် 3rd Industrial Human Resources Development Symposium သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ရေးကိစ္စ၊ မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဂျပန်နိုင်ငံ NPO Asia Environmental Technology Promotion Institute မှ Executive Director, Mr. Akio Kawakami အား တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# တရားရုံးအဆင့်ဆင့်က မှန်မှန်ကန်ကန်နှင့် အဂတိတရားများမလိုက်စားဘဲ ဖြေရှင်းနိုင်မှသာ ပြည်သူများ ယုံကြည်မှုအပြည့်အဝရရှိမည်

နေပြည်တော်  ဩဂုတ်  ၃

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။** (အောက်ပုံ)




ပြည်ထောင်စုတရားသူကြီးချုပ်က တရားစီရင်ရေးလွတ်လပ်မှုသည် တရားဥပဒေစိုးမိုးရေးတွင် အခြေခံလိုအပ်ချက်ဖြစ်ပြီး မျှတသောတရားစီရင်မှု၏ အဓိကအာမခံချက်လည်း ဖြစ်ကြောင်း၊ တရားသူကြီး တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း တရားစီရင်ရေး လွတ်လပ် မှုကို ထိန်းသိမ်းရမည့်အပြင် တရားစီရင်ရေး လွတ်လပ်မှုရှိကြောင်းကိုလည်း စံနမူနာပြဖြစ်စေရမည် ဖြစ်ကြောင်း။

ထို့ကြောင့် တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာရန်၊ တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာရန်အတွက် ဆောင်ရွက်သွားကြရန်နှင့် တရားရုံးလုပ်ငန်းဆောင်တာများအပေါ်တွင်လည်း ယထာဘူတကျကျ အကဲဖြတ်သုံးသပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ထို့ပြင် လွတ်လပ်မှု၊ သာတူညီမျှမှု၊ စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု၊ သမာသမတ်ကျမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ဂုဏ်သိက္ခာရှိမှုတို့သည် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်များ၌ လိုအပ်သည့် အရည်အသွေးစံနှုန်းများ ဖြစ်ကြောင်း၊ ယင်းအရည်အသွေးစံနှုန်းများကို တရားစီရင်ရေးကျင့်ဝတ်၏ အခြေခံမူများအဖြစ် စံသတ်မှတ်ပြီး မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်စာအုပ်ကို ထုတ်ပြန်ခဲ့ကြောင်း၊ ထိုသို့ ထုတ်ပြန်လိုက်သည့် တရားစီရင်ရေးကျင့်ဝတ်များကို တရားစီရင်ရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် လိုက်နာကျင့်သုံးခြင်းဖြင့် မှန်ကန်မျှတစွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်**တွင် ရာဇဝတ်အမှုပေါင်း ၇၅၄ မှု လက်ခံရရှိပြီး ၆၂၃ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၁၈၃ မှု လက်ခံရရှိပြီး ၉၈၈ မှု စစ်ဆေးပြီးပြတ်ကြောင်း။

ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၁၃၂ မှု လက်ခံရရှိပြီး ၉၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များ**တွင် ရာဇဝတ်အမှုပေါင်း ၂၉၆၉ မှု လက်ခံရရှိပြီး ၂၅၅၄ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၃၀၄၆ မှု လက်ခံရရှိပြီး ၂၄၈၂ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **ခရိုင်တရားရုံးများ**တွင် ရာဇဝတ်အမှုပေါင်း ၉၇၃၀ မှု လက်ခံရရှိပြီး ၈၃၂၀ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၆၆၇၀ မှု လက်ခံရရှိပြီး ၅၁၈၈ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မြို့နယ်တရားရုံးများ**တွင် ရာဇဝတ်အမှုပေါင်း ၁၇၉၁၉၇ မှု လက်ခံရရှိပြီး ၁၆၉၀၆၁ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၄၅၆၉ မှု လက်ခံရရှိပြီး ၁၀၆၃၇ မှု စစ်ဆေးပြီးပြတ်ကြောင်း။

ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့် မန္တလေး) တွင် ကလေးသူငယ်ဥပဒေအရစွဲဆိုတင်ပို့သည့် အမှုပေါင်း ၂၀၃ မှု လက်ခံရရှိပြီး ၁၇၀ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၁၄၆၃ မှု လက်ခံရရှိပြီး ၁၁၄၂၉ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၇၄၀၇၉ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း။

ထို့ကြောင့် တရားရုံးများကို အားကိုးအားထားပြုပြီး လာရောက်တိုင်တည်ဖြေရှင်းနေရသော ပြည်သူများ ကြုံတွေ့နေရသည့်မှုခင်းများကို တရားရုံးအဆင့်ဆင့်က တရားစီရင်ရေးလမ်းကြောင်းပေါ်မှ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်နှင့် အဂတိတရားများ မလိုက်စားဘဲ ဖြေရှင်းပေးနိုင်မှသာလျှင် ပြည်သူများ၏ ယုံကြည်ကိုးစားမှု အပြည့်အဝရရှိမည် ဖြစ်ကြောင်း ပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားရေးဦးစီးမှူးများ တက်ရောက်ကြသည်။ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒါးကမြစ်ရေကျဆင်း၍ စာသင်ကျောင်းများ ဩဂုတ် ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

**ကျောင်းကုန်း  ဩဂုတ်  ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၇ ပေအောက် တစ်လက်မ လျော့ကျသွားခဲ့ကြောင်း ဩဂုတ် ၃ ရက်က သိရသည်။ ယခုနှစ်တွင် စိုးရိမ်ရေမှတ်အထက် တစ်ပေမြင့်တက်ပြီး ၁၈ ပေမှ ပြန်လည်ကျဆင်းသွားခြင်းဖြစ်ကာ ယနေ့တိုင်းထွာချက်အရ ၁၆ ပေ ၁၁ လက်မရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးရုံးမှ သိရသည်။

ဒါးကမြစ်ရေဝင်ရောက်မှုကြောင့် ခေတ္တပိတ်ထားရသော စာသင်ကျောင်း ၂၃ ကျောင်းမှာ ဩဂုတ် ၅ ရက်တွင်ပြန်လည်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## အရေးပေါ်ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အလှူငွေပေးအပ်

**နေပြည်တော်  ဩဂုတ်  ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် အရေးပေါ်ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အသုံးပြုရန်အတွက် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် သမဝါယမဘဏ်လီမိတက် (CB Bank) မှ Vice Chairman ဒေါ်ခင်လှလှက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် လှူဒါန်းသည့်ငွေများကို အရေးပေါ်ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အလေအလွင့်မရှိဘဲ အကျိုးရှိရှိ ထိရောက်စွာအသုံးပြုသွားမည်ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ လှူဒါန်းမှုအတွက် အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



❖ *ကျောဖုံးမှ*

ယင်းနောက် အသင်းချုပ်ဥက္ကဋ္ဌ ဦးရုံးမူ မိသားစုက မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ကျောက်စိမ်းပန်းပုရုပ်တု ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ခံရယူသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ မြန်မာ့ကျောက်မျက်ရတနာနေ့ အထိမ်းအမှတ်ပြပွဲ၊ ပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်း၊ နိုင်ငံတော်သို့ ကျောက်စိမ်းနှင့် ကျောက်မျက်အများဆုံး တင်ပြရောင်းချခဲ့သည့် ကုမ္ပဏီများစာရင်း၊ အခွန်အများဆုံးထမ်းဆောင်ခဲ့သည့် ကုမ္ပဏီများစာရင်းနှင့် ငွေအပြည့်အဝ ပေးချေ၍ ဝယ်ယူခဲ့သည့် ကုမ္ပဏီများ စာရင်းတို့ကို ထုတ်ပြန်ကြေညာသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းရှိ မြန်မာ့ကျောက်မျက်ရတနာနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် မြန်မာ့တပ်မတော်မှ ပညာတော်သင်များ ဂျပန်၌ ပညာသင်ကြားနေမှုတို့ ဆွေးနွေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ် **Admiral Katsutoshi KAWANO** တို့ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်

**နေပြည်တော် ဩဂုတ် ၃**

ဂျပန်နိုင်ငံ Nagaoka မြို့၌ အလုပ်သဘောချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Niigata ခရိုင်ဝန်ကြီး Mr. Yoneyama Ryu Ichi နှင့် Komeito ပါတီဥက္ကဋ္ဌ Mr. Natsuo YAMAGUCHI တို့က ယမန်နေ့ ညနေပိုင်းတွင် Hotel New Otani ရှိ အစည်းအဝေးခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲများတွင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နေမှု၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများ ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေမှုနှင့် ပညာတော်သင် သင်တန်းသားများ ပိုမိုစေလွှတ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဂျပန်-မြန်မာအသင်း ဥက္ကဋ္ဌ Mr.Hideo WATANABE က Hotel New Otani ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် Nagaoka မီးပန်းပွဲတော်ကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Nagaoka မြို့မှ Shinkansen ကျည်ဆန်ရထားဖြင့် ထွက်ခွာကြပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် Tokyo ဘူတာသို့ ရောက်ရှိကြသည်။

ယင်းနောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲပိုင်းတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ် (အငြိမ်းစား) ဗိုလ်ချုပ်ကြီး Shigeru IWASAKI က Hotel New Otani ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ် Admiral Katsutoshi KAWANO နှင့် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးအတွက် အဆင့်အလိုက် အပြန်အလှန်ချစ်ကြည်ရေးခရီး လည်ပတ်ရေး၊ မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာ့တပ်မတော်မှ ပညာတော်သင်များ ဂျပန်နိုင်ငံ၌ လာရောက်ပညာသင်ကြားနေမှု အခြေအနေများအား ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA က နိုင်ငံတော်ဧည့်ရိပ်သာ (State Guest House) ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာနေ့ အထိမ်းအမှတ်ညစာစားပွဲနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက်ရှစ်နိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌများ ညီလာခံအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

မြန်မာ့ကျောက်မျက်ရတနာနေ့ အထိမ်းအမှတ် ညစာစားပွဲနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက် ရှစ်နိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌများ ညီလာခံအထိမ်းအမှတ် $6^{th}$ AEC+8 Gems & Jewellery President´s Summit ဂုဏ်ပြုညစာစားပွဲကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။




အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌများ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ သယံဇာတဆိုင်ရာ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အာဆီယံနှင့် မိတ်ဖက် ရှစ်နိုင်ငံတို့မှ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ကျောက်မျက်အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို မြန်မာ့ရိုးရာအက၊ အာဆီယံအက တို့ဖြင့် ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးဌေးအောင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်း၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရုံးမူနှင့် တာဝန်ရှိသူများက အခမ်းအနား ဖြစ်မြောက်ရေးအတွက် ကူညီထောက်ပံ့ပေးသည့် ကုမ္ပဏီများ၊ မြန်မာ့ကျောက်မျက်ရတနာနေ့ အထိမ်းအမှတ် ကျောက်စိမ်းကျောက်မျက်နှင့် လက်ဝတ်ရတနာဒီဇိုင်းပြိုင်ပွဲတွင် ဆုရရှိကြသူများ ၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကျင်းပသည့် ကျောက်မျက်ရတနာပြပွဲများအတွင်း ကျောက်စိမ်းကျောက်မျက်အခွန်အများဆုံး ထမ်းဆောင်သူများ၊ ပြပွဲများတွင် ငွေအပြည့်ပေးချေ၍ အများဆုံးဝယ်ယူသူများနှင့် ပြပွဲများတွင် ကျောက်စိမ်းကျောက်မျက် အကြိမ်ရေအများဆုံး တင်ပြရောင်းချသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(သတင်းစဉ်)**

# မြို့တွင်း ယာဉ်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်

**ရေတာရှည် ဩဂုတ် ၃ -** ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ရန်ကုန်-မန္တလေးကားလမ်း ဖြတ်သန်းသွားသည့် လူစည်ကားရာနေရာများတွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှုမရှိစေရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေးပေါ်တွင် မောင်းနှင်သွားလာသော ကုန်တင်ယာဉ်နှင့် ယာဉ်ကြီး၊ ယာဉ်ငယ်များအနေဖြင့် မြို့တွင်းဖြတ်သန်းချိန်၌ သတ်မှတ်အမြန်နှုန်းဖြင့်သာမောင်းနှင်ရန် ဆောင်ရွက်ပညာပေးနေသော်လည်း လိုက်နာမှုအားနည်းနေသည့်အတွက် ရေတာရှည်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးကြည်ဖေ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက လမ်းမကြီးပေါ်ရှိ အထကကျောင်းရှေ့ ဈေးလမ်းဆုံနှင့် ဘူတာလမ်းဆုံများတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း (SITE)

**ကိုပြည့် (နည်းပညာနှင့်သက်မွေး)**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမှာ မြန်မာနိုင်ငံအတွက် အရေးတကြီးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် ကျွမ်းကျင်မှုကိုအခြေခံသော သက်မွေးပညာကဏ္ဍ အဆင့်မြင့်တိုးတက်လာရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများအကြား သက်မွေးပညာကဏ္ဍကိုတန်ဖိုးထား လက်ခံလာရေးတို့မှာ အလျင်အမြန်လုပ်ဆောင်ရမည့် အရေးကိစ္စများဖြစ်သည်။

ပြီးခဲ့သောနှစ် ဇူလိုင်လက နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်သင်ကြားရေး နှီးနှောဖလှယ်ပွဲ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သက်မွေးပညာကဏ္ဍ၏အရေးကြီးပုံနှင့် နိုင်ငံတကာတွင် အကောင်းဆုံးနှင့် အအောင်မြင်ဆုံးနိုင်ငံများမှ သက်မွေးပညာစနစ်များကိုစံနမူနာယူကြရန်၊ အောင်မြင်သော သက်မွေးပညာစနစ်တစ်ရပ်ဖြစ်ထွန်းရန်အတွက် Public-Private-Partnership(PPP) အရေးကြီးပုံနှင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးပုံတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ယင်းလမ်းညွှန်ချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ရန်ကုန်မြို့ နတ်မောက်လမ်း အမှတ် (၁၂၃)တွင် ဖွင့်လှစ်မည့် နိုင်ငံတကာအဆင့် စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း (School of Industrial Training and Education - SITE) အတွက် ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်သင်ကြားရေး ဦးစီးဌာနနှင့် Sea Lion Group တို့ ပူးပေါင်း ဆောင်ရွက်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ယင်းကျောင်းဖွင့်လှစ်မည့်နေရာ တွင် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

ကျောင်းဖြစ်မြောက်ရေးအတွက် ပညာရေးဝန်ကြီးဌာနဘက်မှ မြေနေရာနှင့် လက်ရှိအဆောက်အအုံပြုပြင်မွမ်းမံရေး၊ အဆောက်အအုံအသစ်များဆောက်လုပ်ရေးနှင့် ကျောင်းပရိဝုဏ်ပြုပြင်ရေး၊ အခြေခံအဆောက်အအုံများ၊ ပရိဘောဂများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ဝန်ထမ်းရွေးချယ်ခန့်ထားရေးနှင့် ကျောင်းဖွင့်လှစ်လည်ပတ်ရေးအတွက် ကုန်ကျစားရိတ်များကို တာဝန်ယူမည်ဖြစ်ပြီး Sea Lion နှင့် ၎င်း၏ နိုင်ငံတကာမိတ်ဖက်များဖြစ်သော ဂျာမနီနိုင်ငံအခြေစိုက် Festo Didactic၊ ဩစတြီးယားနိုင်ငံအခြေစိုက် Felder နှင့် EMCO ၊ ထိုင်းနိုင်ငံမှ Urban Architects တို့မှ ကျောင်းပရိဝုဏ်နှင့် အဆောက်အအုံ ဗိသုကာဒီဇိုင်းများ၊ လေ့ကျင့် သင်ကြားရေးစက်ပစ္စည်းများ၊ သင်ကြားရေးစနစ်နှင့် သင်ရိုးညွှန်းတမ်းများ၊ သင်တန်းဆရာ၊ ဆရာမများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများအတွက် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကာ ၂၀၁၈ ဇွန်လတွင် သင်တန်းများ စတင်ဖွင့်လှစ်နိုင်ရန်




**စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE) ဗိသုကာဒီဇိုင်း**

စီစဉ်လျက်ရှိသည်။

SITE ဖြစ်မြောက်ရေးတွင် ပါဝင်ကူညီသည့် ဂျာမနီအခြေစိုက် Festo ကုမ္ပဏီသည် ၁၉၂၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အလိုအလျောက်ကုန်ထုတ်စနစ်ဆိုင်ရာ နည်းပညာကဏ္ဍတွင် ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့်အပြင် စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးကဏ္ဍတွင်ကမ္ဘာ့ထိပ်တန်းကုမ္ပဏီဖြစ်သည်။ Felder Group သည် နှစ်(၆၀) သက်တမ်းရှိပြီဖြစ်ပြီး ဩစတြီးယားနိုင်ငံ၏ အကြီးဆုံးသော သစ်အခြေခံစက်မှုနည်းပညာကုမ္ပဏီဖြစ်သည်။ ဩစတြီးယားကုမ္ပဏီတစ်ခုဖြစ်သော EMCO ကုမ္ပဏီမှာလည်း နှစ်(၇၀) သက်တမ်းရှိပြီဖြစ်သော ဩစတြီးယား၏ အကြီးဆုံးသတ္တုခုတ်ဖြတ်စက်ပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းဖြစ်သည်။

အခြေခံပညာ အထက်တန်းစာမေးပွဲကို (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ) ပါဝင်သည့် မည်သည့် ဘာသာတွဲဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်မည်ဖြစ်ပြီး ဂျာမန်နှင့် ဩစတြီးယားနည်းပညာများနှင့် သင်ကြားရေးစနစ်များကို အခြေခံဖွင့်လှစ်မည့် ဤစက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE) တွင် စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် အလိုအလျောက်စက်မှုကုန်ထုတ်စနစ် (Industrial Automation) ကို အဓိကထား လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး အခြေခံစက်မှုနည်းပညာများဖြစ်သော လျှပ်စစ်နှင့် အီလက်ထရွန်နစ်၊ လျှပ်စစ်မော်တာစွမ်းအင်၊ လေဖိအားသုံးနျူမက်တစ်စွမ်းအားစနစ်၊ ဟိုက်ဒရောလစ်စွမ်းအားစနစ်တို့ကို လေ့ကျင့်သင်ကြားပေးမည့် Certificate in Industrial Technologies လေးလ သင်တန်းများကို စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။ ၎င်းအခြေခံသင်တန်း အောင်မြင်ပြီးသူများက Advanced Certificate in Industrial Automation လေးလသင်တန်းကို ဆက်လက်တက်ရောက်နိုင်မည် ဖြစ်သည်။ ဤသင်တန်းတွင် ကုန်ပစ္စည်းပြုပြင်ထုပ်ပိုးစနစ် (Factory Automation) နှင့် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်စနစ် (Process Automation) တို့ကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

ထို့အပြင် CNC နည်းပညာသုံး သတ္တုခုတ်ဖြတ်ပုံဖော်ပုံသွင်းနည်းပညာသင်တန်း Certificate in CNC Production Technology၊ ရေနှင့် မိလ္လာစီမံခန့်ခွဲမှုသင်တန်း Certificate in Water and Wastewater Management ၊ နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်နည်းပညာသင်တန်း Certificate in Renewable Energy၊ သမားရိုးကျစက်ပစ္စည်းများနှင့် CNC နည်းပညာသုံး စက်ပစ္စည်းများ အသုံးပြုသည့် ပရိဘောဂနှင့် သစ်အခြေခံစက်မှုနည်းပညာသင်တန်း Certificate in Conventional and CNC Woodworking တို့ကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်သည်။

ထိရောက်စွာ လေ့ကျင့်သင်ကြားနိုင်ရေးအတွက် သင်တန်းတစ်ခန်းလျှင် သင်တန်းသား၊ သင်တန်းသူ ၂၄ ဦးစီသာ ထားရှိမည်ဖြစ်ပြီး သီအိုရီနှင့် လက်တွေ့ချိန် မျှတစွာထားရှိမည်ဖြစ်သည်။ ပထမအဆင့်အနေနှင့် သင်တန်းသား၊ သင်တန်းသူ ၁၂၀ အထိ လက်ခံသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ၂၄၀ ဦးအထိ တိုးချဲ့လက်ခံသွားရန် စီစဉ်ထားသည်။ ကောင်းမွန်သော လေ့ကျင့်သင်ကြားရေးစနစ်များကြောင့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းကျောင်းမှ လုပ်ငန်းခွင်သို့ အဆင်ပြေချောမွေ့စွာ ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းကာ လေ့ကျင့်သင်ကြားရေးနှင့် လုပ်ငန်းခွင်လိုအပ်ချက်များ ကိုက်ညီရေး၊ သင်တန်းသား၊ သင်တန်းသူများ လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံရရှိရေး၊ သင်တန်းပြီးဆုံးပါက ကျွမ်းကျင်မှုနှင့်ကိုက်ညီသော အလုပ်အကိုင်များရရှိရေးတို့အတွက် လက်တွဲဆောင်ရွက်သွားမည်လည်း ဖြစ်သည်။

သင်တန်းပြီးမြောက်အောင်မြင်သူများကို SITE Certificate အပ်နှင်းမည်သာမက ကျွမ်းကျင်မှုစစ်ဆေးပြီး ဂျာမန် Festo Certificate ကဲ့သို့ နိုင်ငံတကာအဆင့် သင်တန်းဆင်းလက်မှတ်များလည်း အပ်နှင်းမည်ဖြစ်သည်။ ဤကျောင်းတွင် အထွေထွေဘာသာရပ်များကိုလည်း ထည့်သွင်းပို့ချသွားရန် အစီအစဉ်ရှိပြီး သက်ဆိုင်ရာပညာရေး သင်ရိုးညွှန်းတမ်းကော်မတီများမှ ခွင့်ပြုချက်များရရှိပြီးချိန်တွင် ဒီပလိုမာအပ်နှင်းသည့် သင်တန်းကျောင်းတစ်ခုအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။

စားသောက်ကုန်၊ လူသုံးကုန်၊ အထည်အလိပ်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ ယာဉ်နှင့်ယန္တရား၊ စက်ပစ္စည်း၊ ရေနံဓာတုအစရှိသည့် လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် စက်မှုကုန်ထုတ်လုပ်ငန်းသစ်များသည် အလိုအလျောက်ကုန်ထုတ်စနစ်များကိုသာ သယ်ဆောင်လာမည်ဖြစ်သည့်အတွက် ယင်းစနစ်များကို ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်နိုင်သူများသာ အလုပ်အကိုင်အခွင့်အလမ်းရရှိမည်ဖြစ်သည်။ တိုးတက်ပြောင်းလဲနေသော ယနေ့ခေတ်နည်းပညာများကို လက်လှမ်းမီရန်အတွက် အလိုအလျောက်လုပ်ဆောင်သည့် နည်းပညာ (Automation Technology) ကို တတ်မြောက်သည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ခြင်းမရှိပါက ထိုကဏ္ဍတွင် နိုင်ငံခြားသားများကသာ ဝင်ရောက်နေရာယူသွားမည်ဖြစ်သည်။

ထိုခေတ်မီ စက်မှုကုန်ထုတ်စနစ်များနှင့် အကျွမ်းတဝင်ဖြစ်အောင် လေ့ကျင့်သင်ကြားပေးမည့် SITE သည် နိုင်ငံတော်အကြီးအကဲများ၏ ဦးဆောင်လမ်းညွှန်မှုများဖြင့် မြန်မာနိုင်ငံ၏ စံနမူနာပြ စက်မှုနည်းပညာ သက်မွေးပညာသင်တန်းကျောင်း တစ်ခုဖြစ်လာမည်မှာ အသေအချာပင်ဖြစ်ပြီး လူငယ်များ ကျွမ်းကျင်မှုတိုးတက်မြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပါသည်။

# မြန်မာနိုင်ငံ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် မာစတာကတ်မှကူညီမည်

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ နယူးယောက်အခြေစိုက် မာစတာကတ်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ SME လုပ်ငန်းများ ပြည်တွင်းဘဏ်များနှင့် ချိတ်ဆက်ကာ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မာစတာကတ်မှ Country Manager ဒိုနယ်အွန်က ပြောသည်။



"မြန်မာနိုင်ငံ SME လုပ်ငန်းရှင်တွေကြားမှာ e- payment လုပ်ဆောင်ခြင်းဖြင့် ငွေပေးချေမှုက ပိုမိုလျင်မြန်မယ်၊ ဘေးကင်းလုံခြုံစိတ်ချရမယ့်အပြင် ငွေလည်ပတ်မှုလည်း သပ်သပ်ရပ်ရပ်ဖြစ်လာပြီး လုပ်ငန်းစွမ်းဆောင်ရည် မြင့်တက်လာမှာဖြစ်တယ်။ ဒါ့အပြင် ဈေးကွက်အနေဖြင့် ကြည့်ရင်လည်း e- payment စနစ်ဖြစ်တာကြောင့် တစ်ကမ္ဘာလုံးနဲ့ ချိတ်ဆက်သွားမှာဖြစ်လို့ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာမယ်။ မာစတာကတ်ကို အသုံးပြုတဲ့ SME တွေရဲ့ ဝန်ဆောင်မှုယူထားတဲ့သူတွေက ကမ္ဘာလှည့်ခရီးသည်တွေအတွက် အသုံးတည့်မှာဖြစ်လို့ မာစတာကတ်ကို ခရက်တစ်ပဲဖြစ်ဖြစ်၊ ဒက်ဗစ်ပဲဖြစ်ဖြစ်၊ ပရီပိန့်ပဲဖြစ်ဖြစ် လက်ခံတယ်ဆိုရင် အမှန်တကယ် အကျိုးဖြစ်စေမှာပါ။ ဒီကတ်စနစ်ကို အသုံးပြုမယ်ဆိုရင် လျင်မြန်တဲ့ဝန်ဆောင်မှုပေးနိုင်မှာဖြစ်ပါတယ်"ဟု ဒိုနယ်အွန်က ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

မာစတာကတ်သည် မြန်မာနိုင်ငံသို့ ပြီးခဲ့သော ၂၀၁၁ ခုနှစ်မှ စတင်ကာ ပြည်တွင်းဘဏ်များမှတစ်ဆင့် ဝင်ရောက်လာပြီး ယခုအခါ အသုံးပြုပြည်သူ ၈၀၀၀ အထိရှိလာ၍ နှစ်စဉ်တိုးချဲ့အသုံးပြုမှုမှာ နှစ်ဆနီးပါးအထိ မြင့်မားလျက်ရှိသည်။ မာစတာကတ်အနေနှင့် SME လုပ်ငန်းရှင်များကို စားသုံးသူများကြား အသိပညာပေးတဲ့ လုပ်ငန်းများ၊ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သော နည်းစနစ်များဖြင့် မိတ်ဖက်ဘဏ်များ နှင့် ချိတ်ဆက်လုပ်ဆောင်သွားမည် ဖြစ်သည်။ ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၂၁၀ မှ မာစတာကတ်အသုံးပြုသူ မီလီယံ ၄၀ ဝန်းကျင်အထိရှိလာပြီး မြန်မာနိုင်ငံအနေဖြင့်လည်း SME လုပ်ငန်းများအကြား မာစတာကတ်ကို e- payment စနစ်ဖြင့် အသုံးပြုနိုင်ပါက ပြည်တွင်း SME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများကြား မာစတာကတ်အသုံးပြုမှု ရင်ပေါင်တန်းလာနိုင်မည် ဖြစ်သည်။ ပြည်တွင်း၊ပြည်ပ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့်လည်း အထိုက်အလျောက် အထောက်အကူပြုစေမည်ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ e- payment ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုပိုင်းဆိုင်ရာကို မာစတာကတ်အနေနဲ့ တစ်ဖက်တစ်လမ်းကနေ ပါဝင်လုပ်ဆောင်ခဲ့တာ ၂၀၁၁ ခုနှစ်ကတည်းကပါ။ e- payment ကို ၂၀၁၁ ခုနှစ် ကတည်းကစတင်ခဲ့ပြီး ၂၀၁၃ မှာ Prepaint card ကို စတင်မိတ်ဆက်ခဲ့တယ်။ ၂၀၁၄-၂၀၁၅ မှာ ပထမဆုံး ခရက်တစ်ကတ်ကို စတင်မိတ်ဆက်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဈေးကွက်ကို ကြည့်မယ်ဆိုရင်လည်း ၉၉ ရာခိုင်နှုန်းက SME လုပ်ငန်းတွေပါ။ အလုပ်ဖန်တီးပေးနိုင်မှုကလည်း ရာခိုင်နှုန်း ၇၀ လောက်ရှိပြီး GDP ဆိုလည်း SME တွေက ရာခိုင်နှုန်း ၃၀ လောက်အထိ ဖြည့်ဆည်းပေးထားတာဖြစ်လို့ ဈေးကွက်ကြီးထွားရှင်သန်အောင် မာစတာကတ်အနေနဲ့ e- payment စနစ်နဲ့ လိုအပ်တဲ့ကဏ္ဍကနေ ပံ့ပိုးကူညီဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်။ အဲဒီလို ပံ့ပိုးကူညီတဲ့နေရာမှာ ပြည်တွင်းဘဏ်တွေနဲ့ ချိတ်ဆက်ပြီး အတိုးနှုန်းကိုလည်း ပြည်တွင်းဘဏ်များ သတ်မှတ်ထားသော နှုန်းထားအတိုင်းသာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်"ဟု မာစတာကတ်မှ Country Manager ဒိုနယ်အွန်က ထပ်မံရှင်းပြသည်။

မြန်မာနိုင်ငံတွင် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် နယူးယောက်အခြေစိုက် မာစတာကတ်အဖွဲ့တို့ ပူးပေါင်းကာ ဩဂုတ် ၁ ရက် ညနေပိုင်းတွင် UMFCCI ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်တွင်းဘဏ်များနှင့် SME လုပ်ငန်းရှင် ၅၀၀ ကျော် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# မြို့များ၏ လူမှုစီးပွားဖွံ့ဖြိုးမှုအလားအလာများအရ ဦးစားပေးနယ်မြေများ သတ်မှတ်ပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်အနေဖြင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရန်အတွက် လစာနှုန်းထားများအား အခါအားလျော်စွာ တိုးမြှင့်သတ်မှတ်ပေးနိုင်ရေး မျက်ခြည်မပြတ် သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **အရပ်ဘက်ဝန်ထမ်းအငြိမ်းစားနှင့် တပ်မတော်အငြိမ်းစားများအတွက် အငြိမ်းစားပင်စင်လစာကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့သော ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းများကိုလည်း တိုးမြှင့်ခံစားခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာတွင် ဒုတိယဝန်ကြီးက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယင်းသို့တိုးမြှင့်ပေးရာတွင် အငြိမ်းစားဝန်ထမ်းများအတွက်လည်း ထည့်သွင်းစဉ်းစားသုံးသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပင်စင်ခံစားနေသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ (တပ်မတော်အငြိမ်းစားများအပါအဝင်)အား လက်ရှိပင်စင်လစာအပြင် ထပ်မံတိုးမြှင့်သတ်မှတ်သည့် လစာငွေကျပ် ၄၅၀၀၀ အပေါ်တွင် တည်ဆဲပင်စင်နည်းဥပဒေနှင့်အညီတွက်ချက်၍ တိုးမြှင့်ပင်စင်လစာအဖြစ် ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ ခံစားခွင့်ပြုခဲ့ပါကြောင်း။

တာဝန်ထမ်းဆောင်ဆဲ အရပ်ဘက်ဝန်ထမ်းနှင့် တပ်မတော်သားများ အငြိမ်းစားယူပါက အငြိမ်းစားပင်စင်လစာကို ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်တွင် နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့သော ဝန်ထမ်းလစာနှုန်းထားများဖြင့် လည်းကောင်း၊ ထိုအချိန်မတိုင်ခင်က ပင်စင်ခံစားနေသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ (တပ်မတော်အငြိမ်းစားများအပါအဝင်)အား ၎င်းတို့ခံစားနေသည့် ပင်စင်လစာအပြင် ထပ်မံတိုးမြှင့်သတ်မှတ်သည့်လစာငွေကျပ် ၄၅၀၀၀ အပေါ်တွင်လည်းကောင်း တည်ဆဲ ပင်စင်နည်းဥပဒေနှင့်အညီ ခံစားခွင့် ပြုခဲ့ကြောင်း၊ ယင်းသို့ တိုးမြှင့်ခံစားခွင့်ပြုခဲ့သည့်အတွက် နိုင်ငံတော်အနေဖြင့် လစာစရိတ်များအပေါ်တွင် ငွေကျပ် ၇၄၅ ဒသမ ၇၄၇ ဘီလီယံခန့်နှင့် ပင်စင်ဆုကြေးအပေါ်တွင် ငွေကျပ်ဘီလီယံ ၁၇၀ ခန့် တိုးမြှင့်ကျခံသုံးစွဲခဲ့ရပါကြောင်း၊ လစာတိုးမြှင့်သည့်နှုန်းအတိုင်း ပင်စင်ကိုတိုးမြှင့်ပေးပါက ငွေကျပ် ၂၃၁ ဘီလီယံခန့် တိုးမြှင့်သုံးစွဲရမည်ဖြစ်ကြောင်း တွက်ချက်ရရှိပါသဖြင့် ထိုစဉ်က နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရ လစာတိုးမြှင့်သည့်နှုန်းအတိုင်းပေးနိုင်ခြင်း မရှိခဲ့ပါကြောင်း။

အငြိမ်းစားဝန်ထမ်းများ (တပ်မတော်သားအပါအဝင်)၏ ပင်စင်လစာကို ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်တွင် နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့သော ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍ တိုးမြှင့်ပေးရန်ကိစ္စအား ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအခြေအနေပေါ်မူတည်ပြီး သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အငြိမ်းစားဝန်ထမ်းများအား တစ်လုံးတည်း ပင်စင်လဲလှယ်ခြင်းကို တိုးမြှင့်ခံစားခွင့်ပြုရန်ကိစ္စသည် နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေ ခိုင်မာတောင့်တင်းသည့်အခါမှသာ ဆောင်ရွက်နိုင်မည့်ကိစ္စဖြစ်ပါကြောင်း ဖြေကြားသည်။



ဦးကျော်လင်း
ဒုတိယဝန်ကြီး



ဦးမျိုးညွန့်
ဟုမ္မလင်းမဲဆန္ဒနယ်

ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၏ **မြို့ပြစီမံကိန်း၊ ကျေးရွာစီမံကိန်းများ ရေးဆွဲရာတွင် မည်သည့်အချက်များပေါ်တွင်မူတည်၍ ရေးဆွဲပြီး ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာချပြနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက နိုင်ငံတော်က စီမံကိန်းများရေးဆွဲရာတွင် အချိန်ကာလအလိုက် နှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတို ၅ နှစ်စီမံကိန်း၊ နှစ်စဉ်စီမံကိန်း အစရှိသဖြင့် ကာလအပိုင်းအခြားအလိုက် ရေးဆွဲလျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းတွင် မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

National Growth Center အဖြစ် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီး (၃)မြို့ဖြစ်ပြီး အထူးစီးပွားရေးဇုန်များအဖြစ် ထားဝယ်၊ သီလဝါ၊ ကျောက်ဖြူ SEZ တို့ပါဝင် ပါကြောင်း၊ Region Growth Center အဖြစ် မော်လမြိုင်၊ ပဲခူး၊ မုံရွာ၊ မြစ်ကြီးနား၊ ပုသိမ် စသော အုပ်ချုပ်ရေးဗဟိုဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့တော်များ၊ မြို့ကြီးများ၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုအလားအလာရှိသော မြို့ကြီးများပါဝင်ပါကြောင်း၊ Special Function Growth Center များအဖြစ် မြဝတီ၊ မူဆယ်၊ တမူးစသည့် နယ်စပ်ကုန်သွယ်မှုမြို့များ၊ ပုဂံ၊ အင်းလေး၊ မြောက်ဦးကဲ့သို့ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းအခြေပြုမြို့များ၊ မြိတ်မြို့ ဧရာ်ကောင်း၊ မိုးကုတ်မြို့တို့ကဲ့သို့ သယံဇာတထွက်ကုန်အခြေပြုမြို့များဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရှိ မြို့များအနက် လူဦးရေငါးသောင်းမှ တစ်သိန်းရှိ Secondary City များသည် ၂၀၁၄ ခုနှစ်တွင် ၂၅ မြို့ရှိရာမှ ၂၀၄၀ ပြည့်နှစ်တွင် ၄၃ မြို့အထိ တိုးတက်ရောက်ရှိမည်ဟု ခန့်မှန်းထားပါကြောင်း၊ မြို့များ၏ လူမှုစီးပွားဖွံ့ဖြိုးမှု အလားအလာများအရ ဦးစားပေးနယ်မြေများ သတ်မှတ်ပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများကို အခြေခံ၍ လူဦးရေငါးသောင်း အထက်ရှိမြို့ ၆၈ မြို့၊ ငါးသောင်းအောက်မြို့ ၁၁ မြို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လိုအပ်ချက်အရ မြို့ပေါင်း ၁၇ မြို့တို့၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စက်မှုဇုန်စီမံကိန်းများကို ရေးဆွဲခဲ့ပြီး စုစုပေါင်းမြို့ပေါင်း ၉၆ မြို့၏ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲခဲ့ပြီး ဖြစ်ပါကြောင်း။

မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲမှုကို ပြည်သူများသိရှိစေရန် ချပြဆွေးနွေးလျက်ရှိပြီး မြို့ပြစီမံကိန်း အဆိုပြုသဘောထားပုံစံများကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန Website တွင်လည်း လွှင့်တင်ထားပြီးဖြစ်ပါကြောင်း၊ မြို့ပြစီမံကိန်းရေးဆွဲရန် လျာထားချက်တွင် ဟုမ္မလင်းမြို့ ၏ မြို့ပြစီမံကိန်းပါဝင်ပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်၊ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်းနှင့် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်တို့၏ ရိခေါဒါရ်မြို့တွင် ဘဏ်ငွေ တိုက်ခွဲဖွင့်လှစ်ပေးရေး၊ မန္တလေး-မူဆယ်လမ်း ယာဉ်ကြောပိတ်ဆို့မှုမရှိအောင် ဆောင်ရွက်ပေးရေး၊ ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့ မြို့ရှောင်လမ်းဖောက်လုပ်ပေးရေး၊ နိုင်ငံတော်၏

*စာမျက်နှာ ၈ သို့*

# ကင်ဆာရောဂါကု ဆေးပညာဌာနများအား ဆေးရုံအလိုက် သင့်လျော်သောအခန်းများ၌ လိုအပ်သောကင်ဆာဆေးဝါးသွင်းခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိအမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကင်ဆာရောဂါကုဆေးပညာဌာနများကို သီးခြားအဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကင်ဆာရောဂါကု ဆေးပညာဌာနများအား ဆေးရုံအလိုက် သင့်လျော်သော အခန်းများ၌ Day Care Unit များဖွင့်လှစ်၍ လိုအပ်သော ကင်ဆာဆေးဝါးသွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ အတွင်းလူနာအဖြစ် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ပါက သက်ဆိုင်ရာ ဆေးရုံများရှိ ဖျားနာကုသဆောင်များတွင် သီးသန့်အခန်းများထားရှိ၍ အထူးကုဆရာဝန်ကြီးများ၏ ကြီးကြပ်မှုအောက်တွင် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မော်လမြိုင်မြို့ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ ခန့်မှန်းကုန်ကျငွေ စုစုပေါင်းကျပ်သန်း ၁၉၆၅ သန်းဖြင့် တိုးချဲ့လေးထပ် လူနာဆောင် တည်ဆောက်လျက်ရှိပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ယခုအသုံးပြုနေသည့် ခုတင် ၅၀ ဆံ့ ဖျားနာလူနာဆေးကုသဆောင်အား တိုးချဲ့လေးထပ်ဆောင်သို့ ပြောင်းရွှေ့မည်ဖြစ်၍ ယင်းနေရာအား ကင်ဆာဆေးကုသဆောင်အဖြစ် သီးသန့်ရရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒေါက်တာ မြင့်ထွေး
ပြည်ထောင်စုဝန်ကြီး



ဒေါက်တာဇော်လင်းထွဋ်
မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးဝေ့တင်းနှင့် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်တို့၏ မေးခွန်းများ နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် **၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူ အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟက **၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း**အား လွှတ်တော်မှ အတည်ပြုပေးပါရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်က ထောက်ခံဆွေးနွေးသည်။

**၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းတို့က အကြံပြုဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် **ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ အစီရင်ခံစာ** အား လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက အဆိုတင်သွင်းပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် **ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဒေါက်တာဦးကြွယ်ကြွယ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းတို့က ကျောင်းစာကြည့်တိုက်များ တည်ထောင်ပေးရန်အပါအဝင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ နော်လှလှစိုး**က ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတွင် နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေသည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆ - ၂၀၂၁)၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား မည်ကဲ့သို့စောင့်ကြည့်နေသည်ကို မတွေ့ရပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ ၂၀၁၂ ခုနှစ် ပညာအခြေပြု စီးပွားအညွှန်းကိန်းအရ မြန်မာနိုင်ငံ၏ ပညာရေးသည် ကမ္ဘာ့အဆင့် ၁၄၅ သို့ ရောက်ရှိနေသည့်အတွက် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင် ရွက်နေမှုများသည် နိုင်ငံတော်၏ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအား တွန်းအားတစ်ခုအနေဖြင့် ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု ထိန်းညှိခြင်း၊ သက်ဆိုင်ရာ ဥပဒေများကို သုံးသပ်ခြင်းများနှင့် ကြားနာခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်မှုများအား စောင့်ကြည့်ထိန်းညှိခြင်းများ ဆက်လက်ပြုလုပ်သွားရန် လိုအပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

အမျိုးသားလွှတ်တော် **ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာ**အား လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီအဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ဩဂုတ် ၄ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်**
**မီမီဖြိုး (သတင်းစဉ်)**

# ဇူလိုင် ၂၁ ရက်မှ ယနေ့အထိ တစ်နိုင်ငံလုံး၌ ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ကုသလူနာ ၃၀၅ ဦးရှိ H1N1 ပိုးတွေ့လူနာ ၁၁၀ ရှိပြီး အမျိုးသမီးလူနာတစ်ဦး ယမန်နေ့က ထပ်မံသေဆုံး

**နေပြည်တော် ဩဂုတ် ၃**

ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီအထိ H1N1 သံသယလူနာ ၂၁ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ၁၁ ဦး ထပ်မံတွေ့ရှိကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၃၀၅ ဦးရှိခဲ့ရာ ၎င်းတို့အနက် H1N1 ပိုးတွေ့လူနာ ၁၁၀ ရှိကြောင်း၊ ဩဂုတ် ၁ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စတင်တက်ရောက်ခဲ့သော အမျိုးသမီးလူနာတစ်ဦးသည် ယမန်နေ့က ထပ်မံသေဆုံးခဲ့ပြီး ယနေ့အထိ တစ်နိုင်ငံလုံး၌ စုစုပေါင်းသေဆုံးသူ ၁၄ ဦးရှိသဖြင့် သေဆုံးမှုနှုန်းမှာ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၂၆ ဦးနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၃၇ ဦး စုစုပေါင်း ၆၃ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ယနေ့အထိ ဆေးရုံတက်ရောက်ကုသရသော H1N1 ပိုးတွေ့ အတွင်းလူနာများအနက် ရောဂါပျောက်ကင်း၍ ဆေးရုံဆင်း လူနာ ၂၈ ဦးရှိခဲ့ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ FluNet Website တွင် ဖော်ပြထားချက်အရ မေ ၁ ရက်မှ ဇူလိုင် ၂၃ ရက်အထိ သုံးလခန့်ကာလအတွင်း ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှုမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံတွင် ၃၀၆၈ ဦး၊ အိန္ဒိယနိုင်ငံတွင် ၃၁၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၅၆ ဦး၊ စင်ကာပူနိုင်ငံတွင် ၈၀ ဦးနှင့် ထိုင်းနိုင်ငံတွင် ၅၉ ဦးတို့ ဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရပြီး ပုံမှန်အားဖြင့် အပူပိုင်းဒေသနိုင်ငံများ၌ တစ်နှစ်ပတ်လုံးဖြစ်ပွားလေ့ရှိသော ရောဂါဖြစ်သည်ဟု သိရှိရကြောင်း။

ရာသီတုပ်ကွေးရောဂါလက္ခဏာများ၊ ပြင်းထန်ရာသီတုပ်ကွေးရောဂါလက္ခဏာများ ဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ ဆေးကုသမှုခံယူခြင်းဖြင့် အသက်အန္တရာယ်ဆုံးရှုံးရမှုများကို ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ရောဂါကာကွယ်တားဆီးရေး နည်းလမ်းများ၊ နေ့စဉ်ရောဂါဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Website (www.mohs.gov.mm)၊ Myanmar CDC facebook စာမျက်နှာ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

---

*ပြည်သူ့လွှတ်တော်မှ*

စီမံကိန်းအသစ်များ၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုများပြုလုပ်ရာတွင် တူညီမျှတစွာ ဆောင်ရွက်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ဖြေကြားခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော "ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက "သစ်တောဥပဒေကြမ်း"တင်သွင်းခြင်း၊ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

## ဆေးရုံအုပ်ကြီးတစ်ဦး H1 N1 ရောဂါပိုးတွေ့၍ ကုသမှုခံယူ

**ဖျာပုံ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ပြည်သူ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာစိန်စိန်သည် နေမကောင်းသဖြင့် ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများပြုလုပ်ရာ A(H1N1)pdm.09 ရောဂါပိုးတွေ့ရှိရသဖြင့် ဩဂုတ် ၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူရန် လွှဲပြောင်းပေးလိုက်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဖျာပုံပြည်သူ့ဆေးရုံကြီး ရေိယာအတွင်း H1N1 ဗိုင်းရပ်စ်ရောဂါပိုးကူးစက်မှုမရှိစေရေး ကြိုတင်ကာကွယ်မှုလုပ်ငန်းများအား အထူးကြပ်မတ်ကာ စီမံဆောင်ရွက်ကြရန် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဖျာပုံပြည်သူ့ဆေးရုံကြီးသို့ အကြောင်းကြားဆောင်ရွက်ထားကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မန္တလေးဆေးရုံကြီး၌ H1N1 ရောဂါဖြင့် တက်ရောက်နေသူ ငါးဦးအနက် နှစ်ဦးတွင် ရောဂါပိုးတွေ့ရှိ

**မန္တလေး ဩဂုတ် ၃**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ပြင်းထန်အဆုတ်ရောင်ရောဂါ (H1N1) pdm 2009)ဖြင့် တက်ရောက်နေသူ ငါးဦးအနက် နှစ်ဦးတွင် ရောဂါပိုးတွေ့ရှိရကြောင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်သန်းသန်းမြင့်က ပြောသည်။

"ရန်ကုန် အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနရဲ့ ဆေးစစ်ချက်အဖြေအရ ဇူလိုင် ၃၀ ရက်က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှာ တက်ရောက်နေတဲ့ ရမည်းသင်းမြို့နယ်က အသက် ၆၀ အရွယ်အမျိုးသမီးကြီးတစ်ဦးနဲ့ ပုသိမ်ကြီးမြို့နယ်က အသက် ၁၇ နှစ် အရွယ် အမျိုးသမီးငယ်တစ်ဦးမှာ Positive ဖြစ်ကြောင်း သိရတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေနဲ့ ဒီမြို့နယ်နှစ်ခုမှာ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေအဖြစ် လူနာနဲ့ ထိတွေ့တဲ့၊ စပ်ဆက်တဲ့ မိသားစုဝင်တွေကို နေ့စဉ် ဖျားနာမှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုနေပါတယ်"ဟု ၎င်းက ပြောသည်။




မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် ရာသီတုပ်ကွေးရောဂါ A(H1N1) လူနာများအဖြစ် တက်ရောက် လာသူများအတွက် Dsolation Ward ကို ပြင်ဆင်ထားရှိကာ လူနာ ၂၈ ဦးအထိ ပစ္စည်းကိရိယာအစုံအလင်ဖြင့် ကုသပေးနိုင်ပြီး ယခုရောဂါပိုးတွေ့ရှိသူ လူနာနှစ်ဦးမှာလည်း ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်နေပြီး အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိစေရန် စနစ်တကျ ကုသမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ပြင်းထန်အဆုတ်ရောင်ရောဂါ A(H1N1) သည် ရာသီဥတုအခြေအနေပေါ်မူတည်၍ ဖြစ်ပွားလေ့ရှိခြင်းကြောင့် ပြည်သူလူထုအနေဖြင့် ကြိုတင်ကာကွယ်ခြင်းဖြင့် ရောဂါကူးစက်ခံရခြင်းမှ ရှောင်ရှားနိုင်ကြောင်းနှင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် အဆိုပါရောဂါသံသယ လူနာအဖြစ် တက်ရောက်ကုသနေသူများအနက် မြင်းမူမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ အသက် ၂၅ နှစ်ခန့်အရွယ် အမျိုးသမီး လူနာနှစ်ဦး၏ နှာခေါင်းတို့ဖတ်ကို စစ်ဆေးနိုင်ရန် ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနသို့ ဩဂုတ် ၁ ရက်တွင် ပေးပို့ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ယနေ့အထိ ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ကုသသူ ၁၃၃ ဦး၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၄၀၊ ဓာတ်ခွဲအတည်ပြု သေဆုံးသူ ခြောက်ဦးရှိ၊ အထူးကုဆေးရုံ (ဝေဘာဂီ)တွင် တက်ရောက်ကုသလူနာ ၂၆ ဦးရှိ

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက် ကုသသူ စုစုပေါင်း ၁၃၃ ဦး၊ Seasonal Influenza A(H1N1) pdm 09 virus ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ ၄၀၊ ဓာတ်ခွဲအတည်ပြု သေဆုံးသူ ခြောက်ဦးရှိကြောင်းနှင့် ယနေ့ နံနက် ၇ နာရီ သတင်းအရ အထူးကုဆေးရုံ (ဝေဘာဂီ)တွင် ဆေးရုံတက်ရောက်ကုသနေသော လူနာ ၂၆ ဦး ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ သိရှိရသည်။

ဩဂုတ် ၂ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ခံသမားတော်ကြီးများပါဝင်သော ရာသီတုပ်ကွေးရောဂါကုသရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအား အထူးကြပ်မတ်ကုသပေးလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နီးစပ်ရာ မြို့နယ်များရှိဆေးရုံကြီးများမှ လူနာများအား သတ်မှတ်ဆေးရုံသို့ အဆင်ပြေချောမွေ့လျင်မြန်စွာ ပို့ဆောင်နိုင်ရေး အရေးပေါ်လူနာတင်ယာဉ်နှင့် လိုက်ပါမည့် အဖွဲ့ငယ် (Ambulance Transport Team) ထားရှိနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## H1N1 ရောဂါ ဖြူးမြို့နယ်တွင် ကင်းစင်လျက်ရှိ

**ဖြူး ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၅၉ အုပ်စုတို့မှ အများပြည်သူများသည် H1N1 ရောဂါများပျံ့နှံ့နေကြောင်းသတင်းများကြောင့် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူ၊ ကလေးမိဘများက စိုးရိမ်ထိတ်လန့်လျက်ရှိကြရာ ယင်းသို့ဖြစ်ပေါ်နေသော သတင်းများကြောင့် ဖြူးမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းက ဆေးရုံကြီး၏ ပြင်ပလူနာဌာနတာဝန်ခံထံ သွားရောက်စုံစမ်းမေးမြန်းရာ ယနေ့အထိ ယခုဖြစ်ပွားနေသော H1N1 ရောဂါနှင့်ဆက်စပ်ပတ်သက်၍ တစ်ဦးတစ်ယောက်မျှ လာရောက်ဆေးကုသခံယူမှု လုံးဝမရှိသေးကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

---

## ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၃**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိလေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိ ဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာ့ပင်လယ်ပြင်၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**(မိုး/ဇလ)**

# ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၁၇။ ပုဒ်မ ၁၆ အရ ဘေးအန္တရာယ်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ထားသိုလိုပါက အဖုံးလုံခြုံသည့် ဖန်ထည်၊ ကျောက်ထည် သို့မဟုတ် သတ္တုထုပ်ပိုးထည့်သွင်းပစ္စည်းတွင် ထည့်သွင်းထားသိုရမည်။ ဖန်ထည် သို့မဟုတ် ကျောက်ထည် ထုပ်ပိုးထည့်သွင်းပစ္စည်းတွင် ထားသိုလျှင် သုညဒသမနှစ်ငါးဂါလန် ပမာဏထက်မပိုစေရ။ သတ္တုထုပ်ပိုးထည့်သွင်းပစ္စည်းတွင် ထားသိုလျှင် ငါးဂါလန်ပမာဏထက်မပိုစေရ။

၁၈။ စက်အားသုံးယာဉ် စက်ယန္တရားတို့၏ ယာဉ်မောင်း၊ ရေယာဉ်မှူး၊ ပိုင်ရှင်တို့သည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုသော စက်အားသုံးယာဉ်နှင့် စက်ယန္တရားများတွင် တပ်ဆင်ထားသည့် မူလသိုလှောင်ကန်တွင်ပါရှိသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းအပြင် ယင်းစက်အားသုံးယာဉ်၊ စက်ယန္တရားများတွင် အသုံးပြုရန်အတွက် သိုလှောင်ထားသည့် ဘေးအန္တရာယ်ရှိသော ဂါလန် ၂၀ ပမာဏထက်မပိုသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းတို့အတွက် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရယူရန်မလို။

## အခန်း(၅)
## ရေနံနှင့် ရေနံထွက်ပစ္စည်းကို စမ်းသပ်ခြင်း

၁၉။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူအရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ဝန်ကြီးဌာနမှရေနံနှင့်ရေနံထွက်ပစ္စည်းအရည်အသွေးစမ်းသပ်ခြင်းအတွက် လိုင်စင်ထုတ်ပေးထားသောအခြားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းပြုလုပ်မည့် ရေနံနှင့်ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီ နမူနာရယူပြီး စမ်းသပ်ရေးအရာရှိထံပေးပို့၍ စမ်းသပ်စစ်ဆေးစေရမည်။

၂၀။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူအရာရှိတစ်ဦးက စစ်ဆေးရေးအရာရှိအဖြစ် ဦးဆောင်သည့်အဖွဲ့အား ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် နေရာတစ်ခုခုကို ဝင်ရောက်စစ်ဆေးရန်နှင့် ထိုနေရာတွင် တွေ့ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို နမူနာယူပြီး စမ်းသပ်ရေးအရာရှိထံသို့ ပေးပို့၍ စမ်းသပ်စစ်ဆေးစေနိုင်သည်။

၂၁။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စမ်းသပ်ရန်အတွက် ရေနံနှင့်ရေနံထွက်ပစ္စည်း နမူနာယူခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ခ) စမ်းသပ်ရန် နမူနာရယူခြင်းအတွက် ကျသင့်စရိတ်နှင့် ငွေပေးချေရမည့် နည်းလမ်းကိုသတ်မှတ်ခြင်း၊

(ဂ) ဤပုဒ်မအရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးမည့် ပုဂ္ဂိုလ်များအတွက် လုပ်ထုံးလုပ်နည်းများကိုသတ်မှတ်ခြင်း။

၂၂။ စမ်းသပ်သည့်အရာရှိ သို့မဟုတ် စမ်းသပ်ခြင်းလိုင်စင်ရ အဖွဲ့အစည်းသည် ရေနံနှင့်ရေနံထွက်ပစ္စည်းများကို စမ်းသပ်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းများ၏ မီးလောင်မှတ်နှင့် အခြားအရည်အသွေးစစ်ဆေးမှုတို့ကို စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် စမ်းသပ်ကိရိယာများဖြင့် စမ်းသပ်အတည်ပြုခြင်း၊

(ခ) စမ်းသပ်ကိရိယာများကို အခါအားလျော်စွာ စစ်ဆေးအတည်ပြုခြင်း၊ မှန်ကန်အောင်ပြုလုပ်ခြင်းနှင့် လိုအပ်သည့်အခါ အစားထိုးလဲလှယ်ခြင်း၊

(ဂ) စမ်းသပ်ခြင်းအတွက် သတ်မှတ်ထားသည့် အဖိုးအခပေးသွင်းပါက စမ်းသပ်မှုကိရိယာဖြင့် စမ်းသပ်စစ်ဆေးပေးခြင်း။

၂၃။ စမ်းသပ်ခြင်းလိုင်စင်ရ အဖွဲ့အစည်းတစ်ခုခု၏ စမ်းသပ်ကိရိယာဖြင့် တိုင်းတာရရှိထားသော အချက်အလက်များကို ထပ်မံစမ်းသပ် စစ်ဆေးပေးရန်အတွက် ဝန်ကြီးဌာနသို့ တင်ပြလာပါက သတ်မှတ်ထားသော စမ်းသပ်ခပေးသွင်းစေပြီး စမ်းသပ်ကိရိယာများဖြင့်စမ်းသပ်၍ ရရှိလာသည့် အချက်အလက်များကို စံသတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ဖော်ပြပေးရမည်။

၂၄။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ အရည်အသွေးဆိုင်ရာ ကျွမ်းကျင်သူအရာရှိတစ်ဦးဦးကိုဖြစ်စေ၊ စမ်းသပ်ခြင်းလိုင်စင်ရအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ ရေနံနှင့်ရေနံထွက်ပစ္စည်းကို စမ်းသပ်ရန်နှင့်ယင်းစမ်းသပ်မှုများ၏ရလဒ်ကို သက်သေခံလက်မှတ်ထုတ်ပေးရန် စမ်းသပ်ရေးအရာရှိအဖြစ် လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

၂၅။ စမ်းသပ်ရေးအရာရှိသည် -

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းနမူနာများကို စမ်းသပ်ပြီးနောက် သတ်မှတ်ထားသည့်ပုံစံတွင်သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိမရှိ ဖော်ပြသည့် စမ်းသပ်မှုသက်သေခံလက်မှတ်ထုတ်ပေးရမည်။

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ်က တောင်းဆိုပါက သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းလျှင် သက်သေခံလက်မှတ်၏ မိတ္တူမှန်ကို ထုတ်ပေးရမည်။ ယင်းမိတ္တူမှန်ကို တရားရုံးတွင် သက်သေခံအဖြစ် တင်ပြနိုင်သည်။

၂၆။ စမ်းသပ်ရေးအရာရှိ၏ စမ်းသပ်မှု ရလဒ်ကို ကျေနပ်မှုမရှိသော ပိုင်ရှင် သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်သည် ယင်းရလဒ်ကို ရရှိသည့်နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း ထပ်မံစမ်းသပ်ပေးရန် ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၂၇။ ပုဒ်မ ၂၆ အရ လျှောက်ထားပါက သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းလျှင် ဝန်ကြီးဌာန၏ စမ်းသပ်ရေးအရာရှိက ထပ်မံစမ်းသပ်ပေးရမည်။

၂၈။ ပုဒ်မ ၂၇ နှင့်အညီ ထပ်မံစမ်းသပ်ချက်အရ မူလစမ်းသပ်မှုသည် မှားယွင်းကြောင်း ပေါ်ပေါက်လျှင်ဝန်ကြီးဌာန၏ စမ်းသပ်ရေးအရာရှိသည် မူလသက်သေခံလက်မှတ်ကို ပယ်ဖျက်၍ စမ်းသပ်မှု သက်သေခံလက်မှတ်အသစ် ထုတ်ပေးရမည်။

၂၉။ ဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ရေနံနှင့်ရေနံထွက်ပစ္စည်း စမ်းသပ်စစ်ဆေးမှုဆိုင်ရာ သတ်မှတ်ခြင်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့် စည်းကမ်းချက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ရေနံနှင့်ရေနံထွက်ပစ္စည်းစမ်းသပ်မှုနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းနှင့် စည်းကမ်းများသတ်မှတ်ခြင်း၊

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းစမ်းသပ်မှုသက်သေခံလက်မှတ်ပုံစံနှင့် ယင်းအတွက် စည်းကြပ်မည့် အဖိုးအခများကို သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်ရအဖွဲ့အစည်းတစ်ခုခု၏ ရေနံနှင့် ရေနံထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ စမ်းသပ်သည့်အရည်အသွေး ရလဒ်အပေါ် လိုအပ်ပါက ပြန်လည်စစ်ဆေးရန် စည်းမျဉ်းနှင့်စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဃ) ပြန်လည်စမ်းသပ်ခြင်းအတွက် အဖိုးအခများ သတ်မှတ်ခြင်းနှင့် မူလစမ်းသပ်မှုသည် မှားယွင်းပါက ယင်းအဖိုးအခများကို ပြန်လည်ထုတ်ပေးရန် သတ်မှတ်ခြင်း။

## အခန်း (၆)
## တားမြစ်ချက်များ

၃၀။ မည်သူမျှ ဤဥပဒေအရ လိုင်စင်ရယူရန် လိုအပ်သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုခုကို သက်ဆိုင်ရာလိုင်စင်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၃၁။ လိုင်စင်ရရှိသူ မည်သူမျှ-

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်တစ်ခုခုပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန်တာဝန်ကို ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ဘေးအန္တရာယ်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးပါရှိသည့် ထုပ်ပိုးထည့်သွင်းပစ္စည်းနှင့် သယ်ယူပို့ဆောင်သည့် ယာဉ်နှင့်ပိုက်လိုင်းများတွင်အန္တရာယ်အမှတ်အသား သတိပေးချက်များကို ထင်ရှားအောင် ရေးသားဖော်ပြခြင်းမပြုဘဲ သုံးစွဲခြင်းမပြုရ၊

(ဂ) ဘေးအန္တရာယ်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်မရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းကိုဖြစ်စေ ဤဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများမှတစ်ပါး တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုများအပေါ် တာဝန်ခံမှုမရှိဘဲ ဆောင်ရွက်ခွင့်မရှိစေရ၊

(င) စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှုမရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၃၂။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်း လုပ်ကိုင်နေသူမည်သူမျှရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းပြုသည့် နေရာတစ်ခုခုကိုဖြစ်စေ၊ သယ်ယူပို့ဆောင်ဆဲအချိန်တွင်ဖြစ်စေ၊ အခွင့်အာဏာအပ်နှင်းထားသောအရာရှိ သို့မဟုတ် အဖွဲ့အစည်းက ရေနံနှင့်ရေနံထွက်ပစ္စည်းကိုဖြစ်စေ၊ ထုပ်ပိုးထည့်သွင်းပစ္စည်းကိုဖြစ်စေ သယ်ယူပို့ဆောင်သည့် စက်အားသုံးယာဉ်၊ စက်ယန္တရား၊ ရေယာဉ်၊ ပိုက်လိုင်းတို့ကို စစ်ဆေးရန်နှင့် ရေနံနှင့်ရေနံထွက်ပစ္စည်းနမူနာရယူလိုကြောင်း တင်ပြလာပါက သင့်လျော်သော အကူအညီတောင်းခံခြင်းကို ငြင်းဆန်ခြင်း မပြုရ။

၃၃။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းတစ်မျိုးမျိုးကြောင့် ပေါက်ကွဲမှု သို့မဟုတ် မီးလောင်မှုဖြစ်ပွားလျှင်ဖြစ်စေ၊ ရေနံနှင့်ရေနံထွက်ပစ္စည်းထားရှိရာ နေရာနှင့် ယင်းအနီးအနားတွင် မီးလောင်မှု ဖြစ်ပွားတန်ရာရှိလျှင်ဖြစ်စေ အဆိုပါ လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်သူမည်သူမျှ အနီးဆုံး သက်ဆိုင်ရာအာဏာပိုင်ထံ ချက်ချင်းသတင်းပို့ရန်နှင့် မတော်တဆဖြစ်ရပ်တစ်ခုခုနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ပေးရန်ပျက်ကွက်မှုမရှိစေရ။

## အခန်း(၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၄။ လိုင်စင်ရရှိသူသည် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်လျှင် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသည့်လုပ်ငန်း၊ ဌာနသည် လိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကိုအမြဲတမ်းရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၃၅။ ပုဒ်မ ၃၄ အရ လိုင်စင်ထုတ်ပေးသည့်လုပ်ငန်း သို့မဟုတ် ဌာနကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့် နေ့မှရက် ၃၀ အတွင်း လိုင်စင်ထုတ်ပေးသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်သည်။ ယင်းဝန်ကြီးဌာနကသက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသည့်လုပ်ငန်း သို့မဟုတ် ဌာနကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ အမိန့်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၃၆။ လိုင်စင်ထုတ်ပေးသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ မည်သည့်လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ထို့ပြင်မူလကသတ်မှတ်ထားသော လိုင်စင်စည်းကမ်းချက်များကိုလည်း ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၃၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှအများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၇ အရ ပြစ်ဒဏ်စီရင်ခံရပြီးနောက်၊ ထိုပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်ဒဏ်စီရင်ခံရလျှင် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၃၉။ လိုင်စင်ရရှိသူ မည်သူမဆို -

(က) ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ခြင်းခံရမည်။

(ခ) ပုဒ်မ ၃၁၊ ပုဒ်မခွဲ (င)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှအများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ခြင်းခံရမည်။

၄၁။ ကြီးကြပ်အုပ်ချုပ်သူမည်သူမဆို ပုဒ်မ ၃၃ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၉)
## အထွေထွေ

၄၂။ ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အနည်းဆုံးရှိရမည့်ရေိယာ အကျယ်အဝန်းနှင့်အကွာအဝေးကို သတ်မှတ်ပေးရမည်။ မည်သူမျှ ယင်းသတ်မှတ်ပေးထားသည့် နယ်နိမိတ်အတွင်း မီးဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာကို မပြုလုပ်ရ။

၄၃။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများအား ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးရမည်။

၄၄။ ဤဥပဒေမပြဋ္ဌာန်းမီကတည်ထောင်ထားသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းဆောင်ရွက်သူသည် ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲ၍ ဤဥပဒေအရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးမည့် ဝန်ကြီးဌာနသို့ တင်ပြရမည်။ ယင်းဝန်ကြီးဌာနသည် တင်ပြလာသည့် စီမံခန့်ခွဲမှုအစီအစဉ်ကို စိစစ်သုံးသပ်၍ ကျေနပ်မှုရှိပါက အတည်ပြုရမည်။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူသည် ဝန်ကြီးဌာနက သတ်မှတ်ပေးသည့် အချိန်ကာလအတွင်း မိမိလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၄၅။ ဝန်ကြီးဌာနသည် မိမိဌာနအောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုခုကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများနှင့်သက်ဆိုင်သောကော်ပိုရေးရှင်းအဖြစ် သင့်လျော်သည့်အချိန်တွင်တည်ထောင်ဆောင်ရွက်နိုင်သည်။

၄၆။ ဤဥပဒေအရ အရေးယူသည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် မှတ်ယူရမည်။

၄၇။ The Petroleum Act. (INDIA Act XXX,1934) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများသည်ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၈။ The Petroleum Act. (INDIA Act XXX,1934) အရ ထုတ်ပေးခဲ့သော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်များကို ဤဥပဒေအရထုတ်ပေးသော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်များအဖြစ်မှတ်ယူ၍ ယင်းတို့တွင်ပါရှိသော သက်တမ်းနှင့်စည်းကမ်းချက်များအတိုင်း ဆက်လက်တည်ရှိစေရမည်။

၄၉။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် မိမိ၏လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ကို မထိခိုက်စေရန် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၀။ ဝန်ကြီးဌာနသည် ကော်မတီ၏ ရုံးလုပ်ငန်းများနှင့် ကုန်ကျစရိတ်များကို တာဝန်ယူဆောင်ရွက်ရမည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များအတွက် သင့်လျော်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို သတ်မှတ်နိုင်သည်။

၅၁။ ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းတွင် ဘေးအန္တရာယ်လုံခြုံမှုရှိစေရန် လိုအပ်သောသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ သရုပ်ပြပွဲနှင့် အစည်းအဝေးများ ကျင်းပနိုင်သည်။

၅၂။ ဤဥပဒေဆိုင်ရာ အခွန်အခများအား လိုင်စင်ထုတ်ပေးသည့် ဝန်ကြီးဌာန၊ အခွန်အခကောက်ခံသည့် ဝန်ကြီးဌာနတို့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား မည်သို့ကောက်ခံခွဲဝေသုံးစွဲရမည်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးသည့် ဝန်ကြီးဌာနနှင့် အခွန်အခကောက်ခံသည့် ဝန်ကြီးဌာနတို့က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။

၅၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း လိုင်စင်လျှောက်ထားခြင်းမရှိသော၊ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းခံရသော သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းမပြုသော ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သိမ်းဆည်းပြီးထုခွဲခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ကော်မတီသည် အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၅။ The Petroleum Act. (INDIA Act XXX, 1934) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## Forum on Myanmar Democratic Transition ၌ သတင်းရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာသမားများနှင့် လေ့လာသူအဖြစ် တက်ရောက်လိုသူများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၃**

Forum on Myanmar Democratic Transition ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-II) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များနှင့် လေ့လာလိုသူများအဖြစ် တက်ရောက်လိုသူများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းအချက်အလက်ဌာနခွဲ (ဖုန်း- ၀၆၇-၄၁ ၂၀၀ ၂၊ ၄၁ ၂၁၈၇ ) (E-mail- iprd.rnd@gmail. com)နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ဖုန်း-၀၆၇-၄၁ ၂၁ ၂၆၊ ၄၁ ၂၁ ၂၅) (E-mail-myogyi.npe@gmail.com)တို့သို့ ဆက်သွယ်၍ (တက်ရောက်သတင်းရယူလိုခြင်း၊ လေ့လာသူအဖြစ် တက်ရောက်လိုခြင်းဖော်ပြ၍) မှတ်ပုံတင်ခြင်းကို ဩဂုတ် ၈ ရက် ညနေ ၄ နာရီနောက်ဆုံးထားပေးပို့သွားရန်နှင့် လေ့လာသူအဖြစ်တက်ရောက်လိုသူ ၁၀၀ ကို လက်ခံသွားမည်ဖြစ်ပြီး တက်ရောက်ခွင့်ရရှိသူများအား MOI Webportal Myanmar Facebook တွင် ကြေညာပေးသွားမည်ဖြစ်သည်။

ဝင်ထွက်ခွင့်ကတ်ပြားများအား ဩဂုတ် ၉ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာနရုံးအမှတ်(၇) နေပြည်တော်၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**




## ရွှေလျားဆေးအဖွဲ့ မောင်တောခရိုင်အတွင်းရှိ ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်



**မောင်တော ဩဂုတ် ၃**

မောင်တောခရိုင် မြောက်ပိုင်းကျေးရွာများဖြစ်သည့် ဖားဝပ်ချောင်းကျေးရွာအုပ်စုနှင့် ငန်းချောင်းကျေးရွာအုပ်စုများ၌ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရွှေလျားဆေးအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း မောင်တောပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“မြို့ပေါ်နဲ့ ကျေးလက်ကျန်းမာရေးစောင့်ရှောက်ကုသမှုကွာဟချက်မရှိအောင် အခုလို ကျေးရွာတွေအထိ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်ကုသပေးတာ ဖြစ်ပါတယ်” ဟု မောင်တောပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းက ပြောသည်။

“ကျွန်တော့်သား ဆယ်တန်းကျောင်းသား ခြေထောက်မှာ အနာပေါက်နေလို့ ဆေးလာယူတာပါ။ အခုလို စေတနာနဲ့ လာရောက်ကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်”ဟု ငန်းချောင်းကျေးရွာသား ဦးအီနုစ်က ပြောသည်။

ထို့အတူ ဖားဝပ်ချောင်းကျေးရွာအုပ်စုမှ အသက် ၇၅ နှစ်အရွယ် ဒေါ်ဦးသန္တာကလည်း “ခြေတွေ၊ လက်တွေ ညောင်းကိုက်နေလို့ ဆေးလာတောင်းတာပါ။ အခုလို လာရောက်ကုသ ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

မောင်တောပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာကျော်မောင်မောင်သိန်း ဦးဆောင်သည့် ရွှေလျားဆေးအဖွဲ့သည် ဖားဝပ်ချောင်းကျေးရွာအုပ်စု၌ လူနာ ၂၈၃ ဦး၊ ငန်းချောင်းကျေးရွာအုပ်စု၌ လူနာ ၂၃၇ ဦးကို ကျန်းမာရေးစောင့်ရှောက်ကုသမှုပေးခဲ့ကြောင်း၊ ရွှေလျားဆေးအဖွဲ့သည် ပြီးခဲ့သည့်သီတင်းပတ်က မောင်တောခရိုင် တောင်ပိုင်းကျေးရွာများဖြစ်သည့် ကင်းချောင်းကျေးရွာနှင့် ကျောင်းတောင်ကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်ကုသပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊မျိုးသူဟိန်း**

## တောင်ကျရေနှင့် မျောပါသွားသော ယာယီဘေလီတံတားနှစ်စင်းအား ပြန်လည်တည်ဆောက်

**ဘားအံ ဩဂုတ် ၃**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၂၀/၀-၁)ရှိ အရှည်ပေ ၁၀၀ ယာယီဘေလီတံတား(ကွင်းကြီးတံတား)နှင့် မိုင်တိုင်အမှတ် (၃၀/၀-၁)ရှိ အရှည် ပေ ၁၂၀ ယာယီဘေလီတံတား(ယက္ကလာတံတား)တို့သည် ဇူလိုင်လနောက်ဆုံးပတ်က တောင်ကျရေများစီးဆင်းလာမှုကြောင့် မျောပါသွားခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ခေတ္တပြတ်တောက်ခဲ့ရသည်။

အဆိုပါ တံတားနှစ်စင်းကို အမြန်ဆုံးပြန်လည်တည်ဆောက်၍ ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသောင်းဟန်စိုး၏ ကြီးကြပ်မှုဖြင့် လမ်းအထူးအဖွဲ့(၁၄)က ပြန်လည်တည်ဆောက်လျက်ရှိရာ ဩဂုတ် ၂ ရက်ကစတင်၍ တံတားအကွက်တိုင်စင်များ စတင်ရိုက်ခြင်း၊ တံတားဘေလီသံပေါင်များ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး လျင်မြန်ချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်ရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက် အဆိုပါယာယီဘေလီတံတားနှစ်စင်းကို လူအား၊ စက်ယန္တရားအားတို့ဖြင့် ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## အတ္တရံမြစ်ရေတိုးလာမှုကြောင့် ကျိုက်မရောမြို့နယ်၌ စပါးခင်း ဧက ၄၀၀ ကျော် ရေနစ်မြုပ်

**ကျိုက်မရော ဩဂုတ် ၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ အတ္တရံမြစ်ရေမြင့်တက်လာပြီး ရပ်ကွက်/ကျေးရွာများအတွင်းသို့ ရေများဝင်ရောက်လာသောကြောင့် စပါးခင်းများ ရေနစ်မြုပ်ပြီး စာသင်ကျောင်းတချို့ပိတ်ထားကြောင်း သိရသည်။

မြစ်ရေတိုးလာမှုကြောင့် အောင်ဗလကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းနှင့် ချောင်းနှစ်ခွကျေးရွာ အထက်တန်းကျောင်းတို့ ပိတ်ထားရပြီး မရင်းကုန်း၊ လမုခို၊ ချောင်းနှစ်ခွ၊ ကဒါ စသည့် မြစ်ကမ်းအနီးရှိကျေးရွာများသို့ ရေများဝင်ရောက်ကာ စပါးခင်းဧက ၄၀၀ ကျော် ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မန္တလေးမြို့၌ မြေသားပြုပြင်ရာမှ ကျောက်စိမ်းများတွေ့ရှိသည်ဟုဆိုကာ လာရောက်တူးဖော်နေမှုအား ရဲတပ်ဖွဲ့ကလုံခြုံရေးယူကာ တားမြစ်

**မန္တလေး ဩဂုတ် ၃**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၃ လမ်း ၈၅ လမ်းနှင့် ၈၆ လမ်းကြားတွင် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက လမ်းခင်းရန်မြေသားပြုပြင်ရာမှ ကျောက်စိမ်းများတွေ့ရှိသည်ဟုဆိုကာ လာရောက်တူးဖော်ကြသူများရှိခဲ့သဖြင့် ရဲတပ်ဖွဲ့က လုံခြုံရေးယူကာ တားမြစ်ထားကြောင်း သိရသည်။

“ကျောက်စိမ်းတွေရှိတဲ့နေရာကို ဩဂုတ် ၂ ရက် ည ၇ နာရီခန့်ကစပြီး ရဲတပ်ဖွဲ့ကလုံခြုံရေးယူထားတယ်။ အများသွားလာနေတဲ့ လမ်းပေါ်မှာဖြစ်တဲ့အတွက် မတူးဖို့တားထားတယ်။ ဟိုအရင်က ကျောက်စိမ်းသားဖြစ်တဲ့အတွက် ငွေကျပ် နှစ်ထောင်ရရ၊ တစ်ထောင်ရရ လာတူးကြတာပါ”ဟု အမှတ်(၆) မြို့မရဲစခန်းမှူး ရဲအုပ်ခင်သန်းက ပြောသည်။

ယခုကျောက်စိမ်းများတွေ့ရှိသည့် ရပ်ကွက်မှာ ယခင်က ကျောက်စိမ်းလုပ်ငန်းများလုပ်ကိုင်ခဲ့ပြီး ယခုတွေ့ရှိသည့် နေရာမှာ လွန်ခဲ့သော နှစ်(၃၀)ခန့်က ကျောက်ဖြတ်ခုံရှိခဲ့ကြောင်း ယင်းရပ်ကွက်နေပြည်သူများထံမှ သိရသည်။

“အခုကျောက်တွေတွေ့တဲ့နေရာက ကျောက်ဖြတ်တဲ့ နေရာဟောင်းပါ။ အရင်က အဖိုးမတန်လို့လွှင့်ပစ်ခဲ့ပေမယ့် အခုချိန်မှာက အပွင့်၊ လွှာချပ်နဲ့ ပုတီးအဆင့်လုပ်လို့ရတဲ့တန်ဖိုးက အသင့်အတင့်ရှိတဲ့အတွက် လာတူးတာပါ။ အခု တားမြစ်လိုက်ပြီဆိုတော့လည်း ဘယ်တတ်နိုင်မလဲ”ဟု ယင်းနေရာသို့ လာရောက်တူးဖော်သူ အမျိုးသားတစ်ဦးက ပြောသည်။

အဆိုပါနေရာကို မန္တလေးမြို့တော်စည်ပင်မှ လမ်းခင်းရန်အတွက် မြေကော်စက်ဖြင့်တူးဖော်နေစဉ် ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစတင်ကာ ကျောက်များတွေ့ရှိသည်ဟုဆိုကာ လာရောက်တူးယူကြခြင်းဖြစ်ပြီး ယနေ့တွင် လမ်းခင်းကျောက်များ လာရောက်ချထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# လူသတ်ထွက်ပြေးလာသူကို ငှင်းပုန်းအောင်းနေသော ရေမြောင်းအတွင်းမှ ဖမ်းဆီးနိုင်ခဲ့

**ရန်ကုန် ဩဂုတ် ၃**

လှိုင်သာယာမြို့နယ်အတွင်း ဩဂုတ် ၃ ရက် နံနက် ၁ နာရီခွဲက သောင်ကြီးရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် စက်မှုဇုန်(၅)(အမှတ်-၁၇ ရပ်ကွက်) ရှိ ကော်စုဘူးလုပ်ကိုင်သော ပိုင်ရှင်၏သားကို ဓားဖြင့်ထိုးပြီး ထွက်ပြေးသူအား ရေမြောင်းအတွင်းပုန်းအောင်းနေရာမှ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်မှုဇုန်(၅) ဒုဋ္ဌဝတီလမ်းရှိ ပလတ်စတစ်စုဘူး ထုတ်လုပ်သော အသေးစားလုပ်ငန်းလုပ်ကိုင်သည့် ဦးခင်ဇော်၏သားဖြစ်သူ ခင်မောင်လတ် (၂၆ နှစ်) နှင့် အလုပ်သမားဖြစ်သူ အငယ်ကောင် (ခ)သန်းလင်းထွန်း (၂၂ နှစ်)တို့ ဩဂုတ် ၂ ရက် က စကားများခဲ့ပြီး ညပိုင်းတွင် အငယ်ကောင်နှင့် အလုပ်သမားများ အရက်သောက်စားပြီးနောက် ယနေ့ နံနက်ပိုင်းတွင် အငယ်ကောင်က မကျေနပ်၍ ခင်မောင်လတ်အား ဓားဖြင့် ထိုးရာ လည်ပင်း၊ ယာချိုင်းအောက်နှင့် ရင်ညွန့်တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း၊ အငယ်ကောင်မှာ ပြစ်မှုကျူးလွန်၍ ထွက်ပြေးလာစဉ် အမှတ်(၁၂)ရပ်ကွက် ပဲခူးလမ်းသွယ်(၂)၌ သောင်ကြီးစခန်းမှ လှည့်ကင်းနှင့်တွေ့သဖြင့် ရေမြောင်းအတွင်း ပုန်းအောင်းနေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူ အငယ်ကောင် (ခ)သန်းလင်းထွန်းကို လှိုင်သာယာမြို့နယ် သောင်ကြီးနယ်မြေရဲစခန်း က အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း-သန်းထိုက်(လှိုင်သာယာ)**

**ဓာတ်ပုံ-သန်းစိုး**



**ပြစ်မှုကျူးလွန်သူ အငယ်ကောင် (ခ)သန်းလင်းထွန်းကို တွေ့ရစဉ်**

# ချောက်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ပြစ်မှုကျူးလွန်သူနှစ်ဦးအား အလုပ်နှင့် ထောင်ဒဏ်များချမှတ်

**ချောက် ဩဂုတ် ၃**

ချောက်မြို့နယ်၌ ၂၀၁၆ခုနှစ် ဇွန်လအတွင်းက စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည့် ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဩဂုတ်၂ရက်က မကွေးခရိုင်တရားရုံးမှ အလုပ်နှင့် ထောင်ဒဏ် အသီးသီး ချမှတ်ခဲ့ကြောင်း မကွေးခရိုင်တရားရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၆ ဇွန် ၂၇ရက် ညနေ ၆ နာရီခွဲခန့်က ချောက်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ချစ်ဆွေနှင့်အဖွဲ့သည် ချောက်မြို့တွင်းရှိ တိုးကျိုးပုလဲစားသောက်ဆိုင်အတွင်းမှ သိန်းဌေးစိုး(၂၈ နှစ်) ပဒေသာကျွန်းရွာ စလင်းမြို့နယ်နေသူကို စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃ ပြား၊ ဖုန်းနှစ်လုံးနှင့် ငွေကျပ် ၂၁၇၀၀၀တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး သိန်းဌေးစိုး၏ ထွက်ဆိုချက်အရ မီမီချစ်(ခ)အိန္ဒြာဦး( ၂၄ နှစ်) အမှတ်(၁၅) တိုးချဲ့ရပ်ကွက် ချောက်မြို့နေသူ၏ နေအိမ်သို့ ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သဖြင့် သိန်းဌေးစိုးနှင့် မီမီချစ်(ခ) အိန္ဒြာဦးတို့ကို ချောက်မြို့မရဲစခန်းမှ မယ ၄/၂၀၁၆ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့်ထားရှိပြီး မကွေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အမှုအမှတ် ၃၄/ ၂၀၁၆ ဖြင့် ဇူလိုင် ၂၆ ရက်က လက်ခံစစ်ဆေးခဲ့ပြီး ယခုနှစ် ဩဂုတ် ၂ ရက်က မကွေးခရိုင်တရားရုံးမှ ပြစ်မှုကျူးလွန်သူ သိန်းဌေးစိုးအား မူး/စိတ်ပုဒ်မ ၁၅ အရ အလုပ်နှင့် ထောင်ဒဏ်လေးနှစ်၊ ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်(သီးခြားစီ)နှင့် ပြစ်မှုကျူးလွန်သူ မီမီချစ်(ခ) အိန္ဒြာဦးအား မူး/စိတ် ပုဒ်မ ၁၆ (ဂ)အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျ**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်စဉ် ဩဂုတ် ၂ ရက်က လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး လားရှိုးနှင့် ရေပူကြား ရပ်တန့်ထားသော မော်တော်ယာဉ်များအား ပူးပေါင်းအဖွဲ့ကစစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် (၁၉၁ မိုင် ၇ ဖာလုံ) ပန်ဖက်ကျေးရွာအနီး၌ တွဲကား ၂၂ ဘီးယာဉ်တစ်စီး မသင်္ကာဖွယ် ရပ်တန့်ထားသည်ကိုတွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်သစ်လုံး ၁၈ လုံး (၃ ဒသမ ၄၅၂ တန်)၊ ပိတောက်ခေးရွေ ၆၃ တုံး (၆ ဒသမ ၃၈၆ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၇ ဒသမ ၇၉၈ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မုတ်သုံလေ အားကောင်း

**နေပြည်တော် ဩဂုတ် ၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုန်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေပါသည်။ **(မြန်မာ့အလင်း)**

# ရသေ့တောင်မြို့နယ်၌ စက်လှေတစ်စင်းနှင့်အတူ လူငါးဦးနှင့် နွား ၁၈ ကောင် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ထွန်းရဝေကျေးရွာချောင်းဆုံ၌ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက်ပိုင်းက လူငါးဦးနှင့် နွား ၁၈ ကောင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထွန်းရဝေကျေးရွာချောင်းဆုံ၌ ရေယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၁၀ နာရီခန့်က ဘူးသီးတောင်မြို့ဘက်သို့ မောင်းနှင်လာသည့် မသင်္ကာဖွယ်စက်လှေတစ်စင်းအား တွေ့ရှိသဖြင့် ရပ်တန့်စစ်ဆေးရာ စက်လှေပေါ်၌ ကျောက်တော်မြို့နယ်နေသူ ဦးဝင်းသန်း အပါအဝင် လူငါးဦးနှင့် နွား ၁၈ ကောင်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများအား အရေးကြီးကုန်စည် ပုဒ်မ ၅ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပန်းတောပြင်ကျေးရွာအုပ်စု အနောက်ရွာ မိုင်းပေါက်ကွဲမှုမှ မသင်္ကာသူသုံးဦး ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာအုပ်စု အနောက်ရွာ၌ ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည့် ပေါက်ကွဲခဲ့မှုဖြစ်စဉ်မှ မသင်္ကာသူသုံးဦးအား ယင်းနေ့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပန်းတောပြင်ကျေးရွာအုပ်စု အနောက်ရွာရှိ နေအိမ်တစ်လုံး၌ အကြမ်းဖက်သမားများ လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းနှင့် ဆက်စပ်သည့် မသင်္ကာသူ မဆူဗီယာအပါအဝင် နှစ်ဦးနှင့် ဇာဘောတာမောက်တို့အား ယင်းနေ့တွင် ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ခန့် သိမ်းဆည်းရမိ

**ရမည်းသင်း ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီနှင့် ရွှေမိုးယံရွှေသတ္တုတူးဖော်ရေးကုမ္ပဏီအကြား နှာဘူးတောင် စစ်ဆေးရေးဂိတ်၌ ဩဂုတ် ၂ ရက် ည ၇ နာရီခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ရဲတပ်ကြပ် ထွန်းထွန်းဦးနှင့် တပ်ဖွဲ့ဝင်များသည် မိုးထိမိုးမိဒေသ နှာဘူးတောင် စစ်ဆေးရေးဂိတ်တွင် စစ်ဆေးရေးဆောင်ရွက်စဉ် အမျိုးသားလေးဦးစီးနင်းလာသည့် ဆိုင်ကယ်နှစ်စီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာ ရှမ်းလေးစီးလာသည့် ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ ရှမ်းလေးပါလေးဦးတို့ကို ရမည်းသင်း မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်ဝင်းအောင် (ပြန်/ဆက်)**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၈၃၅ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိန် ၁၃/မအတ(နိုင်)၁၂၈၃၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/1636 Toyota Mark II Saloon(4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်မငယ် ၉/မရမ(နိုင်)၀၁၉၆၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊(မန္တလေးမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/8392 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/6391 HONDA AIRWAVE SW ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်သော်တာအောင် ၉/အမဇ(နိုင်)၀၆၃၃၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/3151 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/5545 Nissan Diesel CW63 GN Tractor Head(6x4) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမင်း ၁၄/ဟသတ(နိုင်)၀၄၃၇၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊(ရန်ကုန်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ (၄) လမ်း၊ အမှတ်(၁၃၉/၁)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောတိုက်အဆောက်အအုံမှ မှန်ခန်း(ခေါင်းရင်းခန်း)၊ အလျား၁၄ပေ×အနံ ၅၄ပေ အကျယ်အဝန်းရှိသော တိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်အေး ၁၂/ဥကတ(နိုင်)၁၂၈၈၅၆နှင့် ဒေါ်ကျင်ရီ ၁၂/ဥကတ(နိုင်)၁၀၀၆၃၃ တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်နွယ်နီအောင်(LL.B,LL.M,D.I.R)** **ဒေါ်ခိုင်ခိုင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)** **အထက်တန်းရှေ့နေ(စဉ်-၄၆၉၆၄)**
**အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈**

## ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်

B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

ဩဂုတ်လ(၅/၇/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့

Ph: 01-375970, 0951 72096, 09254541441

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၇၃၇၁ V Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်ကျော် ၉/ခအဇ(နိုင်)၀၂၇၉၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၂၆၅၄၆ Honda Dream ND 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါက်တာအောင်ကျော်ဆန်း ၁၂/စခန(နိုင်)၀၄၉၄၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/7875 Toyota Caldina S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေးကြည် ၁၂/သဃက(နိုင်)၁၀၀၃၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## GREENFEED®

"Modern Agriculture Practice"

**သက်ဆိုင်သူများသို့**

(ဓါတ်မြေဩဇာဆိုင်ရာနယ်ပယ်)

မလေးရှားအခြေစိုက် Slow Release ဓါတ်မြေဩဇာထုတ်လုပ်သူမှ မြန်မာနိုင်ငံတွင် ဖြန့်ချီရေးနှင့် ဖက်စပ်စက်ရုံတည်ထောင်ရေးအတွက် မဟာမိတ်ကုမ္ပဏီများ လက်တွဲလုပ်ကိုင်လိုသူရှာဖွေနေပါသည်။

ကျွန်ုပ်တို့ အတူတကွ ပူးတွဲပိုင်ဆိုင်သောအမှတ်တံဆိပ်အသစ် တည်ထောင်ခြင်းသို့မဟုတ် ကမ္ဘာအနှံ့ဖြန့်ချီပြီးဖြစ်သော ကျွန်ုပ်တို့ အမှတ်တံဆိပ် တစ်ဦးတည်းကိုယ်စားလှယ်ရယူခြင်းတို့ကိုပွင့်လင်းစွာဆွေးနွေးနိုင်ပါသည်။

ကျေးဇူးပြု၍ အောက်ပါ အဆက်အသွယ်သို့ အီးမေးလ်ပေးပို့ ဆက်သွယ်ပါ။

E-mail :policy@greenfeed.com.my

## ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၄)လမ်း၊ အမှတ်-၁၁/က မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ(ပထမထပ်)(ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း(၁၂½ပေ × ၄၀ပေ)ရှိ တိုက်ခန်းကို ဝယ်ယူမည်ဖြစ်ကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည်ဦးကျော်စိုး [၅/အရတ (နိုင်)၀၀၆၄၈၇] ထံမှ အထက်ဖော်ပြပါတိုက်ခန်းအား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ အထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက် အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ထားသောရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်လှဲ့လှဲ့ဝင်းဟန်(LL.B)** **ဦးမိုးသက်တင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၆၃) အထက်တန်းရှေ့နေ(စဉ်-၄၇၉၁၆)
ဖုန်း - ၀၉ ၅၀၀၆၈၄၃
တိုက်-၉/၁၁၊ အခန်း(၁၀၁-အေ) ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ

**စစ်ကိုင်း ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် ညနေ ၃ နာရီက စစ်ကိုင်းမြို့နယ် (၇၀၀) အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင် တက်ရောက် အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲပွဲထမနေ့၌ မုံရွာနှင့် ကသာ ခရိုင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ မုံရွာခရိုင်အသင်းက ကသာခရိုင်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုမှ ဘောလုံးအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ် ၂ ရက်မှ ဩဂုတ် ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် ဝန်ထမ်းများ၊ စစ်ကိုင်းခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများကို အုပ်ချုပ်သူများနှင့် အားကစားသမားများ၊ အားကစားဝါသနာပါသူများ လာရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**



# ပြင်ဦးလွင်မြို့မှ ရန်ကုန်မြို့သို့ တစ်ကိုယ်တော် အသွား၊ အပြန် လမ်းလျှောက်လာသူ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ

**မန္တလေး ဩဂုတ် ၃**

မြန်မာပြည်မှာ သမိုင်းသစ်ရေးထိုးမည့် ဦးကျော်ကျော်လင်း (ခ) ဦးနေမင်းခ (ခ)ဗိုလ်စနေ ပြင်ဦးလွင်မြို့သားသည် ၂၀၁၇ ဆီးဂိမ်းကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်-ရန်ကုန် လမ်းဟောင်းမှ အသွားအပြန် မိုင် ၁၀၀၀ ခရီးကို နေပူမိုးရွာမရှောင် ခြေကျင် လမ်းလျှောက်ခဲ့ပြီး ရန်ကုန်မြို့မှ ပြန်လည် လမ်းလျှောက်လာခဲ့ရာ အမရပူရ မြို့နယ် မြစ်ငယ်မြို့မှတစ်ဆင့် ဆိုင်ကယ်များ ခြံရံကာ မန္တလေးမြို့ ဗထူးအားကစားကွင်း အထူးတန်းရှေ့သို့ ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ရောက်ရှိလာသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူများက တစ်ကိုယ်တော်လမ်းလျှောက်သူအား နံနက်စာ၊ ညစာအာဟာရတို့ဖြင့် ကျွေးမွေးဧည့်ခံ ဂုဏ်ပြုပေးခဲ့ပြီး ဗထူးကွင်း အထူးတန်း၌ ညအိပ်ရပ်နားခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

○ *ကျောဖုံးမှ*

လေ့ကျင့်မှုများပြုလုပ်ခဲ့သော်လည်း ဝါရင့်ကစားသမား ရန်ပိုင်သည် အသက်အရွယ်အရ လက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့သောကြောင့် ကစားသမားသစ်များ အားဖြည့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၆ ခုနှစ်က မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရဖူးသည့် သီဟဇော်နှင့် ကောင်းဆက်နိုင်တို့ကို အားဖြည့်ရွေးချယ်ခဲ့ပြီး လက်ရှိတွင် ကစားသမား ၂၀ ဖြင့် လေ့ကျင့်လျက်ရှိသည်။ ကောင်းဆက်နိုင်သည် ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်ခဲ့သူဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်နှင့် နည်းပြအဖွဲ့ဝင်များ၊ ကစားသမားအများစုမှာ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းတွင် ပါဝင်နေသောကြောင့် ယာယီနည်းပြများဖြစ်သည့် ဦးကျော်လွင်၊ ဦးစိုးမြတ်မင်းနှင့် ဦးစိုင်းမောင်မောင်ဦးတို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိပြီး ဩဂုတ် ၂၉ ရက်တွင် မလေးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြ -ဦးကျော်လွင်၊ ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ-ဦးစိုင်းမောင်မောင်ဦး၊ ကစားသမားများအဖြစ် ဂိုး - ကျော်ဇင်ထက် (ရန်ကုန်)၊ သီဟစည်သူ(ရှမ်း)၊ ပြည့်လျှံအောင်(ရတနာပုံ)၊ နောက်တန်း - ကျော်စွာလင်း၊ ကျော်ဇင်လွင်(မကွေး)၊ ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း(ရန်ကုန်)၊ ဝင်းမင်းထွဋ်(ရှမ်း)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ အလယ်တန်း - ရန်အောင်ကျော်(ရန်ကုန်)၊ သီဟဇော်၊ မင်းမင်းသူ(ရောဝတီ)၊ ဇင်မင်းထွန်း၊ တင်ဝင်းအောင်၊ ချစ်စုမိုး(ရှမ်း)၊ စိုးမြတ်သူ(Southern)၊ သက်နိုင်(ရတနာပုံ)၊ ရှေ့တန်း - ကျော်ကိုကို(ရန်ကုန်)၊ ဒွေးကိုကိုချစ်(ရှမ်း)နှင့် ကောင်းဆက်နိုင် (ရန်ကုန်) တို့ပါဝင်ကြသည်။

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

● အာဆင်နယ်ဂိုးသမား မာတီနက်ဇ်သည် စပိန်ကလပ် ဂီတာဖေးအသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။ ၂၀၁၀ ခုနှစ်တွင် အာဂျင်တီးနားကလပ် အင်ဒီပန်ဒီအန်တီအသင်းမှ ရောက်ရှိလာသော မာတီနက်ဇ် (၂၄ နှစ်) သည် ပြီးခဲ့သောရာသီတွင် အာဆင်နယ်အသင်း၌ ငါးပွဲပါဝင်ကစားပေးရာ သုံးပွဲဂိုးမပေးရအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း သိရသည်။

● အဲဗာတန်ဝါရင့်အသင်းခေါင်းဆောင် ဖီးလ်ဂျာဂျဲလ်ကာသည် အသင်းနှင့် တစ်နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ အဲဗာတန်အသင်းနှင့် ၎င်း၏စာချုပ်သက်တမ်းသည် ရာသီကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သော်လည်း ၎င်းကို ကိုးမန်း၏အသင်းတွင် ၂၀၁၈-၂၀၁၉ ရာသီကုန်သည်အထိ ရှိနေမည်ဖြစ်သောကြေညာချက်ကို အဲဗာတန်အသင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ဂျာဂျဲလ်ကာက "ရာသီအကြိုပွဲစဉ်တွေအတွက် ပြန်လာခဲ့တယ်။ ကြံ့ခိုင်မှုအနေနဲ့လည်း ဖြစ်နိုင်သမျှ အမြင့်ဆုံးအနေအထား ထိရောက်အောင် ကြိုးစားခဲ့တယ်။ ပြီးတော့ နေရာတစ်နေရာစာအတွက်လည်း တိုက်ပွဲဝင်သွားမယ်"ဟု အသင်း၏ တရားဝင်ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

● ရင်းနက်စ်အသင်းမှ လူငယ်တိုက်စစ်မှူး ဒီယာခါဘီကို ငါးနှစ်စာချုပ်တစ်ရပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း မိုနာကိုအသင်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အသက် (၂၁ နှစ်)အရွယ် ဒီယာခါဘီသည် မိုနာကိုအသင်းသို့ ပေါင် ၁၀ သန်းဖြင့် ရောက်ရှိလာသူဖြစ်ကြောင်းလည်း သိရသည်။ ခါဘီက " လူငယ်အများစုနဲ့ ရွေးချယ်ဖွဲ့စည်းထားတဲ့ မိုနာကိုအသင်းကို ရောက်ရှိလာလို့ အလွန်ပျော်ပါတယ်" ဟု ပြောကြားခဲ့သည်။ ၎င်းသည် ပြီးခဲ့သောရာသီတွင် ရင်းနက်စ် အသင်းအတွက် ၂၅ ပွဲ ပါဝင်ကစားပေးထားပြီး လေးဂိုးသွင်းယူပေးထားကြောင်း သိရသည်။

**ဇော်ဇော်**

❂ *ကျောဖုံးမှ*

၎င်း၏ကျန်းမာရေးအခြေအနေမှာ သက်သာခြင်းမရှိဘဲ ပွဲကစားနိုင်သည့် ကြံ့ခိုင်မှုမျိုး မရှိသောကြောင့် ပဏာမလူစာရင်းမှ ချန်လှပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ၂၃ ဦးဖြင့် အပြီးသတ်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး အပြီးသတ်ကစားသမား ၂၀ ကို ယခုရက်ပိုင်းအတွင်း ထပ်မံရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဩဂုတ် ၄ ရက် **(ယနေ့)** တွင် နေပြည်တော်၌ကျင်းပမည့် ဆီးဂိမ်းအောင်နိုင်ရေး အလံအပ်နှင်းပွဲသို့ တက်ရောက်မည်ဖြစ်ပြီး နေပြည်တော်သို့ ရောက်ရှိနေစဉ်ကာလ အတွင်း နှစ်ရက်လေ့ကျင့်သွားမည်ဖြစ်သည်။

အုပ်ချုပ်သူ-ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ-ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ဦးမြင့်ကို၊ ဂိုးနည်းပြ-ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေး နည်းပြ-ပိုပေ့ါစကီး၊ ဂိုး-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ ဝေလင်းအောင်၊ နောက်တန်း-နန်းဝေမင်း၊ သီဟထက်အောင်၊ သောင်လျှပ်ထျန်၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်၊ နန္ဒကျော်၊ နိုင်လင်းထွန်း၊ အလယ်တန်း-ရဲရင့်ထွန်း၊ လှိုင်းဘိုဘို၊ မောင်မောင်လွင်၊ စည်သူအောင်၊ မောင်မောင်စိုး၊ ရန်နိုင်ဦး၊ ဇင်ဖြိုးအောင်၊ ရှိုင်းသူရ၊ ငြိမ်းချမ်းအောင်၊ ရှေ့တန်း-အောင်သူ၊ သန်းပိုင်၊ အောင်ကောင်းမာန်၊ ရွှေကိုတို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စု (က) ၌ မလေးရှား၊ စင်ကာပူ၊ လာအို၊ ဘရူနိုင်း တို့နှင့် ကျရောက်နေပြီး အဖွင့်ပွဲအဖြစ် ဩဂုတ် ၁၄ ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။


**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပ၊ အထက (၂)မှ ၂၀၁၆-၂၀၁၇ ပညာသင် နှစ်တွင် ဆတဥ-၁၅၁ ဖြင့် အောင်မြင်ခဲ့သော မကေခိုင်လွင်၏ဖခင်အမည်မှန်မှာ ဦးဘို သန်းထွေး ဖြစ်ပါသည်။

**ဦးဘိုသန်းထွေး၈/ပမန(နိုင်)၀၀၇၈၅၂**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်လှမဋ္ဌု ၃/ဘအန(နိုင်) ၂၃၅၃၅၀၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၆၆၀၂၁၈**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မနန်းသီတာမွေး ၃/လဘန (နိုင်)၁၅၉၃၆၂ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၀၀၉၈၇၈**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခိုင်သဇင်ဦး ၇/ဝမန (နိုင်) ၁၅၆၈၅၀ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၆၃၉၉၅၅**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စောကြယ်စင်လင်း ၃/လဘန(နိုင်) ၁၂၉၅၀၈၏ ပတ်စ်ပို့ နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၇၆၂၄၁၇၀၁၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဝင်းဇော်ထွန်း ၇/ညလပ(နိုင်) ၁၄၃၇၈၈၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၇၆၂၄၁၇၀၁၂**

**ဖခင်အမည်မှန်**

ပြင်ဦးလွင်မြို့နယ်၊ သုံးတောင် ကျေးရွာ(အထက-ခွဲ)ဆဋ္ဌမတန်းမှ မအေးချမ်းသူ၏ ဖခင်အမည်မှန်မှာ ဦးတင့်ဆွေ ၉/ပဥလ(နိုင်)၀၄၁၁၀၄ ဖြစ်ပါသည်။

**ဦးတင့်ဆွေ**

**အမည်မှန်**

တနိုင်းမြို့နယ်၊ သာယာ(၁) ရပ်ကွက်နေ အဘ ဦးရှောင်ဝမ်း၏ သား၊ တနိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးမှူးရုံးမှ လက်ထောက် ဦးစီး မှူး ဦးယာဟန်းနှင့် ဦးရာဟန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်းနှင့် အမည်မှန်မှာ ဦးယာဟန်း ၁/မကန (နိုင်)၀၁၈၄၁၅ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ပြင်ဦးလွင်မြို့နယ်၊ သုံးတောင် ကျေးရွာ (အထက-ခွဲ) နဝမတန်းမှ မောင်သီဟပိုင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းငွေ ၉/ပဥလ(နိုင်)၀၄၅၉၁၅ ဖြစ်ပါသည်။

**ဦးသိန်းငွေ**

**ဖခင်အမည်မှန်**

ပြင်ဦးလွင်မြို့နယ်၊ သုံးတောင် ကျေးရွာ (အထက-ခွဲ)ဆဋ္ဌမတန်းမှ မောင်ခန့်ချော၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်စိုင်း ၉/နထက(နိုင်)၀၉၈၅၇၄ ဖြစ်ပါသည်။

**ဦးဗိုလ်စိုင်း**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/8348 ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6B/9186 Suzuki Wagon R+SW(4×2)Lယာဉ်လက်ဝယ်ရှိသူ ဦးထွန်း အေး ၁၄/ပသန(နိုင်)၀၉၇၃၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်**

ပြင်ဦးလွင်မြို့၊ English House ကိုယ်ပိုင်အထက်တန်းကျောင်း နဝမ တန်းမှ မသဲသဲနွေး ၂၃-၁-၂၀၀၄၏ ဖခင်အမည်မှန်မှာ ဦးအေးနိုင် ၉/တတဥ (နိုင်)၀၈၉၁၃၈ ဖြစ်ပါသည်။

**ဦးအေးနိုင်**

**အမည်ပြောင်း**

ဦးနေမင်းအောင်၏သား ကျောက် တန်းမြို့ အထက(၂) ပဉ္စမတန်း (အခန်း-၂)မှ မောင်အေးသိန်းစိုး (၂၃/၁၂)အား မောင်စစ်သွေးအောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စစ်သွေးအောင်**

**ဖခင်အမည်မှန်**

ပေါင်မြို့နယ်၊ အထက(ခွဲ)၊ ဥတ္တံတား၊ နဝမတန်း(B)မှ မပန်းချစ် ထွေး၏ ဖခင်အမည်မှန်မှာ ဦးစံမြိုင် ၁၀/ပမန(နိုင်)၀၆၀၅၀၀ ဖြစ်ပါသည်။

**ဦးစံမြိုင်**

**အမည်မှန်နှင့် ဖခင်အမည်မှန်**

အထက(၁)၊ ဟုမ္မလင်းတက္ကသိုလ်ဝင် တန်း(B)မှ မောင်စိုင်းခမ်းနော်၏ အမည် မှန်မှာ မောင်ဆိုင်းခမ်းနော် ၅/ဟမလ (နိုင်)၁၄၆၉၄၈ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးတင့်လွင်၅/မလန(နိုင်)၀၂၃၇၀၃ ဖြစ်ပါ ကြောင်း။ **မောင်ဆိုင်းခမ်းနော်၊ ဦးတင့်လွင်**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၈၁ နှင့်ဆက်သွယ်သည့်**

**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၇၆**

ဒေါ်မှိုင်ကံထန်း **နှင့်** ၁။ ကိုလူဖေ ၂။ မရွှေမိတ် ၃။ ဒေါ်ညွှန့်ညွှန့် ၄။ ဦးအောင်ချစ် ၅။ ဒေါ်ခင်သန်းရင် ၆။ ဦးလားရင့်ချန်နာ ၇။ ဒေါ်မြင့်မြင့်သန်း ၈။ ဦးဂျိန်းလျှန်ဆိုင်း ၉။ ဦးရမ်းပန်းနာ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ သစ်ဆိမ့်ကုန်း ရပ်ကွက်၊ စစ်တောင်းလမ်း၊ အမှတ် ၉နေ တရားရှုံးများဖြစ်ကြသည့် (၁)ကိုလူဖေ၊ (၂) ဒေါ်ရွှေမိတ်၊(၃)ဒေါ်ညွှန့်ညွှန့်၊ (၄) ဦးအောင်ချစ်၊ (၅) ဒေါ်ခင်သန်းရင်၊ (၆) ဦးလားရင့်ချန်နာ၊ သဃ်န်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ ဣန္ဒိတံအိမ်ရာ၊ အမှတ် (၄၀/င)နေ (၇) ဒေါ်မြင့်မြင့်သန်း၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ကျောင်းကြီးရပ်နေ(၈) ဦးဂျိန်းလျှန်ဆိုင်း၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ အမှတ် ၃၅၂/၃၆၆ နေ(၉)ဦးရမ်းပန်းနာ(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၈၁ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မှိုင်ကံထန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၀ ရက် (၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျောက်တန်းမြို့၊ အနောက်ပိုင်းရပ်ကွက်၊ သူရိယလမ်းနေ ဦးသက်ရှည်-ဒေါ်မြင့်ကြိုင်တို့၏သား မောင်ဝင်းမော် ၁၂/ကတန (နိုင်)၀၉၉၂၉၂သည် မိဘများဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒ အလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

**ဦးသက်ရှည်-ဒေါ်မြင့်ကြိုင်**


# 8th Model ASEM 2017 ညီလာခံသို့
## တက္ကသိုလ်ကျောင်းသားကျောင်းသူများ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်ခြင်း

၁။ 8th Model ASEM သည် အာရှ-ဥရောပဒေသရှိ အဖွဲ့ဝင်နိုင်ငံပေါင်း(၅၁) နိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများပါဝင်၍ သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေး အယူအဆများကို လေ့ကျင့်ဆွေးနွေးညှိနှိုင်းသည့် ညီလာခံဖြစ်ပါသည်။ အဆိုပါညီလာခံအား (၂)နှစ်လျှင် (၁)ကြိမ် ကျင်းပလျက် ရှိပြီး (၈)ကြိမ်မြောက် အာရှ-ဥရောပတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ညီလာခံကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ၁၅-၁၁-၂၀၁၇ရက်မှ ၂၀-၁၁-၂၀၁၇ ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါသည်။

၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ပါသည်-

(က) အသက်(၁၈)နှစ်နှင့် (၃၀)နှစ်အတွင်းရှိရမည်။
(ခ) နိုင်ငံတကာဆက်ဆံရေးကို စိတ်ပါဝင်စားသူဖြစ်ရမည်။
(ဂ) အင်္ဂလိပ်စာ အရေး၊ အပြော ကောင်းမွန်ရမည်။
(ဃ) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုခုတွင် ပညာသင်ကြား နေသူဖြစ်ရမည်။

၃။ http://www.asef.org/projects/themes/education/4104-modelasem8 သို့ ဝင်ရောက်၍ Application Form များ တင်သွင်းနိုင်ပြီဖြစ် ပါကြောင်းနှင့် (၃-၉-၂၀၁၇)ရက် GMT 23:59 တွင် လျှောက်လွှာပိတ်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ တက္ကသိုလ်ကျောင်းသားကျောင်းသူ (၅၀)အား ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်မှုစာရင်းကို စက်တင်ဘာလတွင် ကြေညာ သွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ 8th Model ASEM 2017 ညီလာခံသို့ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းများနှင့် ဒေါက်တာကျော်နိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့် ပညာဦးစီးဌာန၊ ပညာရေးဝန် ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်၊ ဖုန်း- ၀၉-၅၁၉၁၆၈၁၊ ၀၁-၅၃၇၂၆၁၊ အီးမေးလ် drkyawnaing2009@gmail.com, drkyawnaing2009@moe-st.gov.mmသို့ ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

**(8th Model ASEM 2017 ကျင်းပရေးဆပ်ကော်မတီ)**


**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၅)ရပ်ကွက်နေ ဦးမင်းကြွယ် ၁၂/လသယ(နိုင်) ၀၂၁၅၇၁ နှင့် ဒေါ်လှမွန် ၁၂/လသယ (နိုင်)၀၁၈၂၂၇တို့၏သား မောင်ကျော်ဇေလတ် ၁၂/လသယ(နိုင်) ၀၁၉၀၇၀သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်၍ ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို တာဝန်မယူပါ။)

**ဒေါ်လှမွန် ၁၂/လသယ(နိုင်)၀၁၈၂၂၇**

# ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကမ္ဘာ့အကြီးဆုံးငါးဈေးတွင် မီးလောင်မှုဖြစ်ပွား



**တိုကျို ဩဂုတ် ၃**

ကမ္ဘာ့အကြီးဆုံးငါးဈေးကွက်ရှိရာနေရာဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်သည့် တိုကျိုမြို့၏ အကျော်ကြားဆုံးနေရာတစ်ခုဖြစ်သည့် စူကီဂျီ ငါးဈေးတွင် ကြာသပတေးနေ့က မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးသတ်သမားများစွာတို့သည် မီးတောက်များကိုငြိမ်းသတ်နိုင်ရန် အချိန်ကြာမြင့်စွာ ကြိုးစားခဲ့ကြရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြထားသည်။

လတ်တလောတွင် ထိခိုက်ဒဏ်ရာရရှိသူများစာရင်းနှင့် မီးလောင်သည့် ဈေးအတွင်းပိတ်မိနေသူများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်းမရှိသေးကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

မီးလောင်ကျွမ်းမှုသည် ဒေသစံတော်ချိန် ညနေငါးနာရီမထိုးမီစတင်လောင် ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးသတ်ကားအစီး ၃၀ ခန့် အဆိုပါနေရာသို့ ရောက်ရှိခဲ့ကြသည်။ မီးလောင်ရာမှထွက်ပေါ်လာသည့် မီးခိုးထုကြီးကောင်းကင်သို့ပျံတက်သွားသည့် မြင်ကွင်းကို သတင်းဓာတ်ပုံမှတ်တမ်းများတွင် ဖော်ပြထားသည်။

ကြီးမားသည့်မီးတောက်များအား ငြိမ်းသတ်နိုင်ရန် မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင် များ၏ ကြိုးပမ်းမှုသည် ငါးဈေးအတွင်းရှိ ကျဉ်းမြောင်းသောလမ်းကြိုလမ်းကြား များနှင့် တစ်ဆက်တည်းအခိုင်အမာတည်ဆောက်ထားသည့်အဆောက်အအုံများ ကြောင့် မီးငြိမ်းသတ်မှုကို အဟန့်အတားဖြစ်စေခဲ့သည့်အတွက် နှောင့်နှေးကြန့်ကြာ မှုများဖြစ်ပွားခဲ့ရသည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာသည် ငါးဈေး၏အပြင်ဘက်တန်းတွင် လောင်ကျွမ်း ခြင်းဖြစ်ပြီး ယင်းဧရိယာသည် ကမ္ဘာလှည့်ခရီးသွားများက ပင်လယ်စာများနှင့်ဆူရှီ ထမင်းလိပ်များ မှာယူစားသောက်နိုင်သည့် စားသောက်ဆိုင်များရှိရာ နေရာဖြစ်သည်။ မီးလောင်ကျွမ်းမှုသည် အဆောက်အအုံလေးခုဆီသို့ ကူးစက်ပျံ့နှံ့သွားခဲ့ပြီး အဆိုပါ ဧရိယာ၏ စတုရန်းကီလိုမီတာ ၂၀၀ ခန့်အထိ ကူးစက်ပျံ့နှံ့သွားခဲ့ကြောင်း သတင်း ရင်းမြစ်များက ဖော်ပြခဲ့သည်။

ပင်လယ်စာ လက်ကားရောင်းဝယ်သူများရှိရာ နေရာဖြစ်သည့် စူကီဂျီဈေးအတွင်း ပိုင်းသည် အရဏ်တက်ချိန်တွင် တူနာငါးများကို လေလံတင်ရောင်းချမှုပြုလုပ်သည့် နေရာဖြစ်ပြီး အဆိုပါနေရာကို မီးကူးစက်လောင်ကျွမ်းမှုမရှိခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**




အရေးပေါ်ဆင်းသက်ခဲ့သည့် အပေါ့စား လေယာဉ်ငယ်အားတွေ့ရစဉ်

## ပေါ်တူဂီနိုင်ငံတွင် လေယာဉ်ငယ်တစ်စင်းအရေးပေါ်ဆင်းသက်စဉ် လူနှစ်ဦးသေဆုံး

**လစ္စဘွန်း ဩဂုတ် ၃**

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တောင်ဘက် ကီလိုမီတာ ၃၀ အကွာတွင်တည်ရှိသော အယ်လ်မာဒါမြို့ရှိ စောဂျိအာကမ်းခြေတွင် ယမန်နေ့ကလေယာဉ်ငယ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း ပေါ်တူဂီသတင်းဌာနတစ်ခုဖြစ်သော လူဆာသတင်းဌာနက ဖော်ပြခဲ့သည်။

ထိုသို့အရေးပေါ်ဆင်းသက်ရာတွင် လေယာဉ်ဝန်ထမ်းနှစ်ဦးလုံး ထိခိုက်ဒဏ်ရာရရှိခြင်းမရှိသော်လည်း လေယာဉ်ဆင်းသက် စဉ်တွင် လေယာဉ်ပျံနှင့် မတော်တဆတိုက်မိပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးသွားကြောင်း အမျိုးသား ပင်လယ်ရေကြောင်း အာဏာပိုင်အဖွဲ့အစည်း၏ ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားခဲ့သည်။ သေဆုံးသွားသူနှစ်ဦးအနက် တစ်ဦးမှာ အသက် ၃၀ အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး အခြားတစ်ဦးမှာ အသက် ၅ နှစ်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦးဖြစ်ကြောင်း အမျိုးသားအရေးပေါ်ဆေးကုသရေးဌာနက ပြောခဲ့သည်။ သေဆုံးသွားသူနှစ်ဦးလုံးသည် တစ်ဦးနှင့်တစ်ဦး ဆွေမျိုးရင်းခြာ တော်စပ်သူများ မဟုတ်နိုင်ကြောင်း အမျိုးသားအရေးပေါ်ဆေးကုရေးဌာနက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ လေယာဉ်မတော်တဆဖြစ်မှုကို လေယာဉ်နှင့်ရထားလမ်းမတော်တဆမှုများဆိုင်ရာ စုံစမ်းစစ်ဆေးရေးနှင့် ကာကွယ် ရေးရုံးမှ အဖွဲ့တစ်ဖွဲ့က စတင်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

## အမေရိကန်တွင် စာသင်ကျောင်းတစ်ကျောင်း ပေါက်ကွဲမှုဖြစ်ပွားရာ လူတစ်ဦးသေဆုံး

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကာ ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားခြင်းသည် သဘာဝဓာတ်ငွေ့ယိုစိမ့်မှုကြောင့်ဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် အဆောက်အအုံပြိုကျခဲ့ကာ လူများပိတ်မိနေကြောင်း မင်နီဆိုးတားပြည်နယ် မင်နီပိုလီမြို့မီးသတ်တပ်ဖွဲ့က ပြောခဲ့သည်။

အဆောက်အအုံအတွင်းမှ သေဆုံးသူတစ်ဦးကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ပျောက်ဆုံးနေသူများကို ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း၊ ပေါက်ကွဲမှုကြောင့် နှစ်ထပ်အဆောက်အအုံမှာ လုံးဝပြိုလဲသွားကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးကပြောခဲ့သည်။

လတ်တလောတွင် ဒဏ်ရာရရှိသူများကို အနီးပတ်ဝန်းကျင်ရှိ ဆေးရုံသို့ ဆေးဝါး ကုသရန် ပို့ဆောင်ပေးခဲ့သော်လည်း အချို့မှာ ပြင်းထန်သော အခြေအနေရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**



## အီတလီမှ စစ်သင်္ဘောများ ကာတာနိုင်ငံ ဝယ်ယူမည်

**ဒိုဟာ ဩဂုတ် ၃**

ဆော်ဒီဦးဆောင်သော အာရပ်နိုင်ငံ များနှင့် ပဋိပက္ခများဖြစ်ပွားနေသော် လည်း ကာတာနိုင်ငံအနေဖြင့် အီတလီ နိုင်ငံမှ ယူရိုငွေ ငါးဘီလီယံတန်ဖိုးရှိ စစ် သင်္ဘောခုနစ်စင်း မှာယူခဲ့ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာ မက်ဘင်အဗဒူရာဟမ် အယ်လ်ထာနီက ပြောခဲ့သည်။

အီတလီနိုင်ငံမှ ယူရိုငွေ ငါးဘီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ ဘီလီယံ) တန်ဖိုးရှိ စစ်သင်္ဘောခုနစ်စင်း ဝယ်ယူသည့် စာချုပ်တစ်ခုကို ကာတာ ရေတပ်ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ကာတာနိုင်ငံကို ဆော်ဒီအာရေဗျ နိုင်ငံအပါအဝင် အီဂျစ်နိုင်ငံ၊ အာရပ် စော်ဘွားများပြည်ထောင်စုနှင့် ယင်း၏ မဟာမိတ်နိုင်ငံများက စစ်သွေးကြွများ အား ငွေကြေးထောက်ပံ့နေသည်ဟု စွပ်စွဲလိုက်သလို အီရန်နိုင်ငံနှင့်လည်း နီးကပ်စွာဆက်ဆံနေသည်ဟု ဆိုကာ ဇွန်လ ၅ ရက်နေ့ကတည်းက သံတမန် အဆက်အသွယ်နှင့် ကုန်သွယ်မှုများ ဖြတ်တောက်ခဲ့ကြောင်းသိရသည်။ **(ဆင်ဟွာ)**



## မြောက်ကိုရီးယားသို့သွားမည့် ခရီးသည်များကို အမေရိကန်ပိတ်ပင်

**ဝါရှင်တန် ဩဂုတ် ၃**

မြောက်ကိုရီးယားနိုင်ငံသို့သွားရောက်မည့် အမေရိကန်နိုင်ငံကူးလက်မှတ်ကိုင် ဆောင်ထားကြသူများအား ခရီးသွား လာခွင့်ပိတ်ပင်မှုသည် လာမည့် စက်တင်ဘာ ၁ ရက်တွင် စတင်သက် ရောက်မည်ဖြစ်ပြီး နိုင်ငံအတွင်းရှိ အမေရိကန်နိုင်ငံသားများအနေဖြင့် အဆိုပါ နေ့ရက်မကျရောက်မီအမြန်ဆုံး ထွက်ခွာကြရန်လိုအပ်ကြောင်း အမေ ရိကန်ပြည်တွင်းဦးစီးဌာနက ဗုဒ္ဓဟူးနေ့ တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဂျာနယ်လစ်များနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်း ဆောင်ရွက်သည့် အလုပ်သမားများကိုမူ ပိတ်ပင်မှု၏ ခြွင်းချက်အနေဖြင့်ခွင့်ပြုပေး သွားမည်ဖြစ်ကြောင်း အများပြည်သူကို သတိပေးချက်ထုတ်ပြန်မှုအတွင်း ထည့် သွင်းပြောကြားခဲ့သည်။ ပြီးခဲ့သည့်လက အမေရိကန်အစိုးရသည် မြောက်ကိုရီး ယားနိုင်ငံ၌ ကာလရှည်ကြာ ဖမ်းဆီးထိန်း သိမ်းထားနိုင်သည့်အန္တရာယ်ကြောင့် အမေရိကန်နိုင်ငံသားများအား မြောက် ကိုရီးယားနိုင်ငံသို့ သွားရောက်ခွင့်ကို ပိတ်ပင်သွားတော့မည်ဖြစ်ကြောင်း ပြော ကြားခဲ့သည်။

အမေရိကန်ကို ထိမှန်နိုင်လောက် သည့် နျူကလီးယားအဆင့်ရှိ ဒုံးကျည် ကို တိုးတက်ထုတ်လုပ်နိုင်ရန် လုပ် ဆောင်လျက်ရှိသည့် မြောက်ကိုရီးယား နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ အကြား တင်းမာမှုများမြင့်တက်နေချိန် တွင် အဆိုပါခရီးသွားလာခွင့်ပိတ်ပင်မှု ကိုထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည်အမေ ရိကန်ပြည်ထောင်စုက ၎င်း၏နိုင်ငံသား များကိုသွားရောက်ခွင့်ပိတ်ပင်လိုက် သည့် ပထမဆုံးသောနိုင်ငံဖြစ်လာတော့ မည်ဖြစ်သည်။ **(ရိုက်တာ)**

# ပဋိပက္ခတွေနဲ့ အဆုံးသတ်ခဲ့ရတဲ့ဗင်နီဇွဲလားရွေးကောက်ပွဲ

ချိုးစန္ဒီငွေး

**ဗင်နီဇွဲလားနိုင်ငံမှာ နိုင်ငံရေးမငြိမ်သက်မှုတွေ ဖြစ်နေတာ ကြာပါပြီ။ ပဋိပက္ခ ဖြစ်ပွားနေတာ တစ်နှစ်ခွဲလောက်ရှိလာတဲ့အခါမှာတော့ အခြေအနေတွေဟာ ပိုပိုပြီးဆိုးရွားလာခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဆင်ဖို့ ကြိုးစားနေတာဟာလည်း ကြာပါပြီ။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့မှာတော့ ဗင်နီဇွဲလားနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ လွှတ်တော်ကိုယ်စားလှယ်လောင်းရွေးချယ်ရန်အတွက် ဆန္ဒမဲကောက်ခံမှုတွေ ပြုလုပ်ခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေဟာ ခြိမ်းခြောက်မှုတွေကြောင့် ဆန္ဒမဲမပေးဝံ့ကြဘူးလို့လည်း ဆိုပါတယ်။ လမ်းမပေါ်မှာလည်း ဆန္ဒပြသူတွေနဲ့ ပြည့်နေပါတယ်။**



တနင်္ဂနွေနေ့မှာ ပြုလုပ်ခဲ့တဲ့ရွေးကောက်ပွဲမှာ ဗင်နီဇွဲလားသမ္မတနီကိုးလပ် မာဒူရိုဟာ အစီအစဉ်တွေကိုသူ့စိတ်ကြိုက် ပြုလုပ်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ သူကပဲ အမိန့်ပေးခဲ့ပါတယ်။ ညနေပိုင်းမှာတော့ ရွေးကောက်ပွဲ အရာရှိတွေဟာ အနိုင်ရရှိသူစာရင်းကို ကြေညာခဲ့ပါတယ်။ ဗင်နီဇွဲလား အစိုးရကို ပြင်ဆင်ဖွဲ့စည်းဖို့ ရည်ရွယ်ပြီး ရွေးကောက်ပွဲကို ကျင်းပခဲ့တာဖြစ်ပေမယ့် ဒီအငြင်းပွားဖွယ်ရာရွေးကောက်ပွဲမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ကန့်ကွက်ဆန္ဒပြသူတွေကြား ရုန်းရင်းဆန်ခတ်တွေ ဖြစ်ပွားခဲ့ပါတယ်။ သမ္မတမာဒူရိုကတော့ နိုင်ငံအတွင်းပဋိပက္ခတွေကြား လူပေါင်း ၁၂၀ လောက် သေဆုံးပြီးတဲ့နောက်မှာ ဒီရွေးကောက်ပွဲကနေ ငြိမ်းချမ်းမှုတွေရရှိလာလိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်။ သမ္မတက စိတ်ကြိုက်ပြုလုပ်ထားတဲ့ ရွေးကောက်ပွဲမှာ အတိုက်အခံဘက်က ကိုယ်စားလှယ်တွေဟာ ပါဝင်ခဲ့ခြင်းမရှိပါဘူး။ ဘရာဇီး၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ မက္ကဆီကိုနိုင်ငံတို့ဟာလည်း ဒီရွေးကောက်ပွဲဟာ ဗင်နီဇွဲလားနိုင်ငံရဲ့ ဒီမိုကရေစီကို ဖျက်ဆီးတယ်ဆိုပြီး ကန့်ကွက်ကြပါတယ်။ ဒီလိုမျိုးအငြင်းပွားဖွယ်ရွေးကောက်ပွဲ ကျင်းပပြီးတဲ့ အခါမှာတော့ အမေရိကန်ဟာ ဗင်နီဇွဲလားကို ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အမေရိကန်မှာရှိတဲ့ ဗင်နီဇွဲလားသမ္မတ နီကိုးလပ် မာဒူရိုရဲ့ စီးပွားရေးလုပ်ငန်းတွေအားလုံးကို ရပ်တန့်ပစ်လိုက်ပါတယ်။ တနင်္ဂနွေနေ့က ပြုလုပ်တဲ့ ရွေးကောက်ပွဲမှာကန့်ကွက်ဆန္ဒပြမှုတွေ အများအပြားဖြစ်ပွားခဲ့ပြီး လူ၁၀ဦးထက် မနည်း သေဆုံးခဲ့ရပါတယ်။ သမ္မတမာဒူရိုကတော့ ဒီရွေးကောက်ပွဲဟာ ပုန်ကန်မှုတွေကို ဖြစ်စေခဲ့တယ်။ အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေဟာ သူ့ကို နောက်တွန့်မသွားစေဘူးလို့ ဆိုပါတယ်။ သမ္မတမာဒူရိုဟာ အမေရိကန်မှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ထားသလား၊ မလုပ်ထားဘူးလား ဆိုတာကတော့ တိတိကျကျမသိရသေးပါဘူး။ အမေရိကန်ရဲ့ ပိတ်ဆို့မှုနဲ့ပတ်သက်ပြီး သမ္မတမာဒူရိုက သူဟာလွတ်လပ်ပြီး အမိအခိုကင်းတဲ့ သမ္မတဖြစ်လို့ အမေရိကန်ရဲ့ဩဇာအာဏာကို ခံယူစရာ မလိုဘူးလို့ဆိုပါတယ်။ အခု အသစ်ရွေးချယ်လိုက်တဲ့ တိုင်းပြုပြည်ပြုလွှတ်တော်ကိုယ်စားလှယ်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ အာဏာရရှိမှာဖြစ်ပြီး အတိုက်အခံအုပ်စုတွေကကြီးစိုးထားတဲ့ ဥပဒေပြုလွှတ်တော်ကို ဖျက်သိမ်းခွင့်ရှိမှာလည်းဖြစ်တယ်။ ဒီရွေးကောက်ပွဲကို သပိတ်မှောက်ထားတဲ့ အတိုက်အခံညွန့်ပေါင်းအဖွဲ့ကတော့ ၈၈ ရာခိုင်နှုန်းသော မဲဆန္ဒရှင်တွေဟာ မဲမပေးကြဘူးလို့ ပြောပါတယ်။ သူတို့ဟာ ဒီရွေးကောက်ပွဲကို ငြင်းဆန်ကြပါတယ်။ ရွေးကောက်ပွဲအရာရှိတွေရဲ့ ထုတ်ပြန်ချက်အရတော့ မဲပေးသူအရေအတွက်ဟာ ၄၁ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ကန့်ကွက်ဆန္ဒပြသူတွေဟာ မြို့တော် ကရာကတ်မှာရှိတဲ့ လမ်းတွေကို ပိတ်ဆို့ခဲ့ကြတယ်။ ဗင်နီဇွဲလားနိုင်ငံရဲ့ရှေ့နေချုပ်Luisa Ortega က အခုပြုလုပ်တဲ့ ဆန္ဒမဲပေးမှုတွေဟာ အာဏာရှင်စနစ်ကို ဦးတည်နေတယ်လို့ ပြောပါတယ်။ အမေရိကန်ကတော့ ဒီရွေးကောက်ပွဲကို အစကတည်းက အသိအမှတ် မပြုဘူးလို့ ကြေညာထားပြီးသားပါ။ အမေရိကန်သမ္မတ ထရန့်က ဒီရွေးကောက်ပွဲကိုဆက်ပြီး လုပ်ခဲ့မယ်ဆိုရင် စီးပွားရေးအရ ပိတ်ဆို့မှုတွေ ပြုလုပ်မယ်လို့ ကြေညာထားခဲ့ပါတယ်။

**သမ္မတက စိတ်ကြိုက်ပြုလုပ်ထားတဲ့ ရွေးကောက်ပွဲမှာ အတိုက်အခံဘက်က ကိုယ်စားလှယ်တွေဟာ ပါဝင်ခဲ့ခြင်းမရှိပါဘူး။ ဘရာဇီး၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ မက္ကဆီကိုနိုင်ငံတို့ဟာလည်း ဒီရွေးကောက်ပွဲဟာ ဗင်နီဇွဲလားနိုင်ငံရဲ့ ဒီမိုကရေစီကို ဖျက်ဆီးတယ်ဆိုပြီး ကန့်ကွက်ကြပါတယ်။ ဒီလိုမျိုး အငြင်းပွားဖွယ် ရွေးကောက်ပွဲကျင်းပပြီးတဲ့ အခါမှာတော့ အမေရိကန်ဟာ ဗင်နီဇွဲလားကို ပိတ်ဆို့မှုတွေပြုလုပ်ခဲ့ပါတယ်။ အမေရိကန်မှာရှိတဲ့ ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုရဲ့ စီးပွားရေးလုပ်ငန်းတွေအားလုံးကို ရပ်တန့်ပစ်လိုက်**

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Steven Munchin က ဗင်နီဇွဲလားနိုင်ငံကို ပိတ်ဆို့မှုတွေ ပြုလုပ်ကြောင်း ကြေညာခဲ့ပါတယ်။ တနင်္ဂနွေနေ့ကပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲကိုကြည့်မယ်ဆိုရင် သမ္မတမာဒူရိုဟာ အာဏာရှင်ဖြစ်ပြီး ဗင်နီဇွဲလားပြည်သူတွေရဲ့ဆန္ဒကို အလေးမထားတာ ပေါ်လွင်တယ်လို့ အမေရိကန်ဘက်က စွပ်စွဲပြောဆိုပါတယ်။ သမ္မတမာဒူရိုဟာ အမည်ပျက်စာရင်းသွင်းခံရတဲ့လေးယောက်မြောက် နိုင်ငံ့ခေါင်းဆောင်ဖြစ်ပါတယ်။

တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ရွေးကောက်ပွဲဟာ တကယ့်ကို ပရမ်းပတာနိုင်ခဲ့ပါတယ်။ သမ္မတမာဒူရိုက ပဋိပက္ခတွေ အဆုံးသတ်နိုင်အောင် ရည်ရွယ်ပြီးကျင်းပခဲ့ပေမယ့် အဆုံးသတ်မလုခဲ့ပါဘူး။ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်တဲ့ အသက် ၃၉ နှစ်အရွယ်ရှိ ဂျိုးဇက်ဖိလစ်ပိုင်ဒါဟာ ရွေးကောက်ပွဲမတိုင်မီညမှာပဲ သူ့အိမ်မှာပစ်သတ်ခံခဲ့ရပါတယ်။ စနေနေ့ညမှာပဲ လက်နက်ကိုင်တစ်စုက ဝင်ရောက်သတ်ဖြတ်သွားတာလို့လည်း သိရပါတယ်။ အဲဒီနောက်မှာတော့ ကရာကတ်မှာရှိတဲ့ လူလတ်တန်းစားတွေနေထိုင်တဲ့နေရာမှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါတယ်။ ပတ္တရောင်လှည့်တဲ့ ရဲအရာရှိခုနစ်ဦး ဒဏ်ရာရရှိခဲ့တယ်။ ကန့်ကွက်ဆန္ဒပြသူတွေကိုလည်း အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်တွေက ရော်ဘာကျည်ဆန်တွေ၊ မီးသတ်ပိုက်တွေ အသုံးပြုပြီး လူစုခွဲဖို့ကြိုးစားခဲ့ပါတယ်။ ဒီလိုမျိုးဆန္ဒပြသူတွေနဲ့ ရဲတွေကြားပဋိပက္ခတွေ ဖြစ်ပွားရာကတစ်ဆင့် လူ ၁၀ ဦး သေဆုံးခဲ့ရပါတယ်။



အစိုးရကို ကန့်ကွက်ဆန္ဒပြသူတွေရှိသလို ထောက်ခံအားပေးသူတွေလည်း ရှိပါတယ်။ သူတို့ကတော့ နိုင်ငံတွင်းမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေဟာ အတိုက်အခံတွေကြောင့်လို့ ဆိုပါတယ်။ သူတို့ကတော့ သမ္မတမာဒူရိုရဲ့ လုပ်ရပ်ကို ထောက်ခံကြပါတယ်။ အစိုးရက ဘာမှမလုပ်ဘဲနဲ့တော့ ဒီပဋိပက္ခတွေကို ဖြေရှင်းနိုင်မှာမဟုတ်ဘူး။ ဒါကြောင့်မို့ ရွေးကောက်ပွဲလုပ်တာမှန်တယ်လို့ သူတို့က ယူဆကြပါတယ်။

အတိုက်ခံဘက်က ပြုလုပ်တဲ့ ဆန္ဒမဲကောက်ခံမှုတွေမှာတော့ ပြည်သူ ခုနစ်သန်းမဲပေးခဲ့ကြပြီး ၉၈ ရာခိုင်နှုန်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ကို မလိုလားကြဘူးလို့ အတိုက်အခံတွေဘက်ကပြောပါတယ်။ သမ္မတ မာဒူရိုကတော့ ဒါတွေကိုအတည်မယူပါဘူး။

ဗင်နီဇွဲလားနိုင်ငံရဲ့လက်ရှိ အခြေအနေကတော့ အားရစရာမရှိပါဘူး။ ပြည်သူသန်းသုံးဆယ်ဟာ အခြေခံအစားအသောက်နဲ့ ဆေးဝါးပြတ်လပ်မှုဒဏ်ကို ခံစားနေရပါတယ်။ ဈေးဝယ်စင်တာကြီးတွေမှာလည်း ရောင်းစရာပစ္စည်းပြတ်လပ်နေပါတယ်။ ပြည်သူတွေဟာ အခြေခံစားသောက်ကုန်ပစ္စည်းတွေဝယ်ယူခွင့်ရဖို့ နာရီပေါင်းများစွာ ကြာအောင်တန်းစီစောင့်ဆိုင်းရတယ်။ တိုင်းပြည်ရဲ့စီးပွားရေးဟာလည်း ကျဆင်းနေတယ်။ ဒီလိုအချိန်မှာပဲ အစိုးရကို ကန့်ကွက်ဆန္ဒပြမှုတွေ ဖြစ်ပေါ်လာတယ်။ အစိုးရကဖမ်းဆီးထားတဲ့ အတိုက်ခံဘက်က ခေါင်းဆောင်တွေကို ပြန်လွှတ်ပေးဖို့တောင်းဆိုကြတယ်။ ဒီလိုမငြိမ်သက်မှုတွေကြားထဲမှာမှ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြင်ဆင်ဖို့ လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ပွဲပြုလုပ်ခဲ့တယ်။ အောင်မြင်မှုတွေမရရှိဘဲ အာဏာရှင်စနစ်ကို ဦးတည်တယ်ဆိုပြီး အမေရိကန်က စီးပွားရေးပိတ်ဆို့မှုတွေလုပ်လိုက်တယ်။

သမ္မတမာဒူရိုကတော့ အမေရိကန်ဟာ ဗင်နီဇွဲလားနိုင်ငံရဲ့ရေနံတွေကို အပိုင်စီးချင်လို့ အတိုက်အခံတွေကို အားပေးအားမြှောက်ပြုလုပ်နေတာလို့စွပ်စွဲပါတယ်။ စီးပွားရေးအရ ပိတ်ဆို့မှုတွေ ပြုလုပ်ပေမယ့် အခုအချိန်ထိတော့ အမေရိကန်ကို တင်သွင်းနေတဲ့ ရေနံအပေါ်မှာတော့ ကန့်သတ်မှုတွေမလုပ်သေးပါဘူး။ သမ္မတထရန့်ကတော့ ရေနံနဲ့ပတ်သက်ပြီး ပိတ်ဆို့မှုတွေ လုပ်လိုက်ရင် သမ္မတမာဒူရိုရဲ့မဟာမိတ်တွေကို ထိခိုက်တာထက် ပြည်သူတွေကပိုပြီး ခံစားရလိမ့်မယ်လို့ ပြောပါတယ်။

ဘာပဲပြောပြောအစိုးရနဲ့ အတိုက်ခံတွေကြား ပဋိပက္ခတွေဖြစ်ပွားမှုကနေ တစ်ဆင့်ထိခိုက်ခံစားနေရတာကတော့ ပြည်သူတွေပါပဲ။ နှစ်ဖက်စလုံးက ပြည်သူတွေရဲ့ဆန္ဒအမှန်ကို အလေးထားဖို့ လိုအပ်ပါတယ်။ ပြည်သူတွေကတော့ နိုင်ငံရေးအခြေအနေတည်ငြိမ်ပြီး စီးပွားရေးပြန်လည်ကောင်းမွန်ဖို့ကို မျှော်လင့်ကြမှာအမှန်ပါပဲ။ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲကတော့ တည်ငြိမ်မှုကို ရည်ရွယ်ပေမယ့် ပဋိပက္ခတွေအများကြီးဖြစ်ပွားခဲ့ရပါတယ်။ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးကတော့ ရွေးကောက်ခံထားရတဲ့ ကိုယ်စားလှယ် ၅၄၅ ဦးကိုတာဝန်ထမ်းဆောင်ခြင်းမပြုဖို့ တိုက်တွန်းထားပါတယ်။

**ကိုးကား - နယူးယောက်တိုင်းမ၊ ဘီဘီစီ**

## ဟစ်ဘိုလာနှင့် အယ်နူဆရာတပ်ဦးတို့ အကျဉ်းသားချင်းဖလှယ်

**ဆီးရီးယား ဩဂုတ် ၃**

ဟစ်ဘိုလာအဖွဲ့နှင့် ဆီးရီးယားရှိ အယ်ကိုင်ဒါများနှင့် ဆက်စပ်လျက်ရှိသော အယ်နူဆရာတပ်ဦးတို့သည် ဗုဒ္ဓဟူးနေ့က အကျဉ်းသားလဲလှယ်မှုကို လုပ်ဆောင်ပြီးစီးခဲ့သည်။ ဟစ်ဘိုလာအဖွဲ့မှ အကျဉ်းသားသုံးဦးနှင့် အယ်နူဆရာတပ်ဦးမှ အကျဉ်းသားတို့ အလဲအလှယ်ပြုလုပ်ခဲ့သည်ဟု အမျိုးသားအေဂျင်စီတွင်ဖော်ပြထားသည်။ဟစ်ဘိုလာအဖွဲ့မှ ဖမ်းဆီးခံခဲ့ရသူအကျဉ်းသားသုံးဦးမှာ ဟစ်ဘိုလာနှင့် အယ်နူဆရာတပ်ဦးတို့ အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသောနယ်မြေအတွင်းတွင် လမ်းပျောက်နေစဉ်အဖမ်းခံခဲ့ရခြင်းဖြစ်ပြီး ယခုအခါ သုံးဦးစလုံးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ယခုအခါ နှစ်ဖွဲ့စလုံးကငြိမ်းချမ်းရေး ရရှိအောင်ညှိနှိုင်းမှုများပြုလုပ်လျက်ရှိပြီး ယခုပြုလုပ်ခဲ့သော အကျဉ်းသားလဲလှယ်ရေးအစီအစဉ်သည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်တစ်ခုအပါအဝင်ပင်ဖြစ်သည်။ ငြိမ်းချမ်းရေးစာချုပ်တွင် ၂၀၁၅ခု နှစ်အတွင်း အလက်ပိုမြို့၌ ဖမ်းဆီးခံထားရသော ဟစ်ဘိုလာအဖွဲ့မှ အကျဉ်းသားငါးဦးကို လွှဲပြောင်းပေးရေးလည်းပါဝင်သည်။

အကျဉ်းသားခြင်းဖလှယ်ရေးအစီအစဉ်သည် ဟစ်ဘိုလာတိုက်ခိုက်ရေးသမားများနှင့် ဆီးရီးယားတပ်ဖွဲ့တို့ကြား တိုက်ပွဲများပြင်းထန်မှုကြောင့် အားပျော့လာခဲ့သည်။ ဆီးရီးယားနယ်စပ်အနီးတွင် အယ်နူဆရာတပ်ဦးမှ တိုက်ခိုက်ရေးသမားများက တောင်တန်းဒေသများကို ထိန်းချုပ်ထားသည်။

**(ဆင်ဟွာ)**

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

***ယမန်နေ့မှ အဆက်***

၄၉။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ထုတ်ကုန်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားလျှင် ယင်းထုတ်ကုန်ကို အခြားသူတစ်ဦးက ယင်း၏သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း ပြုလျှင် ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားလျှင် ယင်းထုတ်လုပ်မှုနည်းစဉ်အား အခြားသူတစ်ဦးက ယင်း၏ သဘောတူညီချက်မပါဘဲ အသုံးပြုလျှင်ဖြစ်စေ၊ ယင်း ထုတ်လုပ်မှုနည်းစဉ်ကို တိုက်ရိုက်အသုံးပြုပြီး ထုတ်လုပ်သော ထုတ်ကုန်တစ်ခုကို ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့် အပြုအမူများကို ဆောင်ရွက်လျှင်ဖြစ်စေ ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(ခ) တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဂ) အခန်း (၁၄) နှင့် အခန်း (၁၅) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်း၏တီထွင်မှု မူပိုင်ခွင့် အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၅၀။ ပုဒ်မ ၁၄ ပုဒ်မခွဲ (ဃ) အရ အလုပ်သမားက တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသည့် တီထွင်မှုအပေါ်တွင် အလုပ်ရှင်သည် တစ်ဦးတည်းပိုင်မဟုတ်သော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ရရှိစေရမည်။

၅၁။ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို စီးပွားဖြစ်မဟုတ်ဘဲ အသုံးပြုခြင်း သို့မဟုတ် ပုဂ္ဂလိကတစ်ဦးချင်းအတွက် အသုံးပြုခြင်း၊

(ခ) စမ်းသပ်လေ့လာရန် သို့မဟုတ် သုတေသနပြုရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း၊

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ယာယီအားဖြင့်ဖြစ်စေ၊ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် မတော်တဆဖြစ်စေ ဝင်ရောက်လာသော အခြားနိုင်ငံများမှ လေယာဉ်၊ ကုန်းလမ်းသွားယာဉ်များ သို့မဟုတ် ရေယာဉ်များပေါ်ရှိ တီထွင်မှုမူပိုင်ခွင့်နှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာတန်ဆာပလာများအား အသုံးပြုခြင်း၊

(ဃ) တီထွင်မှု မူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို လျှောက်ထားသည့် နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုသည့် နေ့ရက်မတိုင်မီ တစ်စုံတစ်ဦးမှ သဘောရိုးဖြင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့အသုံးပြုရန် ထိရောက်သော ပြင်ဆင်ဆောင်ရွက်မှုကို ပြုလုပ်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ၎င်း၏ သဘောတူညီချက်အရဖြစ်စေ ရောင်းချခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း (အစုရှယ်ယာများအဖြစ် ရောင်းချရန် စတော့အိတ်ချိန်းဈေးကွက်တွင် တင်ထားခြင်း) သို့မဟုတ် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ဈေးကွက်တွင် ရောက်ရှိနေသော တီထွင်မှုမူပိုင်ခွင့်ရရှိထားသည့် ပစ္စည်းများအား ရောင်းဝယ်ဖောက်ကားခြင်း၊

(စ) ထုတ်ကုန်တစ်ရပ်ရပ်ကို ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်ဆိုင်သော နိုင်ငံတော်၏ သို့မဟုတ် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ်အရ လိုအပ်သည့်သတင်းအချက်အလက်များ ပြုစုတင်ပြခြင်းတို့နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို ခိုင်လုံစွာသက်ဆိုင်သော အသုံးပြုမှုအတွက်သာ ပြုလုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်း၊

(ဆ) မှတ်ပုံတင်ထားသော ဆေးဘက် သို့မဟုတ် သွားဘက်ဆိုင်ရာ ကုသရေးလုပ်ငန်း လုပ်ကိုင်နေသူ တစ်ဦးမှပေးသော ဆေးစာအညွှန်းအရ တစ်ဦးတစ်ယောက်အတွက် ဆေးဆိုင်တွင် ဆေးဝါးဖော်စပ်ပေးခြင်းများ ပြုလုပ်ခြင်း။

၅၂။ တီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ယင်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင် -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မခွဲဝေရသေးသော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိသည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးကို လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သူအား အခြားသော တီထွင်မှုမူပိုင်ခွင့် ပူးတွဲရရှိသူများ၏ သဘောတူညီချက် ရယူရန်မလိုဘဲ တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိသူထံမှ အခွင့်အရေးများအား တရားဝင်ဆက်ခံရရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

**အခန်း (၁၄)**

**တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို လွှဲပြောင်းခြင်း**

၅၃။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏တီထွင်မှု မူပိုင်ခွင့်ပိုင်ဆိုင်မှုကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၅၄။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၅၃ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၅၃ ပုဒ်မခွဲ(ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပိုင်ဆိုင်မှု လွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် တောင်းဆိုလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၅။ တီထွင်မှုမူပိုင်ခွင့်ပေးရန် လျှောက်ထားချက် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု၏ လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် တောင်းဆိုချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိရမည်။

၅၆။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

၅၇။ နိုင်ငံတော်ရှိ မျိုးရိုးဗီဇ၊ ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှ တိုက်ရိုက်ဆင်းသက်လာသော တီထွင်မှုတစ်ခုနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၇ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိဘဲ လျှောက်ထားသူကမှားယွင်းစွာ ချန်လှပ်၍ လျှောက်ထားခဲ့သည့် တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့ကြောင်းတွေ့ရှိလျှင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်ကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန် တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်း၏ အကျိုးအမြတ်ကို လွှဲပြောင်းရယူရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် ဦးစီးဌာနမှ သတ်မှတ်သည့် အဖွဲ့အစည်းတို့အား အကြောင်းကြားရမည်။

(ဂ) ပုဒ်မခွဲ (က) အရ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်း၏ အကျိုးအမြတ်များကို သက်ဆိုင်ရာ အဖွဲ့အစည်းက လွှဲပြောင်းရယူပြီးနောက် တီထွင်မှုမူပိုင်ခွင့်သည် အများပြည်သူနှင့် အလွန်အမင်း သက်ဆိုင်လာလျှင်သော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာနှင့် အေးချမ်းတည်ငြိမ်မှုဆိုင်ရာ ကိစ္စရပ်များ ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ရုပ်သိမ်းရမည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို စွန့်လွှတ်စေရမည်။

**အခန်း (၁၅)**

**ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း**

၅၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့ အစည်းကိုဖြစ်စေ ယင်း၏ မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့်ကို အသုံးပြုရန်အတွက် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၅၉။ တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့်ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက်စာတမ်း အမှတ်အသား မိတ္တူမှန်နှင့်အတူ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၆၀။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၅၉ အရ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းနှင့် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ခြင်းမရှိကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နိုင်ခြင်း မရှိကြောင်း၊ ယေဘုယျအားဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား သို့မဟုတ် အနှောင့်အယှက် ဖြစ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် အဆိုပါ အကျိုးသက်ရောက်မှု တစ်ခုခုကိုဖြစ်စေသည့် အချက်တစ်ရပ်ရပ် ပါရှိခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိုခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၁။ တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ယင်း၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင်အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှ ပယ်ဖျက်ပြီး ယင်းသို့ ပယ်ဖျက်ကြောင်း အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၂။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

**အခန်း (၁၆)**

**မလွှဲမသွေပေးရမည့်လိုင်စင်**

၆၃။ (က) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်အဖွဲ့အစည်းတစ်ရပ်ရပ်သည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် မလွှဲမသွေပေးရမည့်လိုင်စင်ကို ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(၁) နိုင်ငံတော်၏ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် လိုအပ်ခြင်း၊ အများပြည်သူ၏ အစာအာဟာရ၊ ကျန်းမာရေး၊ အမျိုးသားအကျိုးစီးပွား၏အခြားသော အရေးပါသည့် အခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အလွန်အမင်း လိုအပ်လျက်ရှိခြင်း၊

(၂) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူမှ အသုံးပြုသည့် နည်းလမ်းသည် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည်ဟု တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းက ဆုံးဖြတ်ပြီး ဤပုဒ်မခွဲနှင့်အညီ တီထွင်မှုအား အသုံးပြုခြင်းသည် အဆိုပါ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် လုပ်ရပ်အား ကုစားနိုင်မည့် အခြေအနေဖြစ်ခြင်း၊

(၃) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူက ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ဆိုင်ရာ သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းမှ ဟန့်တားမှုမရှိဘဲ လျစ်လျူရှုထားခြင်း၊

(၄) တီထွင်မှုသည် နိုင်ငံတော်တွင် ထုတ်လုပ်ခြင်းမှသော်လည်းကောင်း၊ တင်သွင်းခြင်းမှ သော်လည်းကောင်း လုံလောက်သည့်အရေအတွက် သို့မဟုတ် အရည်အသွေး သို့မဟုတ် သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် နိုင်ငံတော်တွင် မရရှိနိုင်ခြင်း၊

(၅) စီးပွားဖြစ်စေနိုင်၍ အရေးပါသော နည်းပညာအဆင့်မြင့်မှုတစ်ရပ်ပါရှိသော တီထွင်မှုအတွက် တောင်းဆိုထားသည့် ဒုတိယတီထွင်မှု မူပိုင်ခွင့်သည် ပထမတီထွင်မှုမူပိုင်ခွင့်တွင်တောင်းဆိုထားသည့် တီထွင်မှုနှင့်ဆက်စပ်နေပြီး ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှုမူပိုင်ခွင့်အား အသုံးမပြုဘဲ မဆောင်ရွက်နိုင်ခြင်း။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ လျှောက်ထားလာသော လျှောက်ထားတောင်းဆိုချက်ကို စိစစ်၍ ကော်မတီသို့ တင်ပြရမည်။ ဦးစီးဌာန၏တင်ပြချက်အပေါ် ကော်မတီသည် နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၆၄။ (က) ကော်မတီသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ တောင်းဆိုချက်အပေါ် နှစ်ဖက်စလုံးမှ ဖြစ်စေ၊ တစ်ဖက်တည်းမှဖြစ်စေ ကြားနာရန် ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီးနောက် မလွှဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ရသော အခြေအနေများသည် ရပ်စဲသွားလျှင် သို့မဟုတ် ထပ်မံဖြစ်ပွားဟန် မရှိတော့လျှင် သော်လည်းကောင်း၊ အသုံးပြုခွင့်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ယင်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပေါ်ပေါက်ခဲ့လျှင်သော်လည်းကောင်း ယင်းလိုင်စင်ကို ရုပ်စဲရမည်။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင် ဖော်ပြစေကာမူ ကော်မတီသည် အသုံးပြုခွင့် ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တရားဝင် အကျိုးစီးပွားအား လုံလောက်သော အကာအကွယ်ပေးရန် လိုအပ်ချက်သည် ယင်းလိုင်စင်ကို ဆက်လက်အသုံးပြုခွင့်ပေးရန် ဆုံးဖြတ်ချက်နှင့် ညီညွတ်မျှတသည်ဟု ယူဆလျှင် သော်လည်းကောင်း၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂) အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သောလုပ်ရပ်ကို ကုစားနိုင်ရန် ထုတ်ပေးထားသော လိုင်စင်ဖြစ်ခဲ့လျှင် သော်လည်းကောင်း၊ မလွှဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးရန်အခြေအနေများ ထပ်မံဖြစ်ပွားဟန်ရှိလျှင်သော်လည်းကောင်း အဆိုပါလိုင်စင်ကို ရုပ်စဲခြင်းမပြုရ။

၆၅။ မလွှဲမသွေပေးရမည့်လိုင်စင်သည် သီးသန့်အခွင့်အရေးမရရှိနိုင်သော လိုင်စင်ဖြစ်သဖြင့် အောက်ပါအချက်များတွင် အသုံးပြုခွင့်မရှိစေရ-

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူကိုယ်တိုင် နိုင်ငံတော်တွင် ထုတ်လုပ်ရာတွင်ဖြစ်စေ၊ တင်သွင်းရာတွင်ဖြစ်စေ၊ နှစ်ရပ်စလုံးတွင်ဖြစ်စေ ယင်း၏တီထွင်မှုကို အသုံးပြုခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူမှ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် သဘောတူစာချုပ်များအား ချုပ်ဆိုခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၄၉ တွင် ပါရှိသော ယင်း၏အခွင့်အရေးများအား ဆက်လက်ကျင့်သုံးခြင်း။

***(ဆက်လက်ဖော်ပြပါမည်)***

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၈၀)

# တရားသူကြီးစာရေးဆရာ များစွာပေါ်ထွန်းပါစေ



ဦးဟန်ညွန့် (ဥပဒေ)

**စာအုပ်ပေးဖို့**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးထံမှ စာအုပ်တစ်အုပ် လက်ဆောင်ပေးပို့၍ ရရှိသည်။ စာအုပ်အမည်မှာ **၂၀၁၆ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ 2016 ANNUAL REPORT ဖြစ်သည်။**

**အများသိရှိလာစေရန် ရည်ရွယ်ချက်**

"တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းရပ်ဖြစ်ပြီး စိန်ခေါ်မှုများလည်း အမြောက်အမြားရှိသည်မှာ မလွဲပင်ဖြစ်သည်။ ယခု တရားရုံးနှစ်စဉ်အစီရင်ခံစာသည် တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန် တရားရုံး၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ထုတ်ပြန်လိုက်ရပေသည်"ဟု ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ဥယျောဇဉ်တွင် ဖော်ပြထားချက်ကို အထက်ပါ အစီရင်ခံစာ စာအုပ်တွင် တွေ့မြင်ဖတ်ရှုရသည်။

**မာတိကာ**

ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တရားရုံး၏ တန်ဖိုးများ၊ တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်၊ တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှုဖော်ပြချက်၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ၊ တရားရုံးဖွဲ့စည်းပုံ၊ တရားရုံးစီမံခန့်ခွဲမှု၊ မှုခင်းများစစ်ဆေးစီရင်ခြင်း၊ အခြားကြိုးပမ်း ဆောင်ရွက်မှုများ၊ မဟာဗျူဟာစီမံကိန်း ဒုတိယနှစ်လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နောက်ဆက်တွဲများ ပါဝင်သည်။

**ပြည်သူလူထု၏ ယုံကြည်စိတ်ချမှု**

တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဟူသော ရည်မှန်းချက်ကို အစီရင်ခံစာစာအုပ်၏ ထိပ်ဆုံးတွင် ဖော်ပြထားသည်ကို ကျွန်တော်အထူးသတိပြုသည်။ အရေးကြီးသည့် အချက်ပါ။ ယနေ့အများက တောင်းဆို ဖြစ်စေချင်သော ဆန္ဒအမှန်လည်းဖြစ်ပါသည်။

**ပြည်သူလူထုယုံကြည်စိတ်ချဖို့ကရော ဘယ်ပေတံနှင့် တိုင်းတာမည်လဲ။ ပေတံ(သို့)တန်ဖိုးဖြစ်ပါမည်။**

(၁) သာတူညီမျှမှုနှင့်တရားမျှတမှု
(၂) တရားစီရင်ရေး လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
(၃) လက်လှမ်းမီနိုင်မှု
(၄) မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှုတို့ ဖြစ်သည်။ တစ်နည်းအားဖြင့် တရားရုံး၏တန်ဖိုးများ ဖြစ်သည်။

**[အထက်ပါအစီရင်ခံစာ စာအုပ်-စာမျက်နှာအဖွင့်]**

**ယထာဘူတကျကျအကဲဖြတ်နိုင်စေရန်**

တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်၊ တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို အများသိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ဤအစီရင်ခံစာကို ထုတ်ပြန်ကြောင်းလည်း ဖော်ပြထားသည်။

**ယထာဘူတဆိုတာဘာလဲ**

**ယထာဘူတ**- ဖြစ်ထိုက်သည့်သဘာဝအတိုင်း မှန်ကန်ညီညွတ်စွာ ဖြစ်ပျက်ခြင်း၊ အမှန်အတိုင်းဖြစ်ခြင်း၊ မိမိ ကိုယ်ကာယကို ယထာဘူတကျသည့် နည်းလမ်းဖြင့် ကြည့်ရှုဆင်ခြင်ခြင်း-ဟူ၍ **မြန်မာအဘိဓာန်အတွဲ(၃) စာမျက်နှာ ၂၁၆** တွင် ဖွင့်သည်။ ဤဖွင့်ဆိုချက်နှင့်အညီ ပြည်သူအများက တရားရုံးများအပေါ် အကဲဖြတ်ကြပေလိမ့်မည်။ မလိုမုန်းထားတစ်ဖက်




သတ်အမြင်များကိုမူ ပယ်ရှားရပေမည်။

**အများပြည်သူအတွက် အသိအမြင်မြှင့်တင်ရေး**

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website တွင် သတင်းများလွှင့်တင်
- အမှုခေါ်စာရင်း၊ စီရင်ချက်ချမည့်အမှုလွှင့်
- တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်ဖြန့်ဝေ
- မဟာဗျူဟာစီမံကိန်းအစီအစဉ်စာအုပ်ဖြန့်ဝေ
- တရားမမှု၊ ရာဇဝတ်မှု၊ စာချွန်တော်အကြောင်းသိကောင်းစရာ လက်ကမ်းစာစောင်ဖြန့်ဝေ
- အခြားတရားရေးစာစောင်၊ စာအုပ်များထုတ်ဝေ
- သတင်းပြန်ကြားရေးအရာရှိများခန့်ထားရေး
- သတင်းမီဒီယာများနှင့်တွေ့ဆုံ
- ဥပဒေပြင်ဆင်ချက်ရေးဆွဲရေးပါဝင်
- ပြစ်ဒဏ်ကျ၊ အချုပ်ခံနေရသူများအား ဥပဒေအခွင့်အရေး ရရှိရေးဆောင်ရွက်
- နိုင်ငံခြားတရားရေးကိစ္စများစီမံ
- တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ ရှေ့နေများပါဝင်သည့် မှုခင်းအစည်းအဝေးများကျင်းပ... စသည်များ အားတက်ဖွယ်ပါဝင်၍ ဖတ်ရှုလေ့လာရသည်။

**ရှေ့ဆက်ရမည့်ခရီး**

သာတူညီမျှမှုနှင့် တရားမျှတမှုအတွက် တရားသူကြီးများက ဦးဆောင်၍ တရားစီရင်ရေးကို ဖော်ဆောင်နေကြသည်။ တရားသူကြီးများ၏ ဆင်ခြင်တုံတရား အရေးကြီးပုံကို ကျွန်တော်တင်ပြရေးသားခဲ့ပြီး ဖြစ်သည်။ သို့သော်ငြား အထင်မှား၊ အမြင်မှားကာ တစ်ဖက်သတ်ရေးသည်ဟု ထင်မြင်သူများရှိသည်။ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိပါသည်။ သို့သော်အဓိကပန်းတိုင်တော့ မပျောက်စေလို။ တရားဥပဒေစိုးမိုးရေးပန်းတိုင်မပျောက်ဖို့၊ တရားစီရင်ရေးစနစ် အောင်မြင်ဖို့ကို မမေ့ကြစေလို။

တရားသူကြီးတစ်ဦးတည်း၊ တစ်ယောက်တည်းမှာသာ တာဝန်မရှိ။ ဥပဒေအရာရှိ၊ ရဲအရာရှိ၊ ရှေ့နေ၊ သက်သေစသည့်ဖြင့် ဆက်နွှယ်သူတွေအားလုံး ပခုံးထက်မှာ တာဝန်တွေနှင့်ပါ။ တစ်ဦးတည်း၊ တစ်ယောက်တည်းအပြစ်ပုံချစရာမလိုပါ။ တရားသူကြီးက ဆင်ခြင်တုံတရားနှင့်အညီ အာမခံကိစ္စ သုံးသပ်ရမည်ဖြစ်သလို ဥပဒေအရာရှိကလည်း ဆင်ခြင်တုံတရားနှင့်အညီ ရုပ်သိမ်းခွင့်ကိစ္စဆုံးဖြတ်သုံးသပ်ရမည်သာ။ "သူ့ကျတော့ အပြစ်ပြော၊ ငါ့ကျတော့ မထိနှင့်" ဟု ခွဲခြားစိတ်မရှိပါ။ ကျယ်ကျယ်ပြန့်ပြန့်လေ့လာ၊ သုံးသပ်၊ ဝေဖန်၊ စေတနာမှန်စေပါသည်။ ပုဂ္ဂိုလ်ရေးမကြည့်၊ ဌာနအသိဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့သည်များ အများအပြားဖြင့် ကျွန်တော်၏ ဥပဒေအရာရှိဘဝတွင် မှတ်တမ်းကမ္ပည်းများ တင်ထားခဲ့ပါသည်။ အမှားနည်းအောင် ကြံဆောင်ကြိုးပမ်းခဲ့ပါသည်။

**တရားသူကြီးစာရေးဆရာများ**

"**တရားရေးဂျာနယ် ဖတ်ရှုစဖွယ်**" ဆောင်းပါး [ မြန်မာ့အလင်း ၊ ၂၈-၇-၂၀၁၇၊ စာ-၁၇ ] တွင် တရားရေးဂျာနယ်မှတစ်ဆင့် သတင်းစာအသီးသီး၊ ဂျာနယ်အသီးသီးသို့ တရားသူကြီးစာရေးဆရာများ တိုးပွားရေးသားနိုင်ကြပါစေ၊ [တရားသူကြီးဆိုတာ အမှုစစ်နေတာမို့ အမှုအကြောင်း ပြောခွင့်မရှိဘူး] ဟု စံမှတ်ထုံးတမ်းကိုကား လေးစားပါ၏။ သို့သော်ငြား ပြည်သူသိသင့်၊ ပြည်သူ သိထိုက်သော တရားသဘောများကိုတော့ ပြောစေချင်သည်၊ ရင်ဖွင့်စေချင်သည်ဟု ကျွန်တော်ရေးခဲ့ပါသည်။ ယခုတစ်ဖန်ထပ်မံ၍ တရားသူကြီး စာရေးဆရာများစွာ ပေါ်ထွန်းပါစေဟု ဆုမွန်ခြွေလိုသေးသည်။ ဘာကြောင့်လဲ။

**ဒေါက်တာမောင်မောင်**

တရားရေးဝန်ကြီး၊တရားသူကြီးချုပ်တာဝန်မှ နိုင်ငံတော်သမ္မတအထိ ထမ်းဆောင်ခဲ့သော ဥပဒေပညာရှင်ဒေါက်တာမောင်မောင်သည် စာအုပ်များစွာ၊ ကျမ်းများစွာ ရေးသားပြုစုခဲ့သော တရားသူကြီးစာရေးဆရာ ဖြစ်ပါပေသည်။ တို့ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ (၁၉၅၈)၊ သက်ရှိရာဇဝင် (၁၉၅၆)၊ နိုင်ငံတော်လုပ်ကြံမှု (၁၉၆၃)၊ တရားဥပဒေအထွေထွေဗဟုသုတ(၁၉၇၄) စသည်စသည်တို့ဖြစ်ပါသည်။ အခြားစာအုပ်များလည်း ကျန်ပါဦးမည်။

**ဒေါက်တာတင်အောင်အေး**

တရားရုံးချုပ်တရားသူကြီးလည်းဖြစ်၊ ဥပဒေပါမောက္ခလည်းဖြစ်သော ဆရာကြီးဒေါက်တာတင်အောင်အေးရေးခဲ့သော ဥပဒေကျမ်းများ၊ သိမှတ်ဖွယ်ရာ ဆောင်းပါးများမှာလည်း နမူနာစံထားစရာများပါ။ ဥပဒေလောက၊ တရားရေးလောကများအကြောင်း သိကောင်းစရာအမွေတွေပေးခဲ့သော တရားသူကြီးစာရေးဆရာကြီးပါ။

**တရားရေးရာ ကျမ်းပြုဆရာကြီးများ**

ဆရာကြီးဦးမြ အစထား၍ တရားရေးရာ၊ ဥပဒေရေးရာ ကျမ်းပြုဆရာကြီးများ၊ အလျဉ်းသင့်သလို တရားရေးဆောင်းပါးများ ရေးသားခဲ့သူ တရားသူကြီးများ အများအပြား လေးစားအားထားဖွယ်ရာ ဖြစ်ခဲ့ပါသည်။ လုပ်ငန်းသဘာဝမှာ (တရားသူကြီး)ဖြစ်နေသောကြောင့် နေရာတကာ ဝင်မပါသင့်သော ကျင့်ဝတ်ကို နားလည်သဘောပေါက်ကြပါသည်။ သို့သော်ငြား ယနေ့ချိန်ခါတွင် [တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း] အရပင် သတင်းမီဒီယာကိစ္စများနှင့် ဆက်နွှယ်ပတ်သက်လာရသောကြောင့် ဤသို့ရေးမိခြင်း ဖြစ်ပါသည်။ ကြိုဆိုရခြင်းဖြစ်ပါသည်။

ရှေ့နေစာရေးဆရာ၊ ဥပဒေအရာရှိ စာရေးဆရာ၊ အင်ဂျင်နီယာစာရေးဆရာ၊ ဆရာဝန်စာရေးဆရာ၊ စစ်ဗိုလ်စာရေးဆရာ စသည်စသည်ဖြင့်။ သူ့နေရာနှင့်သူ ဝါသနာလည်းပါ။ စာတွေလည်းရေး။ အတွေးလည်းမပျက်။ ဌာနအတွက်လည်း အကျိုးများနိုင်သော **[အခြေအနေပေးပါလျှင်]** ပီပီပြင်ပြင် စာရေးဆရာများကို ကြိုဆိုပါရစေ။ သတင်းမီဒီယာများခေတ်စားနေချိန်တွင် မိမိတရားရေးဌာနအတွက် အားတက်ဖွယ် ပြန်ကြားရေးမှူးအဖြစ် ပြည်သူ့အကျိုးဆောင်နိုင်ကြပါစေ။ ပွင့်လင်းမြင်သာရှိနိုင်ကြပါစေ။ ပြည်သူ့အကျိုး သယ်ပိုးနိုင်ကြပါစေ ဆုမွန်ခြွေ။

**ပြေလွှင်မြင့်နှင့် ခေတ်သစ်လူငယ်များ**

တရားသူကြီးဘဝမှာပင် စာတွေပေတွေ၊ ဝတ္ထုဆောင်းပါးတွေကို အတွေးရှင်းရှင်း၊ အမြင်လင်းလင်း၊ နှစ်သက်ခြင်းအဖွဲ့အနွဲ့များဖြင့် စာရေးဆရာဖြစ်ခဲ့သော တရားသူကြီးစာရေးဆရာ ပြေလွှင်မြင့်။ အငြိမ်းစားဖြစ်သည့်တိုင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်များစာအုပ်ရေးထုတ်ခဲ့သည်ကို လေးစားဖွယ်တွေ့ရသည့် ပြေလွှင်မြင့်။ မောင်မောင်သောင်းမြင့် (တရားရေး)၊ ဦးတင်ဟုန်(တရားလွှတ်တော်တရားသူကြီး)၊ ထွန်းမျိုးဌေး၊ မြတ်မျိုးလတ်(တရားရေး) နှင့် မောင်တင်ဌေး(တရားရေး) တို့ကဲ့သို့ တရားသူကြီးစာရေးဆရာများ ထွန်းကားဆဲ။ ရေးသားဆဲ။ အလျဉ်းသင့်သလို တရားရေးအကြောင်း သုတ၊ ရသတင်ပြဆဲ။ ဝေငှဆဲ။ အခြားအခြားသော တရားသူကြီးခေတ်သစ်လူငယ်စာရေးဆရာများလည်း ရှိသေးသည်။ ရှိဦးမည်။ ကြိုဆိုပါသည်။

**စေတနာ**

(၁) ဆယ်တန်းကျောင်းသားဘဝမှစ၍ သတင်းထောက်၊ သတင်းစာဆောင်းပါးရှင်ဖြစ်ခဲ့သော ကျွန်တော်သည် ဥပဒေလောက ရောက်ပြန်သောအခါတရားဥပဒေအတွေး ရေးခဲ့ပါသည်။ အရေးမမှား၊ အတွေးမမှားဖို့ သတိထားပါမည်။

(၂) တရားသူကြီးစာရေးဆရာများစွာ ပေါ်ထွန်းပါစေဟု တရားရေးလောကအတွက် ပြည်သူနှင့်အတူ ခရီးဖော်များကို ကြိုဆိုသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ ... ။

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးသီပေါ၌ ပညာပေးဟောပြော



**သီပေါ ဩဂုတ် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့၌ ရာသီတုပ်ကွေးရောဂါ H1N1နှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ဇူလိုင် ၃၁ ရက်က မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီး မန်ဟဲတိုးဂိတ်နှင့်မြို့တွင်းလူစည်ကားရာ လမ်းခွများ၌ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ် (သီပေါ)၊နယ်စည်းမခြားပရဟိတ(သီပေါ)နှင့် အကျိုးဆောင်လူငယ်များက ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သီပေါယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး ဝင်းဇော်လတ်က ရာသီတုပ်ကွေးရောဂါ H1N1 ကူးစက်ခံရမှုမရှိစေရေးအတွက် ရောဂါကာကွယ်ရန် နည်းလမ်းများအတိုင်းစနစ်တကျ ဆောင်ရွက်ရန်နှင့် ရောဂါလက္ခဏာတွေ့ရှိပါက နည်းလမ်းများအတိုင်း စနစ်တကျနေထိုင်ရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့တို့က ပြည်ထောင်စုလမ်းမကြီးပေါ် ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်ကြီး/ ယာဉ်ငယ်များ၊ မော်တော်ဆိုင်ကယ်စီးနင်းသွားလာသူများနှင့် ဒေသခံပြည်သူများကို Mask များ အခမဲ့ဝေငှပေးခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဆင်း

**ရန်ကုန် ဩဂုတ် ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖြစ်သည့် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၆၆)၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်းအမှတ်စဉ်(၃၁)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၉၈) သင်တန်းများဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့်တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့်သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၃၀ ဖြင့် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာမေ ၈ ရက်မှ ဇူလိုင် ၂၈ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ဗထူး**

## ဒေါ့မွန်အတွက် အူဘာမီယန်သည် အစားထိုးမရသည့် ကစားသမားဖြစ်ကြောင်း ဟစ်ဖဲလ် ပြောဆို



ဂျာမန်ကလပ် ဒေါ့မွန်အသင်းအတွက် တိုက်စစ်မှူး အူဘာမီယန်သည် အစားထိုးရန်မဖြစ်နိုင်သည့် ကစားသမားဖြစ်ခြင်းကြောင့် ဒေါ့မွန်အသင်းအနေဖြင့် အူဘာမီယန်အားအသင်းတွင်သာ ဆက်ထိန်းသွားရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဒေါ့မွန်အသင်း နည်းပြဟောင်း အော့တမာဟစ်ဖဲလ်က မှတ်ချက်ပြုပြောဆိုလိုက်သည်။

ဂါဘွန်တိုက်စစ်မှူး အူဘာမီယန် (၂၈နှစ်) သည် ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ၃၁ ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်ပြီး ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် ဥရောပအသင်းအချို့၏ ခေါ်ယူရန်စိတ်ဝင်စားမှု ခံနေရသူဖြစ်သည်။ ဒေါ့မွန်အသင်းကမူ တရုတ်စူပါလိဂ်ကလပ်အချို့အပါအဝင် ချယ်လ်ဆီး၊ အေစီမီလန်အသင်းတို့၏ ပစ်မှတ်ထားခြင်းခံနေရသူ တိုက်စစ်မှူး အူဘာမီယန်အတွက် မည်သည့်ကမ်းလှမ်းမှုမျိုးကိုမှ လက်ခံစဉ်းစားသွားမည် မဟုတ်ကြောင်း ပြောဆိုထားသည်။

တိုက်စစ်မှူး အူဘာမီယန်သည် ဒေါ့မွန်အသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။

“တိုက်စစ်မှူး အူဘာမီယန်ဟာ ဒေါ့မွန်အသင်းအတွက် အရေးအကြီးဆုံး ကစားသမားပါ။ အခြားကစားသမားတွေရဲ့ နေရာကို အစားထိုးမှုတွေ ပြုလုပ်နိုင်မှာဖြစ်ပေမယ့် အူဘာမီယန် ရဲ့နေရာမှာ အစားထိုးဖို့တော့ မဖြစ်နိုင်ပါဘူး။ အူဘာမီယန်က ထိပ်တန်းတိုက်စစ်မှူးဖြစ်သလို မဖြစ်နိုင် ဘူးလို့ ထင်ရတဲ့ အခြေအနေတွေကနေ ဂိုးသွင်းခွင့်တွေ ဖန်တီးပေးနိုင်သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အခြားအသင်းဖော်တွေအပေါ် မှီခိုမှုမရှိဘဲ သူတစ်ဦးတည်းရဲ့စွမ်းရည်နဲ့ ထူးခြားတဲ့လုပ်ဆောင်မှုတွေလည်း လုပ်ဆောင်နိုင်သူ ဖြစ်ပါတယ်”ဟု ဂျာမန်လူမျိုးနည်းပြဟောင်း ဟစ်ဖဲလ်က ပြောဆိုခဲ့သည်။

အသက် ၆၈ နှစ်အရွယ်ရှိ နည်းပြဟောင်း ဟစ်ဖဲလ်သည် ၁၉၉၁ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဒေါ့မွန်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူ ဖြစ်သည်။

**ထက်အောင်**

## မန်ယူအသင်းထံမှ ကမ်းလှမ်းမှုကို ကမ္ဘာ့အမြန်ဆုံးလူသား အူစိန်ဘော့စောင့်ဆိုင်းနေ

မန်ယူအသင်း ပရိသတ်တစ်ဦးဖြစ်သူ ကမ္ဘာ့တာတိုအပြေးချန်ပီယံ အူစိန်ဘော့က ယခုနွေရာသီ ဈေးကွက်ကာလ မပိတ်သိမ်းမီတွင် မန်ယူအသင်းတွင် ပါဝင်ကစားခွင့်ရရှိစေရေးအတွက် မန်နေဂျာ မော်ရင်ညိုထံမှ ကမ်းလှမ်းမှုကို စောင့်မျှော်နေကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၃၀ နှစ်အရွယ်ရှိ ဂျမေကာအပြေးသမား အူစိန်ဘော့က ဩဂုတ်လ ၄ ရက်မှ ၁၃ ရက်အထိ လန်ဒန်တွင် ကျင်းပသွားမည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ချန်ပီယံရှစ် အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးနောက် အပြေးသမားဘဝမှ အနားယူကာ ဘောလုံးလောကသို့ ကူးပြောင်းရန် ရည်ရွယ်ထားသူဖြစ်သည်။ ကမ္ဘာ့အမြန်ဆုံးလူသားအဖြစ် သတ်မှတ်ခံထားရသူသည် ယခုနှစ် အစောပိုင်းတွင် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းတွင် လေ့ကျင့်မှုများ ပြုလုပ်ခဲ့သူဖြစ်သည်။

အူစိန်ဘော့က “ကျွန်တော်ဟာ ဘောလုံးအားကစားနဲ့ ပတ်သက်ပြီး အမြဲတမ်းပြောနေ တယ်ဆိုတာကို လူတိုင်း သိပါ တယ်။ ကျွန်တော့်အနေနဲ့ မန်ယူမန်နေဂျာ မော်ရင်ညိုဆီက ခေါ်ယူမှုကို စောင့်ဆိုင်းနေတယ်။ မော်ရင်ညိုအနေနဲ့ ကျွန်တော့်ကိုခေါ်ယူဖို့ အခုနွေရာသီဈေးကွက်ကာလ နောက်ဆုံးအချိန်အထိ စောင့်ဆိုင်းနေတယ်လို့ ကျွန်တော်ထင်တယ်”ဟု ပြောဆိုခဲ့သည်။

မန်ယူနှင့် ဟော်လန်တိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်း၏ ပရိသတ်ဖြစ်သူ အူစိန်ဘော့သည် အိုလံပစ်ရွှေတံဆိပ်ဆု ရှစ်ခု အပါ အဝင် ရွှေတံဆိပ်ဆုပေါင်း ၂၃ ခု ရရှိထားသူ ဖြစ်သည်။

မန်ယူအသင်းသည် ယခုနွေရာသီ ဈေးကွက်ကာလအတွင်းတွင် ခံစစ်မှူး လင်ဒီလော့ဖ်၊ တိုက်စစ်မှူး လူကာကူနှင့် ကွင်းလယ်ခံစစ်ကစားသမား မာတစ်တို့ကို ခေါ်ယူထားသည့်အသင်း ဖြစ်သည်။

**ထက်အောင်**





# ဒွိဟမျဉ်းပြိုင်ကြားက မာတီရယ် ရဲ့ အနာဂတ်

● အောင်က

မန်ယူအသင်းတောင်ပံကစားသမား မာတီရယ်။ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့တာဟာ နှစ်ရာသီကြာရှိခဲ့ပြီ။ အခုတော့ သူ့ရဲ့ အနာဂတ်တွေကတော့ သံသယဖြစ်စရာရှိနေခဲ့ပြီလို့ ဆိုရမယ်။ ဒါပေမယ့် သူ့ရဲ့ခြေစွမ်းကတော့ ကောင်းမွန်မှုရှိသေးတယ်လို့ ဆိုရမယ်။ အသက် ၂၁ နှစ်သာရှိနေသေးတဲ့ မာတီရယ်ဟာ လော့အိန်ဂျယ်လိစ်မှာ ရီးရဲမက်ဒရစ်အသင်းနဲ့ကစားခဲ့တဲ့ ရာသီအကြိုခြေစမ်းပွဲမှာတော့ သူ့ရဲ့အရည်အချင်းကို ထုတ်ပြနိုင်ခဲ့တယ်။ အဲ့ဒီပွဲမှာသူဟာ ရီးရဲမက်ဒရစ်ရဲ့ ဝါရင့်ခံစစ်မှူးတွေကို ဖြတ်ကျော်ပြီး အလိမ်အခေါက်တွေနဲ့ ဘောလုံးဆွဲပြေးပြီး လင်ဂတ်ဂိုးသွင်းနိုင်အောင် ပေးပို့လိုက်မှုတွေက လှပလွန်းတယ် လို့တောင်ပြောရမှာပါ။ အဲ့ဒါကိုကြည့်တာနဲ့မာတီရယ်ရဲ့ အရည်အချင်းတွေက တိုးတက်မှုရှိနေတယ်လို့ ဆိုရမှာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ရာသီက မာတီရယ်ဟာ အသင်းမှာ ပုံမှန်ကစားခွင့်ကင်းမဲ့ခဲ့တယ်။ တကယ်လို့သာ ယခုနှစ်နွေရာသီမှာသာ ပါရီဆစ်ကို ခေါ်ယူနိုင်ခဲ့ မယ်ဆိုရင် မာတီရယ်ဟာ အရန်ခုံမှာသာ အချိန်ကုန်တော့မယ်ဆိုတာဟာ သေချာလွန်းပြီလို့ ပြောရမယ်။ ၂၀၁၈ ကမ္ဘာ့ဖလားကလည်း နီးကပ်လာခဲ့ပြီလို့ ပြောရမယ်။ မာတီရယ်အနေနဲ့ မန်ယူအသင်းရဲ့အရန်ခုံမှာသာ ထိုင်နေရမယ်ဆိုရင်တော့ ပြင်သစ်လက်ရွေးစင်အသင်းမှာ ပါဝင်ကစားခွင့်ရရှိနိုင်ဖို့က အိပ်မက်တောင်မက်လို့ရမှာ မဟုတ်ဘူး။ ဒါကြောင့် မာတီရယ်အနေနဲ့ တိုးတက်မှုရရှိဖို့ မန်ယူအသင်းကနေ ထွက်သင့်သလား။ ဒါမဟုတ်အသင်းမှာပဲ ဆက်လက်ရှိနေသင့် သလားဆိုတာကတော့ အဓိကစဉ်းစားရဦးမှာ ဖြစ်ပါတယ်။

**မန်ယူအသင်းကို စတင်ရောက် ရှိတဲ့ခဲ့တဲ့နှစ်မှာ ပြိုင်ပွဲစုံ ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ ရာသီမှာတော့ သူဟာစပယ်ရှယ်ဝမ်းရဲ့ လက်အောက်မှာ တော့ အရန်ကစားသမားအဖြစ်သာ ကစားခွင့်ရရှိခဲ့တယ်။ မော်ရင်ညိုအနေနဲ့က သူ့ကို အခွင့်အရေးပေး ဖို့ထက် အလှည့်ကျ ထုတ်သုံးဖို့သာ အာသီသရှိခဲ့တယ်။**

### မော်ရင်ညိုမလိုအပ်တဲ့ မာတီရယ်ရဲ့လက်ရှိ အခြေအနေ

မာတီရယ်ရဲ့ လက်ရှိ အခြေ အနေအရ ပြောရမယ်ဆိုရင် ဒီနှစ်နွေရာသီဟာ သူ့အတွက် အသင်းကနေ မဖြစ်မနေကို ထွက်ခွာသင့်တယ်လို့ ပြောရမယ်။ မန်ယူအသင်းကို စတင်ရောက်ရှိတဲ့ခဲ့တဲ့နှစ်မှာ ပြိုင်ပွဲစုံ ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ရာသီမှာတော့ သူဟာစပယ်ရှယ်ဝမ်းရဲ့ လက်အောက်မှာတော့ အရန်ကစားသမားအဖြစ်သာ ကစားခွင့်ရရှိခဲ့တယ်။ မော်ရင်ညိုအနေနဲ့က သူ့ကို အခွင့်အရေးပေးဖို့ထက် အလှည့်ကျ ထုတ်သုံးဖို့သာ အာသီသရှိခဲ့တယ်။ မန်ယူအသင်းအနေနဲ့ မာတီရယ်ကိုသာ အားကိုးမယ်ဆိုရင် ပါရီဆစ်ကို ခေါ်ယူဖို့က မလိုအပ်ဘူးလို့ ပြောရမယ်။ ရီးရဲမက်ဒရစ်အသင်းနဲ့ ရာသီအကြို ခြေစမ်းပွဲကို မြင်ကြည့်တာနဲ့ မန်ယူအသင်းရဲ့ တောင်ပံဟာ မာတီရယ်ရှိမယ်ဆိုရင် ပါရီဆစ် မလိုဘူးဆိုတာက မြင်သာ ထင်သာရှိတယ်လို့ ဆိုရမယ်။ ဒါပေမယ့် ပါရီဆစ်သာ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့မယ်ဆိုရင်တော့ မာတီရယ်ဟာ ဒီနှစ်နွေရာသီကတော့ သူ့အတွက် မန်ယူအသင်းကို ကျောခိုင်းသင့်တဲ့ရာသီလို့ ပြောရမှာ ဖြစ်ပါတယ်။

### မော်ရင်ညို၏လက်အောက်တွင် တိုးတက်မှုရှိသူ

ပြီးခဲ့တဲ့ရာသီဟာ မော်ရင်ညိုအတွက်တော့ မန်ယူအသင်းနဲ့အတူ အကောင်းဆုံးလုပ်ဆောင်ပေးနိုင်ခဲ့တဲ့ရာသီလို့ သတ်မှတ်ရမှာပါ။ ပရီမီယာလိဂ်မှာ အမှတ်ပေးဇယား ထိပ်ဆုံးလေးသင်း မဝင်ရောက်ခဲ့ပေမယ့် ယူရိုပါလိဂ် ချန်ပီယံဖြစ်တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ရာသီက မန်ယူအသင်းရဲ့ ကစားပုံကို ကြည့်မယ်ဆိုရင်တော့ အများကြီး ကောင်းမွန်လွန်းတယ်လို့ မဆိုနိုင်သလို အသင်းရဲ့ လူငယ်ကစားသမားတွေနဲ့အသင်းကို ဟန်ချက်ညီညီထိန်းပြီး ကစားနိုင်ခဲ့ခြင်း မရှိဘူးလို့ ပြောရမှာပါ။

ပြီးခဲ့တဲ့ရာသီက မာတီရယ်ဟာ အသင်းမှာ ပုံမှန်ပွဲထွက် ကစားခွင့်ကင်းမဲ့ခဲ့တယ်။ တကယ်တော့ သူ့ရဲ့အခွင့်အရေး ဖန်တီးမှုပိုင်းဟာ ဗန်ဟားလ်လက်အောက်မှာ ကစားနေခဲ့စဉ်တုန်းက ထက်တောင် ကောင်းခဲ့တယ်လို့ ပြောရမယ်။ မာတီရယ်ဟာ မန်ယူအသင်းကို ပထမဦးဆုံး ရောက်ရှိခဲ့တဲ့နှစ်မှာတော့ မိနစ် ၉၀ မှာ အခွင့်အရေးဖန်တီးမှု ၁ ဒသမ ၂၇ ရှိခဲ့ကာ ပြီးခဲ့တဲ့ ရာသီမှာတော့ အခွင့်အရေးဖန်တီးနိုင်မှုဟာ ၁ ဒသမ ၃၉ ရှိခဲ့ပါတယ်။ ဂိုးရရှိမှု၊ ဂိုးရရှိအောင် ပံ့ပိုးနိုင်မှုတွေနဲ့ဆက်စပ်ပြီး ပါဝင်ပတ်သက်နိုင်မှုမှာတော့ မိနစ် ၉၀ တိုင်း ၀ ဒသမ ၅၈ ဂိုးရရှိခဲ့ပြီး ဗန်ဟားလ် လက်အောက်မှာ ကစားခဲ့စဉ်ကတော့ မိနစ် ၉၀ တိုင်းမှာ ၀ ဒသမ ၅၂ ဂိုးသာ ရှိပါတယ်။ ဒါကြောင့်လည်း သူဟာ မော်ရင်ညိုရဲ့ လက်အောက်မှာ တိုးတက်မှုတွေရှိလာခဲ့တယ်လို့ ပြော ရမှာပါ။ ဒါကြောင့် သူဟာ မန်ယူအသင်းမှာ ဆက်လက်ရှိနေခဲ့မယ်ဆိုရင်တော့ လာမယ့်နှစ်တွေအတွင်းမှာ မန်ယူရဲ့ ထိပ်တန်းကစားသမားတစ်ဦးအဖြစ် ရောက်ရှိလာနိုင်မယ်လို့ ပြောရမှာပါ။

ဒါကြောင့် မာတီရယ်အနေနဲ့ အသင်းမှာ ဆက်လက်ရှိနေသင့်မသင့်ဆိုတာကတော့ လက်ရှိနွေရာသီ ဈေးကွက်အတွင်းမှာ မဖြစ်မနေ စဉ်းစား ရမယ့်အချက်လို့ ပြောရမှာပါ။

တကယ်လို့သာ မာတီရယ်အနေနဲ့ ရာသီအကြိုကာလမှာကစားခဲ့တဲ့ ပွဲစဉ်တိုင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့မယ်။ ပါရီဆစ်သာ အသင်းကို ရောက်မလာခဲ့ဖူးဆိုရင်တော့ မာတီရယ်ရဲ့ အနာဂတ်ဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်တယ်လို့ ပြောရမှာပါ။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ မာတီရယ်ရဲ့အနာဂတ်ဟာ ဒွိဟအနေနဲ့သာ ရှိနေသေးတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ။




# ဝင်ဘာလေမှာ အောင်ပွဲခံမယ့်အသင်း

**ဝေမိုးဆက်**

လာမယ့် ဩဂုတ် ၆ ရက်မှာ အင်္ဂလန်ဘောလုံးရာသီ အဖွင့်ပွဲစဉ်ဖြစ်တဲ့ ကွန်မြူနတီဒိုင်းလုပွဲကို ဝင်ဘာလေကွင်းမှာ ကျင်းပသွားမှာ ဖြစ်တယ်။

ကွန်မြူနတီဒိုင်းပွဲကနေရရှိလာတဲ့ ဂိတ်ဝင်ကြေးတွေနဲ့ အခြားဝင်ငွေတွေကို အက်ဖ်အေဖလား ပထမအဆင့်ပြိုင်ပွဲဝင်အသင်းတွေဆီ ခွဲဝေပေးသလို ငွေကြေးအချို့ကိုလည်း ရန်ပုံငွေအဖွဲ့တွေကို ခွဲဝေလှူဒါန်းမှုပြုလုပ်လေ့ရှိတဲ့ ပြိုင်ပွဲတစ်ရပ် ဖြစ်ပါတယ်။ ကွန်မြူနတီဒိုင်းပွဲဟာ ပရီမီယာလိဂ်ချန်ပီယံဆုဖလား ရရှိတဲ့အသင်းနဲ့ အက်ဖ်အေဖလားချန်ပီယံဖြစ်ခဲ့တဲ့ အသင်းတွေ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲဖြစ်တာကြောင့်လည်း ကွန်မြူနတီဒိုင်းပွဲဟာ စိတ်ဝင်စားစရာပွဲကောင်းတစ်ပွဲအဖြစ် ရှိနေပါတယ်။

**အခြေတည်ရာ**

ကွန်မြူနတီဒိုင်းပွဲကို ၁၉၀၈ ခုနှစ်မှာ စတင်ကျင်းပခဲ့တာ ဖြစ်တယ်။ ဒီပြိုင်ပွဲဟာ ၁၈၉၈ ခုနှစ်မှာ စတင်ယှဉ်ပြိုင်ခဲ့ပြီး အင်္ဂလန်နိုင်ငံက အပျော်တမ်းပြိုင်ပွဲရဲ့ အကောင်းဆုံးအသင်းနဲ့ ပရော်ဖက်ရှင်နယ်ပြိုင်ပွဲက အကောင်းဆုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြတဲ့ Sheriff of London Charity Shield ပြိုင်ပွဲနေရာမှာအစားထိုးကျင်းပခဲ့သလို ပြိုင်ပွဲကျင်းပမှုပုံစံကိုလည်း အတုယူကျင်းပခဲ့တာ ဖြစ်တယ်။

ကွန်မြူနတီဒိုင်းပြိုင်ပွဲရဲ့ သမိုင်းဦးကာလတွေမှာ အမှတ်ပေးချန်ပီယံဆုရရှိခဲ့တဲ့အသင်းနဲ့ အက်ဖ်အေဖလား ချန်ပီယံအသင်းတွေ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲတွေရှိသလို အကောင်းဆုံးပရော်ဖက်ရှင်နယ်အသင်းနဲ့ အကောင်းဆုံး အပျော်တမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲတွေလည်းရှိခဲ့ပြီး သရေရလဒ် ထွက်ပေါ်နေခဲ့ရင် ပူးတွဲချန်ပီယံအဖြစ်သတ်မှတ်ခဲ့ကာ ၁၉၉၃ ခုနှစ် ပြိုင်ပွဲကစပြီး သာမန်ပွဲကစားချိန်အတွင်း သရေကျခဲ့ရင် ပယ်နယ်တီအဆုံးအဖြတ်နဲ့ ချန်ပီယံရွေးချယ်တဲ့စနစ်ကို စတင်ကျင့်သုံးခဲ့တယ်။

ဒီကွန်မြူနတီဒိုင်းသမိုင်းမှာ အကြိမ်အများဆုံး ဗိုလ်စွဲနိုင်ခဲ့တဲ့အသင်းက မန်ယူဖြစ်ပြီး စုစုပေါင်း ၂၁ ကြိမ် ဗိုလ်စွဲထားနိုင်ခဲ့ကာ လေးကြိမ်မှာတော့ ပူးတွဲရရှိခဲ့တာဖြစ်ပြီး သွင်းဂိုးအများဆုံးပွဲကတော့ မန်ယူက ဆွစ်ဒန်တောင်းကို ရှစ်ဂိုး-လေးဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ၁၉၁၁ ခုနှစ် ကွန်မြူနတီဒိုင်းပွဲ ဖြစ်တယ်။

**မှတ်တမ်းများ**

ကွန်မြူနတီဒိုင်းပွဲမှာ အကြိမ်အများဆုံးဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့တဲ့အသင်းအဖြစ် ရပ်တည်နေတာကတော့ အဲဗာတန်ဖြစ်ပြီး လေးကြိမ်ဆက်ဗိုလ်စွဲကာ မန်ယူကတော့ ၁၉၉၈ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အထိ ကွန်မြူနတီဒိုင်းပွဲတွေ ကစားရပေမယ့် လေးကြိမ် ဆက်တိုက် ရှုံးနိမ့်မှုကြုံတွေ့ခဲ့ရတဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သလို မန်ယူဟာ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၁ ခုနှစ် အထိ ခြောက်ကြိမ်ဆက်တိုက် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာကြောင့် ဆက်တိုက်ပါဝင်ခွင့် အများဆုံးရရှိတဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်နေခဲ့ကာ အခုနှစ် ကွန်မြူနတီဒိုင်းပွဲကလည်း ပြိုင်ဆိုင်မှုပြင်းထန်တဲ့ လန်ဒန်မြို့ခံ ပြိုင်ဘက်တွေဖြစ်တဲ့ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေတယ်။



အာဆင်နယ်ဟာ ကွန်မြူနတီဒိုင်းချန်ပီယံဆုကို ၁၄ ကြိမ်အထိရရှိထားပြီး တတိယမြောက် အအောင်မြင်ဆုံးအဖြစ် ရပ်တည်နေကာ ချယ်လ်ဆီးကတော့ လေးကြိမ်သာ ချန်ပီယံဖြစ်ခဲ့ဖူးပါတယ်။ အဆိုပါ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ဟာ ၂၀၁၅ ခုနှစ် ကွန်မြူနတီဒိုင်းပွဲမှာ နောက်ဆုံးအကြိမ်အဖြစ် ဆုံတွေ့ခဲ့ပြီး အဆိုပါပွဲမှာ အာဆင်နယ်က အနိုင်ရရှိခဲ့တယ်။ ဒါပေမယ့် ၂၀၀၅ ခုနှစ် ကွန်မြူနတီဒိုင်းပွဲမှာတော့ ချယ်လ်ဆီးက အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့ဖူးတာကြောင့် ဒီနှစ်သင်း တတိယအကြိမ် ဆုံတွေ့မှုဖြစ်တဲ့ ဒီနှစ်ပွဲမှာ ဘယ်အသင်းက အနိုင်ရသွားမလဲဆိုတာက စိတ်ဝင်စားဖို့ ကောင်းနေတယ်။

ပြိုင်ပွဲအရပ်ရပ် ဒီနှစ်သင်း နောက်ဆုံးဆုံခဲ့တဲ့ပွဲမှာတော့ ချယ်လ်ဆီးက သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ဘောလုံး ရာသီမှာတော့ ချယ်လ်ဆီးက အာဆင်နယ်နဲ့ သုံးကြိမ်ဆုံတွေ့ခဲ့ရာမှာ နှစ်ပွဲရှုံးနိမ့်ပြီး တစ်ပွဲသာ အနိုင်ရရှိခဲ့ကာ ဝင်ဘာလေကွင်းမှာ ယှဉ်ပြိုင်ခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် အက်ဖ်အေပြိုင်ပွဲဗိုလ်လုပွဲမှာ အာဆင်နယ်ကပဲ အနိုင်ရရှိခဲ့တာကြောင့် ဝင်ဘာလေကွင်းမှာပဲ ယှဉ်ပြိုင်ရမယ့် ဒီပွဲမှာ ချယ်လ်ဆီးအနေနဲ့ အာဆင်နယ်ကို အသာရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းလာတယ်။

**ချန်ပီယံဖြစ်မယ့်အသင်း**

ပြောမယ်ဆိုရင် ဒီနွေရာသီမှာ ချယ်လ်ဆီးရော အာဆင်နယ်ပါ အဓိက ကစားသမားတွေကို ဆက်ထိန်းထားနိုင်ပြီး ထိရောက်တဲ့ အားဖြည့်မှုအချို့ ပြုလုပ်ထားနိုင်တာတွေ့ရတယ်။ ချယ်လ်ဆီးက မိုနာကိုကွင်းလယ်ခံစစ်ကစားသမား ဘာကာယိုကို၊ ရီးရဲမက်ဒရစ်တိုက်စစ်မှူး မိုရာတာတို့လို ကစားသမားကောင်းတွေကို အားဖြည့်ထားတယ်။ ဒါကြောင့် မာတစ်နဲ့ ကော်စတာတို့ အသင်းကနေ ထွက်ခွာခဲ့ပေမယ့် ချယ်လ်ဆီးအနေနဲ့ အားလျော့သွားနိုင်ဖွယ် မရှိသလို အာဆင်နယ်ကလည်း ရှော်လ်ကေးဘယ်တောင်ပံ ခံစစ်မှူး ကိုလာစီနက်စ်၊ လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီတို့လို ကစားသမားတွေကို ခေါ်ယူအားဖြည့်ထားနိုင်ပြီး မနှစ်ကရာသီကထက်တောင် ပိုမိုတောင့်တင်းမှု ရှိလာနိုင်ခြေရှိနေတယ်။ ပြောရမယ် ဆိုရင်တော့ လက်ရှိအချိန်မှာ နှစ်သင်းစလုံးရဲ့အနေအထားဟာ တည်ငြိမ်မှုရှိနေတယ်လို့ ဆိုနိုင်သလို လိုအပ်ချက်တွေကိုလည်း ထိထိမိမိအားဖြည့်ထား နိုင်ကြတာကြောင့် ဒီပွဲဟာ ပြီးခဲ့တဲ့ အက်ဖ်အေဖလားပွဲလိုပဲ အကြိတ်အနယ်ရှိနိုင်ကာ ချယ်လ်ဆီးရဲ့အားဖြည့်မှုဖြစ်တဲ့ မိုရာတာဟာ ခြေစမ်းပွဲတွေမှာ အသင်းနဲ့ ထင်သလောက်အသား ကျမှုမရှိတာကိုတွေ့ရပြီး လာကာဇက်တီကတော့ အာဆင်နယ်နဲ့ ခြေစမ်းပွဲတွေမှာ အသားကျဂိုးတွေ သွင်းယူနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် ဒီနှစ်ကွန်မြူနတီဒိုင်းပွဲမှာတော့ အာဆင်နယ်က မပြတ်သားတဲ့ ရလဒ်နဲ့ အနိုင်ရအောင် ပွဲခံသွားနိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။ ။

**အာဆင်နယ်ဟာ ကွန်မြူနတီဒိုင်း ချန်ပီယံဆုကို ၁၄ ကြိမ်အထိ ရရှိထားပြီး တတိယမြောက် အအောင်မြင်ဆုံး အဖြစ် ရပ်တည်နေကာ ချယ်လ်ဆီးကတော့ လေးကြိမ်သာ ချန်ပီယံ ဖြစ်ခဲ့ဖူးတယ်။ အဆိုပါ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ဟာ ၂၀၁၅ ခုနှစ် ကွန်မြူနတီဒိုင်းပွဲမှာ နောက်ဆုံးအကြိမ် အဖြစ် ဆုံတွေ့ခဲ့ပြီး အဆိုပါပွဲမှာ အာဆင်နယ်က အနိုင်ရရှိခဲ့တယ်။**

# မန်ယူအသင်း၏ ပစ်မှတ်ဖြစ်သူ ခံစစ်မှူး အူရီ ဗြိတိန်သို့ဝင်ရောက်ခွင့် ပိတ်ပင်ခံထားရ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းမှ အိုင်ဗရီကို့စ်အသင်း ညာတောင်ပံခံစစ်မှူး ဆာဂျီအူရီအားခေါ်ယူရန် သဘောတူညီမှုရရှိထားသော်လည်း ခံစစ်မှူး အူရီသည် ဗြိတိန်သို့ ဝင်ရောက်ခွင့် ပိတ်ပင်ခံထားရမှုကို ဖြေရှင်းရန်လိုအပ်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ မန်ယူအသင်းသည် ခံစစ်မှူး အူရီအား ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၂၇ သန်း ပေးချေကာ တစ်ပတ်လုပ်ခ ပေါင် ၉၀၀၀၀ ပေးချေသွားရန် သဘောတူညီထားခြင်းဖြစ်သည်ဟု ဆိုသည်။

လန်နှစ်နှင့် တူးလောက်စ်အသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးသူ ခံစစ်မှူး အူရီသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းက ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ နိုက်ကလပ်တစ်ခု၏ အပြင်ဘက်တွင် ရဲအရာရှိတစ်ဦးအား ရန်ပြုစော်ကားခဲ့ခြင်းကြောင့် အရေးယူခံခဲ့ရသူဖြစ်ကာ ၂၀၁၆ ခုနှစ် အောက်တိုဘာအတွင်းက ဗြိတိန်သို့ ဝင်ရောက်ခွင့် ပိတ်ပင်ခြင်းခံရသည့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသူဖြစ်သည်။

ခံစစ်မှူး အူရီသည် အဆိုပါ ပြစ်ဒဏ်ကြောင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် အာဆင်နယ်အသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်တွင် ပါဝင်ခွင့်ရရှိခဲ့ခြင်းမရှိခဲ့ပေ။ ခံစစ်မှူး အူရီသည် ပြစ်ဒဏ်ချမှတ်ထားခြင်းနှင့်ပတ်သက်၍ ပြင်သစ်တရားရုံးတစ်ခုတွင် အယူခံတင်သွင်းထားပြီး လာမည့်သီတင်းပတ်အတွင်းတွင် အဆိုပါအယူခံကို ကြားနာသွားရဖြစ်သည်။ ခံစစ်မှူး အူရီသည် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းတွင် တူးလောက်စ်မှ ပီအက်စ်ဂျီသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ခဲ့ကာ ၂၀၁၅ ခုနှစ် ဧပြီလအတွင်းတွင် လေးနှစ်သက်တမ်းရှိ အပြီးသတ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ယခုနွေရာသီ စျေးကွက်ကာလအတွင်းက ဘရာဇီး ညာတောင်ပံခံစစ်မှူး ဒန်နီအဲဗက်စ်အား ခေါ်ယူနိုင်ခဲ့ခြင်းကြောင့် ခံစစ်မှူး အူရီ(၂၄နှစ်)အား အသင်းမှ ထွက်ခွာရန် ခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းအနေဖြင့် ခံစစ်မှူး အူရီအား ရောင်းချခြင်းမှရရှိလာမည့် ငွေကြေးများကို ဘာစီလိုနာတိုက်စစ်မှူး နေမာအား ခေါ်ယူရေးတွင် အသုံးပြုသွားရန် စီစဉ်ထားသည်ဟု ဆိုသည်။

**ထက်အောင်**



# ဖန်းမော်ခရိုင်လုံးဆိုင်ရာ သံဃနာယကနှင့် ဝိနည်းဓိုရ်(ဆင့်ပွား)သင်တန်းဖွင့်

**ဖန်းမော် ဩဂုတ် ၃**
ကချင်ပြည်နယ် သံဃနာယကအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ဖန်းမော်ခရိုင်လုံးဆိုင်ရာ သံဃနာယကနှင့် ဝိနည်းဓိုရ်(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁ ရက်က ဖန်းမော်မြို့ရှိ ကန်ဦးပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ဆရာတော်သံဃာတော်များ၊ ပြည်နယ်သာသနာရေးမှူး ဦးစိုးဝင်း၊ ခရိုင်သာသနာရေးမှူး ဦးသန်းထွန်းနှင့် အလှူရှင်များ၊ သင်တန်းသားများ တက်ရောက်ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကန်ဦးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်နှင့် ကချင်ပြည်နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော်တို့က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ဩဝါဒမိန့်ကြားသည်။

သင်တန်းသို့ ဖန်းမော်ခရိုင်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော် ၄၇ ပါး တက်ရောက်ကြပြီး သင်တန်းတွင် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဝိနိစ္ဆယလက်စွဲ၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ သံဃနာယကလက်စွဲ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅(က)အကြောင်း၊ ညွှန်ကြားချက်များ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေများ စသည်တို့ကို နိုင်ငံတော်သံဃာ့ဗဟိုဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဦးဉာဏဝံသ(မိုးညှင်းသစ်ပျံ ပရိယတ္တိစာသင်တိုက်)၊ ပြည်နယ်သံဃနာယကအကျိုးတော်ဆောင်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဦးကေတုမာလာ(ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်)နှင့် ဦးဥက္ကဋ္ဌ(ဖန်းမော်နမ့်ဖားကျောင်းတိုက်)တို့က သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းကာလမှာ ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# H1N1 ပညာပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ရေစကြို ဩဂုတ် ၃**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာနနှင့် ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအသင်းတို့ပူးပေါင်း၍ H1N1 ရောဂါအကြောင်း အသိပညာပေး လက်ကမ်း စာစောင် ၄၀၀၀ နှင့် နှာခေါင်းစည်း (Mask) ၄၀၀၀ တို့ကို မြို့နယ်အတွင်းမှ ဒေသခံပြည်သူများအား ဩဂုတ် ၁ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပညာပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးရာတွင် ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအသင်းဝင်များအပြင် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များလည်း ပူးပေါင်းပါဝင်၍ လူစည်ကားရာ နေရာများဖြစ်သော မြို့ဝင်လမ်းထိပ်၊ ဈေးများ၊ မော်တော်ဆိပ်ကမ်းများနှင့် လမ်းများတွင် မြို့နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြသည်။



**အိမ့္မွန်ဆွေ(ရေစကြို)**

# ကျုံပျော်တွင် လယ်ကေ ၈၀၀၀ ကျော်နှင့် လူနေအိမ် ၁၄၀၀ ကျော်သို့ ဒါးကချောင်းရေများ ဝင်ရောက်လျက်ရှိ



**ကျုံပျော် ဩဂုတ် ၃**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒါးကချောင်းရေများ ဝင်ရောက်လာမှုကြောင့် ဩဂုတ် ၁ ရက်အထိ မိုးစပါးဧက ၈၀၀၀ ကျော် ရေဝင်နစ်မြုပ်လျက်ရှိပြီး အိမ်ခြေ ၁၄၀၀ ကျော်သို့လည်း ချောင်းရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြေအနိမ့်ပိုင်းကျေးရွာ ၃၂ ရွာမှ အိမ်ခြေပေါင်း ၁၄၂၇ အိမ်သို့ ရေများဝင်ရောက်လျက်ရှိသလို ကျေးရွာအုပ်စု ၄၉ စု၊ ကွင်းအကွက်ပေါင်း ၁၁၇ ကွက်မှ တောင်သူ ၂၂၀၀ နီးပါး၏ မိုးစပါးစိုက်ခင်း ၈၄၉၆ ဧကတွင်လည်း ရေဝင်နစ်မြုပ်လျက်ရှိပြီး မိုးဆက်လက်ရွာသွန်းမှု၊ ချောင်းရေတိုးဝင်မှုအပေါ် မူတည်၍ ရေမြုပ်နေသည့်စိုက်ဧကများမှာ ပျက်စီးမှုများကြုံတွေ့နိုင်ကြောင်း သိရသည်။

ကျုံပျော်မြို့နယ်သည် ယခင်နှစ်များကလည်း ဒါးကချောင်းရေ တိုးဝင်မှုကြောင့် လူနေအိမ်များ၊ စပါးခင်းနှင့် အခြားသီးနှံစိုက်ခင်းများသို့ ရေဝင်ရောက်ခဲ့၍ ကယ်ဆယ်ရေးစခန်းများ ဖွင့်ခဲ့ရသလို စိုက်ခင်းနှင့် သီးနှံများ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုနှစ်တွင်မူ ချောင်းရေဝင်ရောက်မှုဖြစ်နေသော်လည်း ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ရခြင်းမရှိသေးကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

# ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းရပ်ကွက်များအတွင်းမှ ဆိုင်ကယ်များအား ခိုးယူသူများကိုဖမ်းမိ

**နေပြည်တော် ဩဂုတ် ၃**
နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နိုင်ငံ့ဝန်ထမ်းရပ်ကွက်များအတွင်းမှ ဆိုင်ကယ်ခိုးယူသူနှစ်ဦးကို အမှတ်(၉)နယ်မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ် ကျော်ခိုင်နှင့် အဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၁ ရက် နံနက် ၅ နာရီခွဲက စခန်းမှူး ရဲအုပ် ကျော်ခိုင်နှင့် နယ်ထိန်းရဲတပ်ကြပ်ကြီး သူရတို့အဖွဲ့ ညဥ့်နက်လှည့်ကင်း ဆောင်ရွက်နေစဉ် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ကိုင်းကလေးလမ်းဆုံတွင် ပြေငြိမ်းဦး (ခ) စိုးပိုင်(၂၈နှစ်) ဇေယျာသီရိမြို့နယ်နေသူနှင့် အောင်သူမိုး(၁၉ နှစ်) ဇေယျာသီရိမြို့နယ်နေသူတို့နှစ်ဦးကို ဆိုင်ကယ်ဖြင့်တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ မှန်ကန်စွာ ပြောပြနိုင်ခြင်းမရှိသည့်အပြင် ၎င်းတို့စီးနင်းလာသော ဆိုင်ကယ်အား ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိ၍ အမှတ်(၉)နယ်မြေရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့ရာတွင် FINO 110 အမျိုးအစား ဆိုင်ကယ် ၄၂ယ/....မှာ ၎င်းတို့နှစ်ဦး လွန်ခဲ့သောသုံးပတ်ခန့်က ဇမ္ဗူသီရိမြို့နယ် ကံ့ကော်အိမ်ရာ တိုက်အမှတ်(၁၄)မှ ခိုးယူခဲ့သောဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပိုင်ရှင်အား စုံစမ်းအတည်ပြုခဲ့ရာ ပိုင်ရှင်မှာ ဦးနေဝင်းကိုဖြစ်ကြောင်း သိရသည်။

အဆိုပါပြစ်မှုကျူးလွန်သူနှစ်ဦးအား ဆက်လက်၍ ထပ်မံစစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် နေ့ရက်အတိအကျမမှတ်မိသောနေ့က ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် ဂန္ဓမာဈေးအနီးရှိ တိုက်အမှတ် (၃၃၉၄)မှ Adixim Click -125 အမျိုးအစား အနီနှင့် အနက်ရောင်ကျား ဆိုင်ကယ်အားခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဆိုင်ကယ်ကို သိမ်းဆည်းရမိရေးအတွက် ဆက်လက်စစ်ဆေးရာ ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ ကျောက်ခွဲစက်အနီး လမ်းဘေးချုံပုတ်ထဲတွင် ဝှက်ထားခဲ့ကြောင်း ထွက်ဆိုသဖြင့် ရွှေတွင်းကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ကျော်ဦးနှင့်အဖွဲ့က လိုက်လံစုံစမ်းရှာဖွေရာ ဇူလိုင် ၂၇ ရက်တွင် ပြန်လည်တွေ့ရှိသဖြင့် ဥပဒေနှင့်အညီ သိမ်းဆည်းခဲ့ပြီး ပိုင်ရှင်အားထပ်မံစုံစမ်းရာ ပိုင်ရှင်မှာ ဦးဇင်မင်းသူဖြစ်ကြောင်း သိရသည်။

ထို့နောက် အဆိုပါပြစ်မှုကျူးလွန်သူနှစ်ဦးအား ထပ်မံစစ်ဆေးရာ နေ့ရက်နှင့် ခိုးယူသည့်နေရာအား ကောင်းစွာမှတ်မိခြင်းမရှိဘဲ လွန်ခဲ့သော သုံးလေးလခန့်က Yamaha FZ အမျိုးအစားဆိုင်ကယ်အား ခိုးယူခဲ့ပြီး ဇေယျာသီရိ မြို့နယ် ခရေပင်လမ်းခွဲ ကျောက်ခွဲစက်နှင့် နွားခြံကြား လမ်းဘေးချုံပုတ်ထဲတွင် ဝှက်ထားခဲ့ကြောင်းထွက်ဆိုသဖြင့် ရွှေတွင်းကုန်း မြို့မရဲစခန်းမှ ဒုရဲမှူး အောင်ကျော်ဦးနှင့်အဖွဲ့က လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ဇူလိုင် ၂၉ ရက်တွင် ပြန်လည်တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။ ယင်းဆိုင်ကယ်မှာ ပိုင်ရှင်ဖြစ်သူအား အတည်ပြုနိုင်ရေးအတွက် စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ်တွင် ဆိုင်ကယ် သုံးစီး၊ ခိုးယူသူနှစ်ဦးအား အမှတ် (၉)နယ်မြေရဲတပ်ဖွဲ့စခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ဆိုင်ကယ်ခိုးယူသူ ပြေငြိမ်းဦး (ခ) စိုးပိုင် (၂၈ နှစ်)နှင့် အောင်သူမိုး (၁၉ နှစ်) တို့နှစ်ဦးအနက် ပြေငြိမ်းဦး (ခ) စိုးပိုင်မှာ အမှတ်(၉) နယ်မြေရဲစခန်း၏ မှတ်တမ်းအရ အမှုဖွင့်လှစ်ထားသည့် တရားခံပြေးတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# လူသတ်၍အလောင်းဖျောက်ထားမှုကို ဖော်ထုတ်ဖမ်းဆီးနိုင်

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံဟော်ကျေးရွာ၌ ဇူလိုင် ၃၀ ရက်ညပိုင်းကဖြစ်ပွားခဲ့သော လူသတ်၍ အလောင်းဖျောက်ထားမှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း ရင်းငြိမ်ရဲကင်းစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက် နံနက်က ကျုံဟော်ကျေးရွာနေ ဦးဇော်ဦးသည် ၎င်း၏ လယ်တဲသို့သွားရောက်ရာတွင် လယ်တဲ၌အိပ်သော သားဖြစ်သူ တင်ကိုရှိန်(၂၅ နှစ်) အား မတွေ့၍ အနီးပတ်ဝန်းကျင် လှည့်လည်ရှာဖွေခဲ့ရာ ပင်လယ်ထွက်ပေါက်ဖြစ်သော ရင်းငြိမ်ဘိုင်လောင်းချောင်းဝ ရေထဲတွင် အလောင်းကိုတွေ့ရှိပြီး ပြတ်ရှဒဏ်ရာများ ရရှိထားသည်ကို တွေ့ရ၍ ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့သည်။

ရဲတပ်ဖွဲ့က စုံစမ်းခဲ့ရာ ထိုတဲအနီးရှိ လှထွန်းနှင့် အမွန်(ခ)မွန်တင်တို့နှစ်ဦးသည် ထိုညက တင်ကိုရှိန်၏တဲသို့ သွားရောက်ပြီး အရက်သောက်ရန် အမြည်းတောင်းရာမှ စကားများရန်ဖြစ်ကာ လှထွန်းနှင့် အမွန်(ခ)မွန်တင်တို့အပြင် နောက်ထပ်ရောက်လာသူ စိန်လှ(၃၅ နှစ်)တို့က သေဆုံးသူအား ဝိုင်းဝန်းထိုးကြိတ်၍ ပုဆိန်နှင့်ခုတ်ကာ အလောင်းကို ဖျောက်ပစ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ပြီး ပြစ်မှုကျူးလွန်သူသုံးဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့၍ ပေါင်မြို့မရဲစခန်း၌ အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ပဲခူးတိုင်းဒေသကြီး)၏ နှစ်ပတ်လည် အစည်းအဝေးကို ပဲခူးမြို့ ရွှေသော့ အစည်းအဝေးခန်းမ၌ ဇူလိုင်လ နောက်ဆုံးပတ်က ကျင်းပရာ တိုင်းဒေသကြီး သတင်းစာဆရာအသင်း နာယက ဦးကျော်လှ (သမာဓိ) နှင့် အသင်းဝင်များ ဆွေးနွေးနေစဉ်
ဝင်းကျော်(တောင်ငူ)



# မော်တာစက်ချုပ်သင်တန်းဆင်း

**မြိတ် ဩဂုတ် ၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု ရာပြည့်ကျေးရွာ ဓမ္မာရုံ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်းပွဲကို ဩဂုတ် ၁ ရက်ကကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချို့က သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးနိုင်က သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းသူထူးချွန်ဆုချီးမြှင့်ခြင်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့် မြိတ်ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ကျော်ထွန်းတို့က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား အပ်ချုပ်စက်တစ်လုံးစီ ပေးအပ်ချီးမြှင့်ကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှူး ဦးအေးနိုင်က သင်တန်းသူ ၃၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**မြင့်ဦး(မြိတ်)**

# မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးသို့ ခြောက်လအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ငါးသောင်းခန့် ဝင်ရောက်

**မန္တလေး ဩဂုတ် ၃**



မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသများသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံတကာခရီးသွားများအနက် မဟာမုနိဘုရားကြီးသို့ ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာကာလအတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည် ၄၇၁၃၅ ဦး ဝင်ရောက်ခဲ့ကြောင်းအဆိုပါ ဘုရားကြီးဂေါပကအဖွဲ့၏ မှတ်တမ်းများအရ သိရသည်။

"ကျွန်တော်တို့က နိုင်ငံခြားသားတွေကိုလူဝင်ကြေးမယူပါဘူး။ ကင်မရာအတွက်တော့ ငွေကျပ် ၁၀၀၀ ကောက်ခံပါတယ်။ သူတို့တွေကမြန်မာ့ယဉ်ကျေးမှုကို လာရောက်လေ့လာတာပါ။ ကတ်တလောက်ထဲမှာပါတဲ့အတိုင်း ပြတိုက်ကြီးတွေကိုလေ့လာကြတယ်။ မဟာမုနိဘုရားကြီးပရိဝုဏ်အတွင်းမှာရှိတဲ့ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးနဲ့ ကြေးရုပ်ပြတိုက်၊ သမိုင်းပန်းချီပြတိုက်၊ စွယ်တော်ပြတိုက်၊ ကျောက်စာရုံပြတိုက်၊ ဗုဒ္ဓဝင်ပြတိုက်နဲ့ မဟာမုနိကျောင်းတော်ကြီးအောက်ရှိ ရွှေချထားတဲ့ပေါင်းကူးကွန်းထောက်တိုင်လုံးတွေ ရွှေရေးပန်းချီတို့ကို အဓိကထား လေ့လာကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြပါတယ်"ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးသို့ နိုင်ငံတကာခရီးသွားများဝင်ရောက်မှုအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ၈၀၁၆၈ဦး၊ ၂၀၁၅ ခုနှစ်တွင် ၁၂၁၄၂ ဦးနှင့် ၂၀၁၆ ခုနှစ်တွင် ၉၈၇၀၆ ဦးလာရောက် လေ့လာခဲ့ကြပြီး ပြည်တွင်းဘုရားဖူးများအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ၄၄၂၉၃၂ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၁၀၅၇၁၇၆၂ ဦးနှင့် ၂၀၁၆ ခုနှစ်တွင် ၂၇၃၅၈၀၃၆ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေ၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း(ရန်ကုန်)က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်သတင်းစာဆရာအသင်းဝင်များမှ ခရိုင်အလိုက် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေ ဆန်းစစ်လေ့လာခြင်းအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်က အရှေ့ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့သစ်အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌လည်းကောင်း၊ အနောက်ပိုင်းခရိုင် အလုံမြို့နယ်ခန်းမ၌လည်းကောင်း၊ မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ခန်းမဆောင်၌လည်းကောင်း ကျင်းပခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့ထုတ် ပြည်ထောင်စုလွှတ်တော်သတင်းမီဒီယာဥပဒေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၁၄ ခုနှစ် မေလ ၃ ရက်နေ့ထုတ်သတင်းမီဒီယာကျင့်ဝတ်၊ ၂၀၁၅ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ထုတ် သတင်းမီဒီယာနည်းဥပဒေများကို အခြေခံကာရည်ရွယ်ချက်၊ ရပိုင်ခွင့်၊ ကျင့်ဝတ်၊ လုပ်ငန်းတာဝန်၊ ပြစ်မှု၊ ပြစ်ဒဏ်၊ စည်းမျဉ်း၊ စည်းကမ်းအရေးယူခြင်း၊ ကန့်သတ်တားမြစ်သောအမိန့်ညွှန်ကြားလွှာများကို အခြေခံလျက် မျှတသောနည်းလမ်းဖြင့် လွတ်လပ်ပွင့်လင်းမြင်သာစွာ အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ ဆွေးနွေးပွဲတွင်ရရှိသည့် ရလဒ်များကို အသုံးချနိုင်သည်အထိ သက်ဆိုင်ရာသို့ အစီရင်ခံတင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်) ဒုတိယဥက္ကဋ္ဌ ဆွေးနွေးပွဲတာဝန်ခံ ဦးခင်မောင်မြင့်ထံမှ သိရသည်။

ယခုနှစ် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး၏ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၅ ရက်၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ကျောက်ဆည်မွေ့ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မိုးညိုမြို့နယ်၌ ရာသီတုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေး

**မိုးညို ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ဇူလိုင်လနောက်ဆုံးပတ်က ရာသီတုပ်ကွေးရောဂါ H1N1 မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ခြင်းနှင့် အသိပညာပေးခြင်းဟောပြောပွဲကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနား၌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ဦးကျော်က တက်ရောက်သူများအား အသိပညာဖြန့်ဝေပေးကြစေရန်နှင့် ကျန်းမာရေးနှင့် ပတ်သက်၍ တာဝန်ကိုယ်စီရှိကြောင်း ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်း ဆရာဝန်ဒေါက်တာ အေးမြင့်ဝေဖြိုးက H1N1 နှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်လင်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသူများကို ရာသီတုပ်ကွေး H1N1 ရောဂါ ဆိုင်ရာ သိကောင်းစရာ video click များအား Projector ဖြင့်ပြသခဲ့ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင်လ ၃၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈၊ ကော်လံ ၁ တွင် ပါရှိသော "ပေါင်းတည်မြို့ဘောလုံးကွင်းအုတ်တံတိုင်း ပြိုကျ" သတင်းတွင် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၆၀၀၀၀ အစား ၁၄၃၉၂၀၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်

**တင်ဝင်းဇော် (မြို့နယ်သတင်းထောက်)**


## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်တွေမြို့၊ မင်းဂံဝန်ထမ်း အကွက် (၁)နေ ဦးလှသိန်းမောင် ၁၁/စတန(နိုင်)၀၁၂၁၆၉၏သား မောင်ရန်နိုင်လင်းနှင့် မောင်ရန်နိုင်စိုး ၁၁/စတန(နိုင်)၀၈၅၅၆၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ရန်နိုင်လင်း(ခ)မောင်ရန်နိုင်စိုး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/5265 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/1610 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၅)ရပ်ကွက်၊ မဟာစေတီလမ်း၊ အကွက်အမှတ်(၇၀)၊ ပန်းတင်ကုန်းအကွက် ဦးပိုင်အမှတ်(၆၆-ခ)၊ ဧရိယာ ၀၁၁၁မ၀၅၅ ဧကရှိ မြေကို ဒေါ်ကျင်ထွေးအမည်ဖြင့် အမည်ပြောင်း (သက်တမ်းတိုး)မြေငှားဂရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာထည့်သည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**






## မွေးနေ့ဆုမွန်လွှာ

တစ်ဦးတည်းသော အချစ်ဆုံးသားလေး မောင်ဟိန်းဇေယျာထွန်း၏ ၄-၈-၂၀၁၇ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် ထူးချွန်ထက်မြက်လိမ္မာပြီး မိဘကျေးဇူးအထူး သိတတ်သော၊ ဘာသာ၊ သာသနာအကျိုး သယ်ပိုးထမ်းရွက်နိုင်သော သားကောင်းရတနာလေးဖြစ်ပါစေကြောင်း ချစ်ဆုံးဖေဖေနှင့် မေမေမှ ဆုမွန်ကောင်းတောင်းပေးပါတယ်။

**ချစ်ဆုံးဖေဖေနှင့်မေမေ**

**ဗိုလ်မှူးချုပ်ထွန်းထွန်း-ဒေါ်ပွင့်ပွင့်မျိုး**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ စံအိမ်သစ်ကိုယ် ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဇွန်ဇူးဝသုန်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆန်း(ခ)ဦးထွေးဝင်း ၉/စကတ(နိုင်)၀၃၆၆၄၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းဆန်း(ခ)ဦးထွေးဝင်း**

## ကချင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ ရှင်ဗွေယန်၊ ဆင်ဘို၊ ဆွမ်ပရာဘွမ်၊ ကန်ပိုက်တီ၊ အင်ဂျန်းယန်၊ ဆော့လော်၊ ဆဒုံး၊ ဒေ့ါဖုန်းယန်၊ ပူတာအို၊ မချမ်းဘော၊ နောင်မွန်းနှင့် ပန်နန်းဒင်မြို့များတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာ၊ တင်ဒါစည်းကမ်းများနှင့် မြို့နယ်အလိုက်ဆောင်ရွက်မည့် အသေးစိတ် လုပ်ငန်းများစာရင်းအား ၇-၈-၂၀၁၇ရက်တွင် ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး တင်ဒါအဆိုပြုလွှာများကို ၂၅-၈-၂၀၁၇ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်မည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ရုံးဖုန်းနံပါတ် ၀၇၄- ၂၆၀၆၂၊ ၀၇၄-၂၆၀၆၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ သိန်းနီလမ်း၊ ရပ်ကွက်(၈)နေဦးအောင်နိုင်ကြီး-ဒေါ်စန်းစန်းနွဲ့တို့၏ သမီး စောမာလာနိုင်သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သည့် မည့်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးအောင်နိုင်ကြီး ၁၃/လရန(နိုင်)၀၁၈၃၂၄**
**ဒေါ်စန်းစန်းနွဲ့ ၁၃/လရန(နိုင်)၀၁၈၂၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၄/စီ၊ မြေကွက်အမှတ် ၁၄၊ ဧရိယာ(သုည ဒသမ ၁၆၇)ဧက၊ မြေကွက်တည်နေရာအမှတ် ၅၃၄၊ သဒ္ဒါသုခလမ်း၊ သဃ်္ဃန်းကျွန်းကြီးမြောက်၊ မင်္ဂလာဒုံမြို့နယ်(မောင်ထွန်းလင်း)အမည်ပေါက် G' B' မြေအား မင်္ဂလာဒုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်၆၅/၁၆(၂၂-၉-၁၆)အရ တရားပြိုင် ဦးထွန်းလင်းအပေါ် ၃(က)လျှောက်ထား ပေးရန်တရားစွဲဆိုရာ တရားရုံးတော်မှ ဒေါ်ဝင်းဝင်းငွေအား အနိုင်ဒီကရီချမှတ်ပေးလိုက်ပြီး တရားမဇာရီမှု ၄၇/၁၆ (၅-၁၀-၁၆)၏ နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ ဒေါ်နုနုလှိုင်(ဘီလစ်) ၁၂/ဥကမ(နိုင်)၀၀၄၉၃၄မှ လယ်ယာမြေ ဥပဒေပုဒ်မ ၃(က) ဝန်ခံချက်လက်မှတ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၄/စီ၊ မြေကွက်အမှတ် ၂၃၊ ဧရိယာ(သုည ဒသမ ၆၁)ဧက၏ အစိတ်အပိုင်း မြေကွက်တည်နေရာအမှတ် ၅၃၄၊ သဒ္ဒါသုခလမ်း၊ သဃ်္ဃန်းကျွန်းကြီးမြောက်၊ မင်္ဂလာဒုံမြို့နယ်(ကိုအောင်ဒင်)အမည်ပေါက် G' B' မြေအား မင်္ဂလာဒုံမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၆၇/၂၀၁၆(၂၂-၉-၁၆)အရတရားပြိုင် ကိုအောင်ဒင်အပေါ် ၃(က)လျှောက်ထားပေးရန်တရားစွဲဆိုရာ တရားရုံးတော်မှ ဒေါ်ဝင်းဝင်းငွေအား အနိုင်ဒီကရီချမှတ် ပေးလိုက်ပြီး တရားမဇာရီမှု ၄၉/၁၆(၅-၁၀-၁၆)၏ နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ ဒေါ်နုနုလှိုင်(ဘီလစ်)၁၂/ဥကမ(နိုင်)၀၀၄၉၃၄မှ လယ်ယာမြေ ဥပဒေပုဒ်မ ၃(က) ဝန်ခံချက်လက်မှတ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်တရားရုံးတော်၌
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၄၂

ဦးတည်စိုး — တရားလို
ဦးပီတာပါ(၂) — နှင့် — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၀၈နေ ဦးပီတာ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးတည်စိုးက 'ဆိုင်ခန်းပိုင်ဆိုင်ကြောင်း၊ မြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ရလိုမှု' လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စား ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၇ခုနှစ်ဩဂုတ် ၁၀ရက် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည် ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ့်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်လိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်ကိုဋ္ဌေးလွင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ထန်းတပင်မြို့နယ်တရားရုံး**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | ပညာအရည်အချင်း/အသက်ကန့်သတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ-၂ (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ပုဂံဌာနခွဲ (၂)နေရာ | - M.E (Civil)/M.Arch B.E (Civil)/B.Arch ရရှိသူဖြစ်ရမည်။<br>- အသက်(၃၀)ထက်မကျော်လွန်ရ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်ရ။ |
| (ခ) | ဓာတ်ခွဲကျွမ်းကျင်-၂ (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ပုဂံဌာနခွဲ (၂)နေရာ | - M.Sc (Chemistry), B.Sc (Chemistry) အသက်(၃၀)ထက်မကျော်လွန်ရ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်ရ။ |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ-၃ (လစာနှုန်း၊ ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀) | အမျိုးသားပြတိုက် (ရန်ကုန်/နေပြည်တော်) ပုဂံဌာနခွဲ (၇)နေရာ | B.E (Civil)/B.Arch/B.Tech (Architecture/Civil) အသက်(၃၀)ထက်မကျော်လွန်ရ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်ရ။ |
| (ဃ) | ကျွမ်းကျင်-၃ (ဓာတု) (လစာနှုန်း၊ ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀) | ပုဂံဌာနခွဲ (၂)နေရာ | - B.Sc (Chemistry) အသက်(၃၀)ထက်မကျော်လွန်ရ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်ရ။ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
- (က) ကိုယ်ရေးမှတ်တမ်း
- (ခ) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ
- (ဂ) ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ (တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ)
- (ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (င) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
- (စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်မူရင်း
- (ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
- (ဇ) သက်ဆိုင်ရာနယ်မြေ၊ ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (ဈ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းမူရင်း။

၃။ လျှောက်ထားသူများသည် ၂၅-၈-၂၀၁၇ ရက် (သောကြာနေ့) ၀၉:၀၀ နာရီအချိန်၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၂၃-၈-၂၀၁၇ ရက်မှစ၍ ရှေးဟောင်းသုသေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။ လူတွေ့ဖြေဆိုမည့်ရက်ကို ဆက်လက်အကြောင်းကြားပါမည်။

၄။ လျှောက်လွှာများကို ၂၁-၈-၂၀၁၇ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရပါမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့သော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးစိစစ်ရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အခြားအောင်လက်မှတ်များကို မူရင်းတင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၀၆၇-၄၀၈၄၁၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ရွှေကူတဲစု၊ အထက(ခွဲ) အဋ္ဌမတန်းမှ မောင်ဖွဲ့မာန်ပြည့်နှင့် ဒုတိယတန်းမှ မရွှေအဆင်းပြည့်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်း ၅/ဘတလ(နိုင်)၀၇၆၅၂၉ ဖြစ်ပါကြောင်း။ **ဦးကျော်ထွန်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ရွှေကူတဲစု၊ အထက(ခွဲ) ဆဋ္ဌမတန်းမှ မောင်ပြည့်ဖြိုးဝေနှင့် ပထမတန်းမှ မောင်ရွှေဖြိုးဝေတို့၏ ဖခင်အမည်မှန်မှာ ဦးမော်ဝင်း ၅/ခဥန(နိုင်)၀၆၆၇၄၃ ဖြစ်ပါကြောင်း။

**ဦးမော်ဝင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/5714 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)မှ (၁)လအတွင်းထွက်ရှိသော ယူရီးယားဓာတ်မြေသြဇာ ၅၀၀၀ တန် (တန်ငါးထောင်)ခန့်အား (၁)လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၈-၂၀၁၇ ရက်မှ ၄-၉-၂၀၁၇ ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန်** - ၄-၉-၂၀၁၇ရက် (တနင်္လာနေ့)၊ ၁၂:၀၀ နာရီ

၅။ **နေရာ** - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၆။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၄-၉-၂၀၁၇ ရက်၊ ၁၄:၀၀ နာရီ

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၄၁၁၀၈၂၊ ၀၆၇-၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊နေပြည်တော်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/4960 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5A/9271 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(နေပြည်တော်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ဃ/၇၅၃၄၄ Kenbo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဘွယ်ကျုံးမန်း ၄/ဟခန(နိုင်) ၀၁၀၂၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၂)ထပ် တစ်လုံးနှင့် (၄)ခန်းတွဲ (၃)ထပ်တစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းကို မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ ကွင်းအမှတ်(၁၆၅၄)၊ မြင်းကင်းကွင်း၊ ဦးပိုင်အမှတ်(၄၆၊ ၄၅/၁၊ ၄၅/၂၊ ၄၄/၁)တွင် မြန်မာကျပ်ငွေနှင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး လွှတ်တော်ရုံး (၀၆၃-၂၅၀၂၅၊ ၀၆၃-၂၈၆၃၆၊ ၀၆၃-၂၈၆၃၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၇-၈-၂၀၁၇ ရက်
(ခ) **တင်ဒါပုံစံရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၂၁-၈-၂၀၁၇ ရက်
(ဂ) **တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၈-၈-၂၀၁၇ ရက်

**တင်ဒါကော်မတီ**
**မကွေးတိုင်းဒေသကြီးလွှတ်တော်**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့
## ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြို့ရေစီးရေလာကောင်းမွန်စေရေးအတွက် Main Drainage Master Plan တစ်ခုရေးဆွဲရန် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၄-၈-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီ
(ခ) **တင်ဒါလျှောက်လွှာ ပိတ်ရက်နှင့် အချိန်** - ၁၄-၈-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၁၆:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်လှစ်ရွေးချယ်မည့်ရက်/အချိန်** - ၁၅-၈-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီ (နည်းပညာအဆိုပြုလွှာတစ်ခုတည်းသာ)
(ဃ) **တင်ဒါလျှောက်လွှာရောင်းချမည့်/ဖွင့်လှစ်မည့်နေရာ** - ပထမလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဖျာပုံမြို့ (ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီရုံး)

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၅-၄၀၃၅၆၊ ၀၉-၇၇၄၈၇၇၈၄၊ ၀၉-၇၈၂၁၉၄၀၅၀၊ ၀၉-၂၅၀၁၂၁၁၀တို့သို့ (ရုံးချိန်အတွင်း) တိုက်ရိုက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**

# အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြို့ပြကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများတွင် လိုအပ်သည့် အရည်အသွေးပြည့်မီသော ကတ္တရာများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်ထံမှ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ကတ္တရာ (၈၀/၁၀၀)** ၁၂၅၃.၈၉၇ တန်
**Country of Origin** **Iran**
(ခ) **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** ၇-၈-၂၀၁၇ ရက်၊ (၀၉:၃၀)နာရီ
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** ၁၈-၈-၂၀၁၇ရက်၊ (၁၆:၀၀)နာရီ
(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** ၂၁-၈-၂၀၁၇ရက်၊ (၁၆:၀၀)နာရီ
(င) **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ တောင်ကြီးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၃၉၁၅ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လင်းခေးခရိုင်ရုံး ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၆၀×၃၀)ပေ RC၊ ကွန်ကရစ်ခင်း၊ သွပ်မိုး (ရေ၊ မီး၊ မိလ္လာအပါ) ဆောက်လုပ်ခြင်း
(ခ) မိုင်းကိုင်မြို့နယ်ရုံး (၄၀×၃၀)ပေ+(၂၀×၁၆)ပေ (L) ရှိတ်၊ RC၊ ကွန်ကရစ်ခင်း၊ သွပ်မိုး(ရေ၊ မီး၊ မိလ္လာအပါ) ပြုပြင်ဆောက်လုပ်ခြင်း
(ဂ) ကျေးသီးမြို့နယ်ရုံး (၄၀×၃၀)ပေ+(၂၀×၁၆)ပေ(L) ရှိတ်၊ RC၊ ကွန်ကရစ်ခင်း၊ သွပ်မိုး (ရေ၊ မီး၊ မိလ္လာအပါ) ပြုပြင်ဆောက်လုပ်ခြင်း
(ဃ) မိုင်းယန်းမြို့နယ်ရုံး (၄၀×၃၀)ပေ+(၂၀×၁၆)ပေ (L) ရှိတ်၊ RC၊ ကွန်ကရစ်ခင်း၊ သွပ်မိုး(ရေ၊ မီး၊ မိလ္လာအပါ) ပြုပြင်ဆောက်လုပ်ခြင်း
(င) သိန္နီဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ (၄၀×၃၀)ပေ RC၊ ကွန်ကရစ်ခင်း၊ သွပ်မိုး(ရေ၊ မီး၊ မိလ္လာအပါ)ဆောက်လုပ်ခြင်း

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၇-၈-၂၀၁၇ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါပိတ်ရက်မှာ ၇-၉-၂၀၁၇ရက် ၁၂:၀၀နာရီ ဖြစ်ပါသည်။ အသေးစိတ်အချက်လက်များကို ရုံးချိန်အတွင်း အောက်ပါအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရှမ်းပြည်နယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**ပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့**
**ဖုန်း-၀၈၁-၂၁၂၁၀၁၈၊ ၀၈၁-၂၀၆၄၄၅**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ်အတွင်း ဖြန့်ဖြူးမည့် အောက်ဖော်ပြပါ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအမည် | တန်ဖိုး |
|---|---|---|
| (က) | ဆိတ် (ဂျိတ်နီ/ထိန်စမ်း/ဝေသာလီမျိုး) | ကျပ်သိန်း (၁၅၀) |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁-၈-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၂၀၁၇ ခုနှစ် သြဂုတ် ၁၅ရက် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကယားပြည်နယ်ရုံး ဖုန်း-၀၈၃-၂၂၂၁၀၂၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**ကယားပြည်နယ်-လွိုင်ကော်မြို့**

## စက်မှုဝန်ကြီးဌာန
## စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်းများနှင့် နည်းပညာသုတေသနဌာန (သာဂရ)တို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|---|
| Lot-1 | အမှတ်(၁)စက်မှုသင်တန်းကျောင်း (ဆင်တဲ)၊ ပဲခူးတိုင်းဒေသကြီး | ၁ | HT Overhead Cable အစားထိုးတပ်ဆင်ခြင်း (12mm² ACSR ကြိုးဖြင့်အရှည် ၂ မိုင် 3 Phase အတွက် ၆ မိုင် သွယ်တန်းခြင်း)။ |
| | | ၂ | ပင်မရေပိုက်လိုင်း အသစ်လဲလှယ်ခြင်းနှင့် ပင်မရေမီတာတပ်ဆင်ခြင်း။ |
| Lot-2 | အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး | ၁ | လူ(၃၀)ဆံ့ သင်တန်းသားအိပ်ဆောင်ဆောက်လုပ်ခြင်း(၁၅၀'×၃၀')(ရေ/မီး၊ စားရိပ်သာအပါ)။ |
| | | ၂ | ကျောင်းဝင်းခြံစည်းရိုးကာရံခြင်း (၁၂၀၀')။ |
| | | ၃ | ကျောင်းဝင်ဂိတ်တံခါးမကြီးပြုလုပ်ခြင်း။ |
| | | ၄ | ဝန်ထမ်းအိမ်ရာမီးလိုင်းများပြုပြင်ခြင်း။ |
| Lot-3 | အမှတ်(၃)စက်မှုသင်တန်းကျောင်း (သာဂရ) နှင့် နည်းပညာသုတေသနဌာန (သာဂရ) ပဲခူးတိုင်းဒေသကြီး | ၁ | သင်တန်းကျောင်းမှ မေခဆောင်သို့ လျှပ်စစ်မီးသွယ်တန်းခြင်း။ |
| | | ၂ | ဝန်ထမ်းအိမ်ရာနှင့် သင်တန်းသားအဆောင်များတွင် မိုးကြိုးလွှဲတပ်ဆင်ခြင်း။ |
| | | ၃ | အဝီစိတွင်းတူးခြင်းနှင့်ဆက်စပ်လုပ်ငန်းများ |
| | | ၁ | ဆဋ္ဌဂံရုံးအကြီးစားပြုပြင်မွမ်းမံခြင်း။ |
| | | ၂ | ၆ ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး အကြီးစား ပြင်ဆင်မွမ်းမံခြင်း။ |
| | | ၃ | ဝန်ထမ်းအိမ်ရာမှ ဆဋ္ဌဂံရုံးသို့ ကျောက်ခင်းလမ်းခင်းခြင်း။ |
| | | ၄ | ဝန်ထမ်းအိမ်ရာများတွင် ဂါလန်(၄၀၀)ဆံ့ သစ်သားရေစင်ဆောက်လုပ်ခြင်း။ |
| | | ၅ | ဂါလန်(၂၀၀၀)ဆံ့ အုတ်ရေကန်(၁)လုံး ဆောက်လုပ်ခြင်း။ |
| Lot-4 | အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)၊ မကွေးတိုင်းဒေသကြီး | ၁ | အလုပ်ရုံများတွင် Fire Fighting System တပ်ဆင်ခြင်း အပိုင်း(၁)။ |
| | | ၂ | ၆ ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်း ရေ/မီးအပါ။ |
| | | ၃ | ၂ ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း ရေ/မီးအပါ။ |
| | | ၄ | သင်တန်းသား/သူအိပ်ဆောင်(၄)လုံးနှင့် စားချက်ဆောင် (၄)လုံး ပြုပြင်ခြင်း။ |
| Lot-5 | အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)၊ မကွေးတိုင်းဒေသကြီး | ၁ | ပင်မဆောင်အဆောက်အအုံများ၊ သင်ကြားရေးခန်းများ၊ ကျောင်းသားအိပ်ဆောင်နှင့် ဝန်ထမ်းအိပ်ဆောင်များ အကြီးစားပြုပြင်ခြင်း။ |
| | | ၂ | လူ(၃၀)ဆံ့ သင်တန်းသူအိပ်ဆောင်(၁)လုံး (၁၅၀'×၃၀')(ရေ/မီး)၊စားရိပ်သာအပါ။ |
| | | ၃ | ပင်မဆောင်များ၊ သင်ကြားရေးခန်းများ၊ ဝန်ထမ်းအိပ်ဆောင်နှင့် ကျောင်းသားဆောင်များသို့ သွယ်တန်းသော ရေပိုက်လိုင်းပြုပြင်ခြင်း။ |
| Lot-6 | အမှတ်(၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ)၊ (မန္တလေးတိုင်းဒေသကြီး) | ၁ | ၆ ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း၊ ရေ/မီး အပါ။ |
| | | ၂ | လူ(၃၀)ဆံ့ အိပ်ဆောင်(၁)လုံး ဆောက်လုပ်ခြင်း(၁၅၀'×၃၀')ရေ/မီး၊ စားရိပ်သာအပါ။ |
| | | ၃ | သင်တန်းကျောင်းမှ အဝီစိတွင်းရှိရာသို့ လျှပ်စစ်မီး 0.4 KVA အဖြောင့်တိုင်း သွယ်တန်းခြင်းလုပ်ငန်း။ |
| | | ၄ | အဝီစိတွင်းမှ သင်တန်းကျောင်းရှိရာသို့ ၄" ဖိစက်ဖြင့် PVC ပိုက်လိုင်းအသုံးပြု၍ ရေတွန်းပို့ခြင်း။ |
| | | ၅ | ၆" စက်ရေတွင်း(၂)တွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်း။ |

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၈-၂၀၁၇ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၉-၂၀၁၇ ရက် (၁၆:၀၀)နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးချုပ်ရုံးခန်း စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

**သင်တန်းကျောင်းများကြီးကြပ်ရေးဌာန**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၁**

Partnership with

UNIVERSITY OF WOLVERHAMPTON
KNOWLEDGE • INNOVATION • ENTERPRISE

# VICTORIA UNIVERSITY COLLEGE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –

- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါသင်တန်းများအတွက် အခြေခံပညာအထက်တန်းအောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ် ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

သင်တန်းတွင် စာတွေ့လက်တွေ့ (၃)နှစ်ခွဲ သင်ယူရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ဆရာမများနှင့် UOW မှ ဆရာများမှ ပူးတွဲ သင်ကြားပို့ချမည်ဖြစ်သည်။

HND အောင်မြင်ပြီးသူများ၊ အစိုးရ BTech အောင်မြင်ပြီးသူများနှင့် အခြား နိုင်ငံတကာ အသိအမှတ်ပြု Level 5 အဆင့် အောင်မြင်ပြီးသူများသည် UK ဘွဲ့ နောက်ဆုံးနှစ် သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

**သင်တန်းကာလပြီးဆုံးပါက အင်္ဂလန်နိုင်ငံ (သို့) ပြည်တွင်းတွင် ကျင်းပမည့် ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရယူရမည်။**

မိဘများ၏ မေတ္တာရပ်ခံချက်အရ September တန်းခွဲအသစ်ကို ထပ်မံဖွင့်လှစ်ရန် စတင်လက်ခံပေးနေပါပြီ။

အသေးစိတ်အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာဌာန

ရန်ကုန် – အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower) ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၈၂၇၁၀၈၄။
မန္တလေး –အမှတ် (၁၅၁)၊ ၂၈လမ်း (၇၇ ထ ၇၆) ၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။








**ဟောင်ကောင်နှစ်ထပ်တွဲ မြေညီထပ်+(ပ)ထပ်**
**စမ်းချောင်းလမ်း၊ စမ်းချောင်း**
**၁၅ပေ×၆၀ပေ၊ (၁၇၈၅)သိန်း**
**ဖုန်း-၀၉-၄၅၀၀၅၀၅၄၀၊ ၀၉-၅၁၅၂၆၃၆**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (D)မှ မမင်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဆန်းအေး ၅/ခဥတ(နိုင်)၀၀၆၀၂၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ မခင်ပြည့်စုံ ၅/မရန(နိုင်)၃၀၅၀၆၁ ၏မိခင် ဒေါ်တင်ရီနှင့်ဒေါ်ရီ ၅/မရန(နိုင်)၀၇၀၆၄၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (A) မှ မောင်ဖြိုးဟိန်းကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၅/ခဥတ(နိုင်)၀၉၄၇၀၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ အလက ရန်ကင်း အဋ္ဌမတန်းမှ မောင်ဝဏ္ဏကျော်နှင့် ပဥ္စမတန်းမှ မောင်အံ့ထူးမော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ရွှေ ၅/မရန(နိုင်)၁၈၉၈၂၄ ဖြစ်ပါကြောင်း။

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ် ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၈၇၈၅၇ Honda Wave 125, ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဟန် ၁၀/ပမန(နိုင်)၀၃၁၉၅၄ က (ကမ-၃) ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ+)**

## အေဝမ်းမိသားစု အနုပညာသရုပ်ဆောင်သင်တန်း ဖွင့်လှစ်

ဒါရိုက်တာ အေဝမ်းသိန်းထွဋ်၊ သမန်းကျားကိုမြင့် ဦးစီးသော အေဝမ်းဖလင်မိသားစု အနုပညာသင်တန်း၊ အပတ်စဉ်(၄)ထပ်မံဖွင့်မည်။ 'သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း' တို့ တက်ရောက်နိုင်သည်။ ၂၇-၈-၂၀၁၇ရက် နောက်ဆုံးထား၍ အေဝမ်းဖလင် အမှတ်(၁၄၈)၊ ရှစ်မိုင်ခွဲ၊ အေဝမ်းလမ်း၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်သည်။

**စုံစမ်းရန် ဖုန်း-၀၉-၂၅၀၂၇၁၅၁၅၊ ၀၉-၇၉၅၇၃၄၄၀၁၊ ၀၉-၄၅၅၀၄၆၈၈၈**


**ကလေးနာမည်ပေး ဆရာကြီး ရာဇာဝင်း (LL.B.)**
09 - 5152521, 09 - 253997740, 01 - 394727
01 - 399426, လူကြီးများလိုရာမေး , အိမ်အမြန်ရောင်းထွက်ဖို့
တိုက်(94)ဝထပ်၊ မွေ့လေးထမ်း၊ (ယယ်)ဓေဝံလာတောင်ညွှန့်၊ ရန်ကုန် (ပိတ်ရက်မရှိ)။


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မြို့သစ်မြို့ နယ်တရားမရုံး၌**
**၂၀၁၇ ခုနှစ် တရားမကြီးအမှုအမှတ်-၄၁**

| | | |
|---|---|---|
| ကိုလှဝေ(ဘ)ဦးကျော်သန်း | နှင့် | မမြင့်မြင့်ဌေး(ဘ)ဦးသောင်းရင် |
| **တရားလို** | | **တရားပြိုင်** |

မြင်သာရွာ၊ မြို့သစ်ရပ်နေ မမြင့်မြင့်ဌေး(ဘ)ဦးသောင်းရင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုလှဝေက တရားဝင် အကြောင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဩဂုတ် ၂၁ ရက် (၁၃၇၉ ခုနှစ် ဝါခေါင်လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇူလိုင် ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စည်သူအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မြို့သစ်မြို့နယ်တရားရုံး**
**မကွေးတိုင်းဒေသကြီး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရမည်းသင်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးအမှုအမှတ်-၉၀**

| | | |
|---|---|---|
| မအိဖြူ | နှင့် | ၁။ ဦးထွန်းထွန်းဦး<br>၂။ ဒေါ်မူမူမြင့်<br>၃။ ကိုဇင်လင်းဦး |
| **တရားလို** | | **တရားပြိုင်များ** |

ရမည်းသင်းမြို့နယ်၊ အင်းပေါင်အုပ်စု၊အင်းပေါင်(တောင်) ရွာနေသူ အမှတ် ၃ (တရားပြိုင်) ကိုဇင်လင်းဦး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို မအိဖြူက "လင်မယားအဖြစ်ပေါင်းသင်းရန်အတွက် ဟန်ဆောင်ထိမ်းမြားလက်ထပ်ပြီး လင့်ဝတ္တရားနှင့်အညီ ပေါင်းသင်းခြင်းမရှိဘဲ ညှဉ်းပန်းနှိပ်စက်ကာ စွန့်ပစ်ရန်ပြုလုပ်သဖြင့် နစ်နာကြေးအဖြစ် သိန်း(၅၀)ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ကို ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၁ ရက် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွပ်စွဲဆိုကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်သူ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရမည်းသင်းမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ (၁၀)ကွက်၊ စီ-လမ်း၊ အိမ်အမှတ် (၁၂၉)နေ ဦးလီရီချွန် ၁၃/တယန(နိုင်)၀၁၃၈၃၉မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ အကွက်အမှတ် (၁၀-တံတားဦးအနောက်ရပ်)၊ ဦးပိုင်အမှတ် (၆၁-ခ+၆၂)၊ မြေယာအမှတ် (91/355+90)၊ မြေဧရိယာ ဝဒသမ၁၀၃ဧကရှိ မြေယာအဆောက်အအုံကို မူလက မြို့မြေဂရန်အမှုတွဲအမှတ် (၁၇၄/၈၇-၈၈) အရ ဒေါ်စန်းမှ အမည်ပေါက်ခဲ့ပြီး ဒေါ်စန်းမှာ ကွယ်လွန်ခဲ့၍ သားဖြစ်သူ ဦးကျော်ငြိမ်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ် (၃၃/၂၀၁၇)အရ အမွေဆက်ခံပိုင်ဆိုင်လာပြီး ၎င်းထံမှ ကျွန်တော် ဦးလီရီချွန်က နေအိမ်ခြံမြေ အရောင်းအဝယ်စာချုပ်အမှတ် (၃၄/၂၀၁၇)အရ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်တော်အမည်ဖြင့် ဂရန်အမည်ပြောင်း/သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ပါသဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော် ငြာစာပါသည့်ရက်မှအစပြု၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဂရန်လျှောက်ထားသည့်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလီရီချွန် ၁၃/တယန(နိုင်)၀၁၃၈၃၉**
**အမှတ် (၁၂၉)၊ ၁၀-ကွက်၊ စီလမ်း၊ ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၆**

| | | |
|---|---|---|
| မဇင်ဝေဖြိုး | နှင့် | မောင်စောလတ်ခေ(ခ)ဖိုးခွားကြီး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ပဒေသာလမ်း၊ အမှတ်(၇၁)နေ တရားပြိုင် မောင်စောလတ်ခေ(ခ)ဖိုးခွားကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၈ ရက် (၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)ရပ်ကွက်၊ ရတနာပုံ(၁)လမ်းနှင့် ဈေးလမ်းထောင့်ရှိ (၄) ခန်းတွဲ (၄)ထပ်တိုက်အား ရွှေမိသားစု ဆောက်လုပ်ရေးလုပ်ငန်းမှ ပြီးစီးအောင် ဆောက်လုပ်နိုင်ခြင်းမရှိသဖြင့် လက်ရှိနေထိုင်သူအိမ်ရှင်များ ပါဝင်ဖွဲ့စည်းထားသော အိမ်ရာပြီးမြောက်ရေးကော်မတီမှ ကျန်ရှိနေသောလုပ်ငန်းများအား ပြီးစီးအောင် ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အောက်ပါဖုန်းနံပါတ်များနှင့် ကျွန်ုပ်ထံတွင် တိကျခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **အိမ်ရာပြီးမြောက်ရေးကော်မတီ** | **ဦးလှထွန်းရွှေ(LL.B)** |
| **ဖုန်း-၀၉-၇၃၀၁၇၇၁၄၊** | **(WIPO)Switzerland** |
| **-၀၉-၉၇၆၆၄၄၈၇၂** | **တရားလွှတ်တော်ရှေ့နေ-၄၈၀၆/၈၉** |
| | **အမှတ်(၃၀၇)၊ ဝါးရောင်လမ်း၊** |
| | **(၄၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၄၅၅၈၂၀၅၂၇၊ ၀၉-၇၈၇၂၈၆၄၅၆** |

## ဦးစိန်တင် အသက်(၇၇)နှစ်

**ဌာနခွဲစာရေးကြီး(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန**

လေးမျက်နှာမြို့နေ (ဦးမောင်မိုန်-ဒေါ်သိန်းမေ)တို့၏သား၊ မြင်းခြံမြို့နေ (ဦးစန်းရင်-ဒေါ်မြရီ)တို့၏သားသမက်၊ (ဦးမောင်မောင်)-ဒေါ်တင်ကြိုင်တို့၏ညီ၊ ဦးကျော်စိန်-ဒေါ်ခင်ကြည်တို့၏မောင်၊ ဦးလှတင့်-ဒေါ်ခင်မှီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၉လမ်းနေ (ဒေါ်ကျင်ဟန်)၊ ဒေါ်မြင့်မြင့် (အထက-၁၊ လသာ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာတင်မောင်နိုင်-ဒေါက်တာတင်အေးခိုင်၊ ဦးငွေခဲ(ဘုရင့်နောင်ပွဲရုံ)-ဒေါ်ခင်ငြိမ်းနိုင်၊ ဦးဇော်မင်းဦး(ကထိက-ငြိမ်း၊ ကွန်ပျူတာတက္ကသိုလ်၊ Chairman, MTG Group of Companies၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်)-ဒေါ်အိပ်ဟန်နီငွေး (MD of MTGDC Co.,Ltd.)၊ ဦးကျော်ဇေယျာထွန်း(IT တာဝန်ခံ၊ USDP မကွေး)-ဒေါ်တင်တင်ထွေး(MEB မကွေး)၊ ဦးတေဇာအောင်(MTG)တို့၏ဖခင်၊ မောင်တင်ထူးအောင်(ခေတ္တ-စင်ကာပူ)၊ မောင်ကောင်းစည်သူ(BE Civil)၊ မောင်ပြည့်ဖြိုးဇော်(BE Final)၊ မဝိုင်းပြည့်ပြည့်မော်(Grade-11, အထက-၁၊ မကွေး)၊ မောင်အောင်ပြည့်ဖြိုး(Grade-10, အထက-၁၊ ဒဂုံ)၊ မမေမိုးသန့် (Grade-7, YIS)၊မောင်ကောင်းခန့်ကျော်(Grade-6, အလက-၄၊ မကွေး)တို့၏အဘိုးသည် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ဗဟိုရိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးမြင့်

**ဒေးဒရဲမြို့**

**အသက်(၇၈)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကျော်ဆန်းဦး(ငြိမ်း)-ဒေါ်စံပယ်တို့၏ဖခင်ဖြစ်သူ ဦးစိုးမြင့် အသက်(၇၈)နှစ်သည် ၂၀-၇-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၈း၀၁နာရီတွင် ဒေးဒရဲမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးမူ

**နေပြည်တော်**

**အသက်(၅၉)နှစ်**

သူငယ်ချင်း ဦးဝင်းသိန်း၊ ညွှန်ကြားရေးမှူး၊ အမျိုးသားလွှတ်တော်ရုံး၏ဇနီးဖြစ်သူ ဒေါ်အေးအေးမူ အသက်(၅၉)နှစ်သည် ၃၁-၇-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ သူငယ်ချင်းမိသားစုများ**

## (၁)လပြည့်ဆွမ်းသွတ်တရားတော်နာ ဖိတ်ကြားလွှာ

စစ်ကွင်းမြို့၊ အမှတ် ၂၉၄၊ မိုးကုတ်ဝိပဿနာကျောင်းတိုက်၊ ဆရာတော်ဦးအရိယ၏ဒါယိကာမကြီး ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နေ(ဦးထွန်းရီ)-ဒေါ်ခင်စိန်တို့၏သမီး၊ နေပြည်တော်နေ ဦးနိုင်လင်း-ဒေါ်ခင်ချိုမာဦး(စွမ်းထက်စားသောက်ဆိုင်)၊ ဦးအောင်သန်းဝင်း(Only One Way Stell Structure Co., Ltd)-ဒေါ်ချိုချိုသန်း(ဥပဒေအကြံပေး)၊ ဦးသိန်းနိုင်ဦး-ဒေါ်စန်းနွယ်ဦး၊ ဒေါ်ရီရီသန့်(သမဝါယမဦးစီးဌာန)၊ ဒေါ်ငွေငွေခိုင်(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ဒေါ်လှနု အသက်(၆၄)နှစ်(A.B.M စိန်ပေါလ်ကျောင်း၊ ပြည်မြို့)အား ရည်စူး၍ ကောင်းရာသုဂတိလားစေခြင်းအကျိုးငှာ တစ်လပြည့်ဆွမ်း သွတ်တရားတော်နာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ၅-၈-၂၀၁၇ရက် (စနေနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခရွာ၊ အမှတ် ၁၂၀၊ ဒေါ်ငွေငွေခိုင်၏ နေအိမ်သို့ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

## ခရစ်တော်၌အိပ်ပျော်ခြင်း

## စောမီးဂေး

**အသက်(၅၀)**

တောင်ငူမြို့၊ မြို့ကြီးလမ်းနေ (ဗိုလ်ကြီးစောမီးဟူး)-နော်ဖောဂေတို့၏ချစ်လှစွာသောသား၊ နော်ဂျူးဖော-စောဖားတား၊ နော်ဖောမီး-စောအောင်ဒူး၊ စောဂေဟူး၊ နော်သွဲစေးဖော၊ စောဂေဂျူးတို့၏အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၂-၈-၂၀၁၇ရက် ည ၁၁း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၈-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် နေအိမ်၌ဝတ်ပြုဆုတောင်းပြီး တောင်ငူမြို့ ဖောခိသာရသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမျိုးညွန့် အသက်(၄၈)နှစ်

**B.E (Mechanical, 1991-96 Batch)**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဘိုတဲကျေးရွာနေ (ဦးနီတိုး-ဒေါ်လှရှင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်၊ စစ်တောင်းရိပ်မွန်၊ နှင်းဆီလမ်း၊ အမှတ် ၃၂/၁၀၂နေ ဒေါ်ခင်ခင်သန်း(DCFO-KMA Group OF Co.,Ltd)၏ ချစ်လှစွာသောခင်ပွန်း၊ UN-Habitat. Fiegld Monitoring Engineer: Pekon Tsp,Shan State (2016-17)UNDP-Programme Assistant Pillar1 Out Put1Local Good Governance(2015), UN-Habitat: Sectorial Specialist (WASH) Loikaw, Demoso Tsp,Kayah State(2014),Under UNDP(Field Coordinator) (2013);TS-Post Nargis Recovery Programme (2012) TS(Social Infra)PNR Programme(2010-11),Township Facilitaor & WASH Focal ERP and ICDP Programme (2005-2009),Kyait Latt Tsp,Delta Zone) တွင် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ပျော်ရွှင်စွာတာဝန်ထမ်းဆောင်ခဲ့သော ဦးမျိုးညွန့်သည် ၁-၈-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်၊ ကွမ်းခြံ ၆လမ်း၊ အမှတ် ၅/၂၀၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ ယက္ကန်းသည်မကျေးရွာ**

**ဝေပုလ္လတောင်ဆရာတော်ကြီး**

## ဘဒ္ဒန္တသာဂရ မဟာထေရ်

**သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၇၀)**

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း၏ အကိုးကွယ်ခံ ဝေပုလ္လတောင်ဆရာတော်ကြီး ဘဒ္ဒန္တသာဂရ မဟာထေရ်သည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ဝေပုလ္လတောင်ပေါ်ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါသည်။ (ဈာပနအစီအစဉ် ထပ်မံကြေညာပါမည်။)

အမှုဆောင်အဖွဲ့
တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း
သဘာဝခေါ်သံဖောင်ဒေးရှင်း

## ဦးစံရီ

**အသက်(၈၇)နှစ်**

မန္တလေးမြို့၊ အနိပ်တော်ရပ်၊ အကွက်အမှတ်(၄၈)နေ ဒေါ်ရှု၏ခင်ပွန်း၊ ဦးကျော်နိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်/ရေဦးစီးဌာန၊ လားရှိုးမြို့)-ဒေါ်ငြိမ်းငြိမ်းခိုင်၊ ဦးမောင်အေး-ဒေါ်လွဲ့လွဲ့ဝင်း၊ ဦးထူးအေး-ဒေါ်သက်သက်ဦး၊ ဦးဝင်းကျော်-ဒေါ်ငွေငွေ၊ ဦးသက်နိုင်ဦး-ဒေါ်တင်နုရီတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၇ရက် နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ငြိမ်းလွင် (ကျောင်းကုန်းမြို့)

**အသက်(၈၅)နှစ်**

ဇလွန်မြို့နေ (ရဲအုပ်ဦးသုခ-ဒေါ်အေမင်)တို့၏သမီး၊ မော်လမြိုင်ကျွန်းမြို့နေ (ဦးမောင်လှ-ဒေါ်စိန်)တို့၏သမီးချွေးမ၊ [ဗိုလ်ကြီးမင်းလွင် (ငြိမ်း)]၏ ဇနီး၊ ကျောင်းကုန်းမြို့နေ ဦးစိုးဝင်း-ဒေါ်ချိုချိုလွင်၊ ဦးငွေသိန်း-ဒေါ်မဋ္ဌုလွင်၊ ဦးမင်းသိန်း-ဒေါ်မို့မို့ခိုင်၊ ဦးညီညီလွင်-ဒေါ်ငွေငွေလွင်၊ ဗိုလ်ကြီးမျိုးမြင့်ထွေး(ငြိမ်း)-ဒေါ်ငွေငွေကြူ၊ ဦးဝင်းဇော်-ဒေါ်မူမူလွင်၊ ဦးအေးမင်း-ဒေါ်အေးအေးရှိန်၊ ဦးတင်ထွန်းအောင်-ဒေါ်အေးအေးခိုင်တို့၏ချစ်လှစွာသောမိခင်၊မြေး ၁၇ယောက်၊ မြစ် ၁၄ယောက်တို့၏အဘွားသည် ၂-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆နာရီတွင် ကျောက်ကုန်းမြို့နေအိမ်၌ကွယ်လွန်သွားပါ၍ ၄-၈-၂၀၁၇ရက် (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ကျောင်းကုန်းမြို့ ဂျီကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းဆွေ

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၃၃၊ ဌာနာလမ်းနေ ရဲမှူးကြီးဦးကျော်ခင်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးသိန်းမြင့်၊ ဒေါက်တာသန်းမြင့်၊ ဦးသန်းမြင့်အောင်တို့၏အစ်မ/ညီမ၊ ဦးကိုကိုလေး-ဒေါ်နန်းရတနာခင်(မန်နေဂျာ၊ သံတွဲ Air KBZ)၊ ဦးစိုင်းနန္ဒာကျော်ခင်၊ ဗိုလ်မှူးပြေငြိမ်းမောင်-ဗိုလ်ကြီးဆွေဇင်လတ်(အမှတ်-၂၊ တပ်မတော်ဆေးရုံကြီး၊ ခုတင်-၁၀၀၀၊ နေပြည်တော်)၊ ဦးဝင်းငွေ-ဒေါ်ကလျာခင်ကျော်တို့၏ချစ်လှစွာသောမိခင်၊ မောင်သန့်ထူးအောင်၊ မောင်သုတအောင်တို့၏ဘွားဘွားကြီးသည် ၂-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၇ရက် ညနေ ၃နာရီတွင် နေပြည်တော် စစ်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ကိုမျိုးမင်းထွန်း(ခ)မောင်မောင်

**B.Sc (I.C)**

**အသက်(၄၃)နှစ်**

ဦးဇော်ဝင်းဦး(MD-Bright Time Trading Co.,Ltd)-ဒေါ်စုစုရွှေ (Director-Bright Time Trading Co.,Ltd)၏ညီ/မောင် ကိုမျိုးမင်းထွန်း(ခ)မောင်မောင်သည် ၃၁-၇-၂၀၁၇ရက်တွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းအောင်-ဒေါ်ဝေဝေတင်**

**Bright Time Trading Co.,Ltd (မိသားစု)**

**တပ်ကြပ်ကြီးကျော်သူရလှိုင်**

## (ခ)ကိုတူး (ငြိမ်း)

**ထ·လ·က(၁၂)**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်၊ (၁၇)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် ၃၁၁နေ (ဦးကျော်လှိုင်)-ဒေါ်တင်တင်လှိုင်တို့၏သား၊ (ဦးတင်မောင်-ဒေါ်စန်းစန်းတင်)တို့၏သားသမက်၊ ဒေါ်ဇင်နွယ်တင်၏ခင်ပွန်း၊ မောင်ကျော်ဇင်ထက်(YUFC)၊မယုသူဇင်ထက်(Mango Myanmar Group)တို့၏ ဖခင်သည် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၀း၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**တပ်ကြပ်ကြီးကျော်သူရလှိုင်**

## (ခ)ကိုတူး (ငြိမ်း)

**ထ·လ·က(၁၂)**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်၊ (၁၇)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် ၃၁၁နေ (ဦးကျော်လှိုင်)-ဒေါ်တင်တင်လှိုင်တို့၏သား၊ (ဦးညွန့်အေး)၊ (ဒေါ်တင်ဇာလှိုင်)၊ ဒေါ်ချိုနွယ်လှိုင်တို့၏မောင်၊ (ဦးရဲထွန်း) - ဒေါ်သီဂီလှိုင်၊ ဦးဇာနည်ထွန်း - ဒေါ်နွယ်နီလှိုင်တို့၏အစ်ကို၊ တူ၊ တူမ ခြောက်ယောက်တို့၏ဘကြီး/ဦးလေးသည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၁၀း၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅-၈-၂၀၁၇ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဇမ္ဗူအေးကိုးနဝင်းတောရ**

## ဆရာတော်ဘဒ္ဒန္တ သုမနသီရိ (ကျားတွင်းဆရာတော်)

**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ လက်ပံအရှေ့ရွာ ဇမ္ဗူအေးကိုးနဝင်းတောရကျောင်း၏ပဓာနနာယကကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တသုမနသီရိ (ကျားတွင်း ဆရာတော်ကြီး)သည် ၃၀-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ထိုင်းနိုင်ငံစံတော်ချိန် နံနက် ၉း၀၉နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁-၈-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကိုးနဝင်းကျောင်းတိုက်သို့ရောက်ရှိပြီး ၄-၈-၂၀၁၇ရက်(သောကြာနေ့)တွင် ကိုးနဝင်းဆရာတော်ကြီးသီတင်းသုံးတော်မူခဲ့သောကျောင်းပေါ်မှ နိဗ္ဗာန်ကျောင်းတိုက်သို့ ပင့်ဆောင်ပူဇော်မည်ဖြစ်ကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျားတွင်းဆရာတော်ကြီး၏
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ ဦးမောင်မောင်လွင်-
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ ဒေါ်သန်းသန်းဝင်း
အောင်သီတာထွန်း
အောင်သီတာသန်း
နန္ဒာကျော်စိုးဝင်း
ရေကြောင်းသယ်ယူပို့ဆောင်ရေးမိသားစု
မုံရွာမြို့

# အနိစ္စ

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးတိတ်ရှိန် (မြိတ်)

**အသင်းဝင်အမှတ်(၆၂၆)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ် ၂၂၊ လေးလွှာနေ ဒေါ်သန်းရီ(ခ)ဒေါ်ချုပ်၏ ခင်ပွန်းသည် ၃၀-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

## ဒေါ်ခင်သောင်းစိန်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလိုင်လမ်း၊ အမှတ် ၈၃နေ(ဦးဖိုးစောသခင်မကြီး ဒေါ်ဒေါ်စု)၊ (ဦးဖိုးညွန့်-ဒေါ်လှ)တို့၏မြေး၊ (ဦးဖေတင်-ဒေါ်တင်ရွှေ)တို့၏သမီး၊ ဦးအဲမင်-ဒေါ်ကျင်မြ (သီတာမြ အထည်ဆိုင်)တို့၏သမီးချွေးမ၊ဒေါ်နီနီ၏ညီမ၊(ဒေါ်တင်တင်လှ)၊ ဒေါ်မြမြတင်တို့၏အစ်မ၊ ဦးခိုင်မြတ်-ဒေါ်နှင်းနှင်းဝေတို့၏မိခင်၊ မောင်စိုင်းသုခအောင်၊ မောင်စိုင်းဝေယံအောင်တို့၏ဘွားဘွားကြီး၊ ဦးစောထွန်း၏ဇနီးသည် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၇နေ [ဦးလှမြင့်-ဒေါ်မြနှစ်(ခ)ဆရာမကြီး ဒေါ်ပြည့်စုံ]တို့၏သား၊ (ဦးတင်မြင့်-ဒေါ်တင်လင်း)တို့၏ သားသမက်၊ ဒေါ်ဝါဝါမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒီမိုအောင် - ဒေါ်တင်သူဇာတို့၏ဖခင်၊ ဦးအောင်-(ဒေါ်သန်းသန်းဝေ)၊ ဦးကျော်ဦး - (ဒေါ်အေးအေးမြင့်)တို့၏ မောင်၊ ဦးကျော်ဇေ-ဒေါ်နိုင်နိုင်မြင့်(မေတန်ရူးဆောက်လုပ်ရေး)၊ ဦးအောင်ကြယ်မိုး၊ ဦးသန်းဇော်တို့၏အစ်ကို၊ မောင်စည်သူအောင်၊ မောင်မျိုးဝေအောင်၊ မောင်ဖြိုးဝေအောင်၊ မောင်ပြည့်ဖြိုးအောင်၊ မအိမေကျော်ဦး၊ မအေးချမ်းမေ၊ မဆုဝေအောင်တို့၏ဦးလေး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၇ ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးသောင်း (ဝမ်းဘဲအင်း)

**အသက်(၉၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့နေ ဒေါ်ညိန်းရင်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမြင့်(ပြန်/ဆက်၊ ငြိမ်း)-ဒေါ်နှင်းကြည်၊ ဦးထင်အောင်(ဆည်မြောင်း၊ ငြိမ်း)-ဒေါ်လှမြင့်(စက်မှု-၂၊ ငြိမ်း)၊ ဘုရားကြီးမြို့နေ ဦးတင်ထွန်း-ဒေါ်စိန်ချစ်တို့၏ဖခင်၊ မြေး ခြောက်ယောက်၊ မြစ် ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ ဘုရင့်နောင်လမ်း၊ အမှတ်(ခ/၂၆) ဦးတင်အောင်-ဒေါ်လှမြင့်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးအေးမောင် (ငြိမ်း)

**(ကြည်း-၈၀၉၄)**

**ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန(ငြိမ်း)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ ဦးအောင်ကိန်းလမ်းသွယ်၊ အမှတ် ၉၁၊ L2(A)နေ (ဦးလွန်းဘော်-ဒေါ်တင်စု)တို့၏သား၊ (ဦးမောင်သန်း-ဒေါ်သောင်းမွေ)တို့၏သားသမက်၊ (ဦးပေါ်သိန်း၊ ဒုဝန်ကြီး၊ပြည်ထဲရေး-ဒေါ်လှကြည်)တို့၏မောင်၊ ဒေါ်ရင်ငွေ၏ခင်ပွန်း၊ ကပ္ပတိန်ဦးခင်မောင်သန်း-ဒေါ်ခင်စန်းဝင်း၊ ဦးမျိုးသန့်-ဒေါ်ဖုန်းပပမြင့်၊ ဦးသိန်းထိုက်အေး(M.D Awards Group of Companies)-ဒေါ်ဥမ္မာမော်တို့၏ဖခင်၊ မခိုင်ခိုင်ဝေ၊ မောင်ဝင်းထက်ကျော်၊ မချိုသာသန့်ဇင်တို့၏အဘိုးသည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မောင်အောင်ဖြိုးဝင်း(ကိုဖြိုး)

**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် ၉၈နေ(ဦးဘသိန်း-ဒေါ်မြသန်း)၊ (ဦးခင်စီ - ဒေါ်ထွေးကြည်)တို့၏မြေး၊ (ဦးတင်ဝင်း)၊ ဦးသင်းမောင်- ဒေါ်ခင်သန်းငွေ(စိုက်ပျိုးရေး၊ ငြိမ်း)တို့၏သား၊ ကိုထွန်းထွန်းဝင်း-မသီတာဦး (နေပြည်တော်)၊ ကိုဇော်ဦး-မလွဲ့လွဲ့ဝင်းတို့၏ညီ/မောင်၊ (ဦးငွေဝင်း)-ဒေါ်နီနီသန်း၊ ဒေါ်အေးတိုးမြင့် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အကြံပေး၊ SMIDB Bank)၊ (ဦးအောင်ငွေ)၊ (ဦးနေစိုး)-ဒေါ်ငွေငွေကြည် (ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ရုံးချုပ်၊နေပြည်တော်)၊ ဦးမြင့်မောင်(ဆေးဘက်၊ ရန်ကုန်)-ဒေါ်စောစောမူတို့၏တူ/သား၊ တူ/တူမ သုံးယောက်တို့၏ဦးလေး၊ မလှိုင်လှိုင်အေး၏ချစ်လှစွာသောခင်ပွန်း၊ (မသွန်းရတီ)၏ဖခင်သည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၃း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၈-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အိအိမင်းကျော်

**(အိသီရိဇော်)**

**Dip in Japanese (JAPAN)**

**ပျဉ်းမနားမြို့၊ OSAKA**

**အသက်(၃၄)နှစ်**

ရုံပိုင်ချုပ်ကြီး (ဦးသာလှ-ဒေါ်နန်းစပွာယ်ရုံ)တို့၏မြစ်၊ ဆရာဝန်ကြီး [ဦးသန်းကျော် (ရန်ကုန်ပြည်သူ့ဆေးရုံ၊ ဒု-ဆေးရုံအုပ်ကြီး၊ ပျဉ်းမနားသံဃာ့ဆေးရုံ၏လူနာဒါန်းသူဖခင်ကြီး)-ဒေါ်ခင်ကြည် (ဘာသာပေါင်းစုံ၏ အလှူရှင်မယ်တော်ကြီး)]တို့၏မြေး၊ (ဒေါက်တာဦးဇော်ဝင်းကျော်၊ ပျဉ်းမနား သံဃာ့ဆေးရုံ)၊ (ဦးဇော်လင်းကျော်၊ တရားလွှတ်တော်ရှေ့နေ)တို့၏တူမ၊ ဒေါ်သင်းသင်းဂျော် (တရားလွှတ်တော်ရှေ့နေ)-MR.MIYAHARA TAKUYA(ခေတ္တမြန်မာနိုင်ငံ)တို့၏ အမွေစား အမွေခံသမီး၊ ဦးဇော်မင်းကျော်(ကုန်သည်)-ဒေါ်ခင်စုတို့၏သမီး၊ လွဲ့လွဲ့မင်းကျော်(B.A Mya) Dip in Japanese(Japan) (MINAMI TOUR)၊ (မိမိမင်းကျော်)၊ နှင်းနုမင်းကျော်(M.E Mechanical 1st Year) ဆောက်လုပ်ရေး Engineer၊ စိုင်းကြည်မင်းကျော် (ဆောက်လုပ်ရေး)၊ မောင်ပြည်သန်းကျော် (MICHAEL JAMES) တို့၏ အစ်မသည် ၂၇-၇-၂၀၁၇ရက်ည ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၇ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ လူအို၊ လူနာ၊ မိဘမဲ့၊ မရှိနွမ်းပါးသူများကို လှူဒါန်းနေပါကြောင်း။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ကျောက်မျက်ရတနာနေ့ အခမ်းအနား တက်ရောက်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၃

**ပထမအကြိမ် မြန်မာ့ကျောက်မျက်ရတနာနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ မျက်နှာစာ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာနေ့ အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသူရထွန်းနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရုံးမူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာ့ကျောက်မျက်ရတနာနေ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာနေ့ အခမ်းအနားကို မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ဆက်လက်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ဂုဏ်ပြုသဝဏ်လွှာဖတ်ကြား

ထို့နောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရုံးမူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းချုပ်အတွင်းရေးမှူး ဦးခင်ဇော်က မြန်မာ့ကျောက်မျက်ရတနာနေ့ ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ က ဂုဏ်ပြုခံပုဂ္ဂိုလ်များကို ဂုဏ်ပြုလွှာများပေးအပ်ပြီး နိုင်ငံတော်သို့ တန်ချိန် သုံးထောင်ကျော် ကျောက်စိမ်းတုံး လှူဒါန်းခဲ့သည့် Ruby Dragon & Gems ကုမ္ပဏီ၊ ဥရုရတနာကျောက်စိမ်းတောင်တံတား ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီနှင့် နိုင်ငံတော်သို့ အလေးချိန် ၉၉ ဒသမ ၃၀ ကီလို ရှိသည့် ပယင်းတုံးကို လှူဒါန်းခဲ့သည့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီတို့ကို ထပ်ဆင့်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ကျောက်မျက်ရတနာနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)



မြန်မာ ယူ-၂၂ အသင်း နောက်ဆုံးခြေစမ်းပွဲအဖြစ် **Ryutsu** အသင်းနှင့် ယှဉ်ပြိုင်နေစဉ်

## မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမား ၂၃ ဦးဖြင့် ဆက်လက်လေ့ကျင့်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဩဂုတ် ၃**

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၃ ဦးဖြင့် ဆက်လက်လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၂၂ အသင်းသည် ပဏာမကစားသမား ၂၆ ဦးမှ သုံးဦး လျှော့ချခဲ့ခြင်းဖြစ်ပြီး အပြီးသတ်လူစာရင်းကို ဩဂုတ်လ ဒုတိယပတ်တွင် ထပ်မံကြေညာမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အစာအိမ်ရောဂါရှိနေသည့် မျိုးကိုထွန်း အပါအဝင် တောင်ပံကစားသမား ရန်ပိုင်စိုး၊ ကွင်းလယ်ကစားသမား ဇေယျာနိုင်တို့ကို လျှော့ချခဲ့ခြင်းဖြစ်သည်။ မျိုးကိုထွန်း သည် အာရှ ယူ-၂၃ ခြေစစ်ပွဲတွင် ပါဝင်ကစားခဲ့သော်လည်း

*စာမျက်နှာ ၁၃ ကော်လံ ၅* ✪

## မြန်မာ့လက်ရွေးစင်အသင်း ကစားသမားသစ်များ အားဖြည့်

**သတင်း-ရဲရင့်ရှိုင်း**

**ရန်ကုန် ဩဂုတ် ၃**

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု တတိယပွဲဖြစ်သည့် ကာဂျစ္စတန်အသင်းနှင့် အဝေးကွင်းပွဲ ယှဉ်ပြိုင်ကစားရန် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ကစားသမားသစ်များ အားဖြည့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပွဲအတွက် ပဏာမကစားသမား ၁၉ ဦးဖြင့် ဇူလိုင် ၂၂ ရက်မှစ၍

*စာမျက်နှာ ၁၃ ကော်လံ ၁* ❍

